# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**



**ဝီရိယမလျှော့ဘဲ အားထုတ်**

ကုန္ဒြေ၌ ကောင်းစွာမစောင့်စည်းခြင်း၊ အစားအသောက်၌ အတိုင်းအရှည်မသိခြင်း၊ ပျင်းရိခြင်းတို့သည် ကိလေသာတရားကို တိုးပွားစေသဖြင့် ကုန္ဒြေကိုစောင့်လျက် အစားအသောက်၌ အတိုင်းအရှည်ကိုသိရှိပြီး ဝီရိယကိုမလျှော့ဘဲ အားထုတ်ရာ၏။

**ယမကဝဂ် (ဓမ္မပဒ - ၈)**



၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက် | ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၆)၊ အမှတ်(၁၃၂)


# ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (National Verification Card) စိစစ်ထုတ်ပေးရေးဦးဆောင်အဖွဲ့ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာ**

**အမှတ်၊ ၂၁/၂၀၁၇**

**၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်**

**(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)**

**ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (National Verification Card) စိစစ်ထုတ်ပေးရေးဦးဆောင်အဖွဲ့ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စိစစ်ဆောင်ရွက်ရန်လိုအပ်သည့်သူများအား ၁၉၉၅ ခုနှစ်က ထုတ်ပေးထားခဲ့သော ယာယီသက်သေခံလက်မှတ်(White Card)များ ၂၀၁၅ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် သက်တမ်းကုန်ဆုံးသောကြောင့် ယင်းနေ့မတိုင်မီ အဆိုပါယာယီသက်သေခံလက်မှတ်များကို ပြန်လည်အပ်နှံစေခဲ့ပါသည်။ ယင်းကတ်ပြန်လည်အပ်နှံထားသူများကိုယ်တိုင် မြို့နယ်အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနသို့ သွားရောက်ကာ သတ်မှတ်ပုံစံလျှောက်လွှာဖြင့် လက်မှတ်ရေးထိုး(သို့မဟုတ်)လက်ဗွေနှိပ်ပြီး **နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား** (National Verification Card)ရရှိရေး လျှောက်ထားရပါသည်။ ယင်းလျှောက်ထားမှုအပေါ် မြို့နယ်အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာနက မှန်/မမှန် တိုက်ဆိုင်စစ်ဆေးမှုများ ဆောင်ရွက်ပြီး မှန်ကန်ပါက နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား(National Verification Card)ထုတ်ပေးခြင်းကို မြို့နယ်အလိုက် စီမံဆောင်ရွက်လျက်ရှိပါသည်။

၂။ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီဖွဲ့စည်းဆောင်ရွက်ရာတွင် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (National Verification Card) ထုတ်ပေးခြင်းလုပ်ငန်းကို ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ထားပြီး တိုးတက်မှုများဖြစ်ပေါ်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ရခိုင်ပြည်နယ်အတွင်း နယ်မြေဒေသအခြေအနေအပါအဝင် အကန့်အသတ် အခက်အခဲများရှိနေခြင်း၊ လျှောက်ထားလိုသူကိုယ်တိုင် သက်ဆိုင်ရာမြို့နယ်ရုံးများသို့ သွားရောက်ဆောင်ရွက်ရခြင်း၊ မြို့နယ်အတွင်း သွားလာရာတွင်လည်း စစ်ဆေးမှုများရှိနေသောကြောင့် တစ်နေရာမှတစ်နေရာသို့ သွားလာမှုနည်းပါးနေခြင်း၊ အခြားသောဖိအားပေးမှုများရှိနေခြင်း စသည့်အကြောင်းများကြောင့် ယာယီသက်သေခံလက်မှတ် (White Card) ပြန်လည်အပ်နှံထားသူ ၃၉၇၄၉၇ ဦးအနက် ၁၆-၁-၂၀၁၇ ရက်နေ့အထိ


*စာမျက်နှာ ၃ ကော်လံ ၁* ✻


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## WHO ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် အဖြစ် ခန့်အပ်ခြင်းခံရသူ၏ ခန့်အပ်လွှာအား လက်ခံ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖြစ် အသစ်ခန့်အပ်ခြင်းခံရသူ Dr.Stephan Paul Jost သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက် တွေ့ဆုံပြီး ၎င်း၏ ဌာနေကိုယ်စားလှယ်ခန့်အပ်လွှာကို ပေးအပ်သည်။

ခန့်အပ်လွှာပေးအပ်စဉ် မြန်မာနိုင်ငံနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့အကြား ဆက်လက်ပူးပေါင်းလုပ်ဆောင်သွားလိုသည့် အစီအစဉ်များ၊ ပြည်သူများအတွက် ကောင်းမွန်သော ကျန်းမာရေးဝန်ဆောင်မှု၊ လူသုံးဆေးဝါးများ ဖြန့်ဖြူးရေး၊ အာဟာရ ပြည့်ဝရေးနှင့် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော စားနပ်ရိက္ခာများ ထုတ်လုပ်ဖြန့်ဖြူးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖြစ် အသစ်ခန့်အပ်ခြင်းခံရသူ Dr.Stephan Paul Jost က ၎င်း၏ ဌာနေကိုယ်စားလှယ်ခန့်အပ်လွှာကို ပေးအပ်စဉ်** (သတင်းစဉ်)


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ၂၀၁၇ ခုနှစ်၊ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

(၁) ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်ရေး၊

(၂) အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာအောင် တည်ဆောက်ရေး၊

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး၊

(၄) ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး၊




ငြိမ်းချမ်းချစ်ကြည်၊
တွဲလက်ညီ၊
ပြည်ထောင်စုသား
သွေးချင်းများ။
တန်းတူညီမျှ . . .
အခွင့်အရေးရ၊
ငြိမ်းချမ်းသာယာ . . .
ပြည်ထောင်စုမှာ ။

## စာမူရှင်များသို့ ပန်ကြားချက်

မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပါရှိခဲ့သော ဆောင်းပါး၊ သတင်း၊ ကာတွန်း၊ ကဗျာနှင့် ဓာတ်ပုံများအတွက် စာမူခချီးမြှင့်မှုများကို သတင်းစာတွင် ဖော်ပြပြီးနောက် ရက်သတ္တတစ်ပတ်အတွင်း ထုတ်ပေးလျက်ရှိပါသည်။

စာမူရှင်များနှင့် ဆက်သွယ်ရရှိမှုအလိုက် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ လာရောက်ထုတ်ယူမှုအပေါ်မူတည်၍ စာမူခများ ထုတ်ပေးလျက်ရှိသည့်အပြင် စာတိုက်မှပေးပို့သည့် နည်းလမ်းဖြင့်လည်း ဆောင်ရွက်လျက်ရှိပါသည်။ သို့သော်လည်း ပေးပို့သည့်စာမူများ၌ ဆက်သွယ်ရမည့် လိပ်စာများမပါရှိသဖြင့် စာမူခထုတ်ပေးရာတွင် ကြန့်ကြာမှုများရှိနေပြီး စာမူခပေးရန်ကျန်များ ဖြစ်ပေါ်လျက်ရှိပါသည်။

သို့ပါ၍ မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပါရှိခဲ့သော စာမူများအတွက် စာမူခချီးမြှင့်ငွေများကို မန်နေဂျာ၊ မြန်မာ့အလင်းသတင်းစာတိုက် ရန်ကုန် ဖုန်းနံပါတ် ၀၁-၅၄၄၃၁၄၊ စာတည်းမှူး (သတင်းထောက်ချုပ်) ဖုန်း-၀၁-၅၄၁၂၇၁ သို့ ဆက်သွယ်ထုတ်ယူဆောင်ရွက်နိုင်ပါရန်နှင့် နောင်တွင် စာမူများပေးပို့ရာ၌ ဆက်သွယ်ရမည့်လိပ်စာများ၊ ပေးပို့စေလိုသည့်နည်းလမ်းများတို့အား ဖော်ပြပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းမှူးချုပ်(မြန်မာ့အလင်းသတင်းစာတိုက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၈-၂-၂၀၁၇ ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ ရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၈၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၀ ကျပ် |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၅၆ · ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၅၅ · ၈ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၉ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄ · ၇ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ (သတင်းထောက်ချုပ်)
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



# တစ်ဆင့်ချင်း၊ တစ်လှမ်းချင်းသွားရမည့် အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်စဉ်

(၂၁) ရာစုပင်လုံကို ပထမအကြိမ်အဖြစ် ၂၀၁၆ ခုနှစ် ဩဂုတ်လကုန်က ကျင်းပခဲ့ရာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သတ်မှတ်ချက်အရ ခြောက်လပြည့်မြောက်ချိန်ဖြစ်သည့် ယခုနှစ်ဖေဖော်ဝါရီ ၂၈ ရက်တွင် ဒုတိယအကြိမ် (၂၁) ရာစုပင်လုံကို ကျင်းပမည်ဖြစ်သည်။ ပထမအကြိမ် ညီလာခံကျင်းပပြီးသည့်နောက်ပိုင်း ကချင်ပြည်နယ်နှင့် ရှမ်းမြောက် ဒေသတို့တွင် သေနတ်သံများပေါ်ထွက်ခဲ့သော်လည်း ငြိမ်းချမ်းရေး ဖြစ်စဉ်အတွက် ဆောင်ရွက်ရန်ခြေလှမ်းများကို မှန်မှန်ပြုလုပ်လာခဲ့ခြင်း ဖြစ်သည်။ NCA သဘောတူညီချက်အရ ညီလာခံများကြားကာလတွင် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပရန်ဖြစ်ရာ ယခုအချိန်အထိ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ကရင်ပြည်နယ်တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို တနင်္သာရီတိုင်းဒေသကြီးတွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ အကြောင်းအရာအလိုက် ဆွေးနွေးရန် ဖြစ်သော အရပ်ဘက်အဖွဲ့အစည်းများကလည်း နေပြည်တော်တွင်ကျင်းပနိုင်ရန် ကြိုးစားပြင်ဆင်လျက်ရှိသည်။

ဖေဖော်ဝါရီလ ၆ ရက်က ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးသို့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်မှ ၁၅ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ၁၂ ဦးနှင့် နိုင်ငံရေးပါတီများမှ ၁၆ ဦး တက်ရောက်ဆွေးနွေးခဲ့ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။ ယင်းမိန့်ခွန်းတွင် ငြိမ်းချမ်းရေးလိုချင်ခြင်းသည် နိုင်ငံသားများ၏ စိတ်လုံခြုံမှုအတွက်ဖြစ်ပြီး မတူကွဲပြားသည့်သဘောထားများအား ငြိမ်းချမ်းသည့်နည်းဖြင့် ဖြေရှင်းနိုင်ခြင်းအပေါ် ယုံကြည်ရန်လိုအပ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသွားသည်။ ၎င်းက နှစ် ၃၀ နီးပါး ဒီမိုကရေစီအတွက်လှုပ်ရှားခဲ့သည့် အချိန်များအတွင်း ဆွေးနွေးတိုင်ပင်ပြီး အချင်းချင်းအကြားမတူကွဲပြားသည့် ပြဿနာများအား ဖြေရှင်း နိုင်မည်ဆိုသည့် ယုံကြည်ချက်ဖြင့် ရပ်တည်ခဲ့ကြောင်းနှင့် ယင်းယုံကြည်ချက်အား တစ်ခါမျှမသွေဖည်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ဆက်လက်၍ အဖွဲ့ချုပ်အနေဖြင့် ဘယ်လိုပုံစံနည်းနှင့်မျှ အကြမ်းဖက်ပြီး လုပ်ဖို့ဆိုတာကို မစဉ်းစားခဲ့ကြောင်း၊ အင်အားကိုသုံးပြီးတော့တောင်မှ လုပ်ဖို့ မစဉ်းစားခဲ့ကြောင်း၊ မိမိတို့သုံးသောအင်အားမှာ စိတ်ဓာတ်အင်အားပင်ဖြစ်ကြောင်း၊ စိတ်ဓာတ်အင်အားနှင့် ပြည်သူလူထု၏ ထောက်ခံအင်အားကိုသာ အားကိုးခဲ့ကြောင်း ပြောကြားသွားသည်။

မတူကွဲပြားသည့် သဘောထားများဆိုသည်မှာ ပုံစံအမျိုးမျိုးဖြင့် နိုင်ငံတစ်ဝန်း၌ရှိကြောင်း၊ နိုင်ငံရေးအရ မတူကွဲပြားသည့် သဘောထားများ၊ တိုင်းရင်းသားရေးအရ မတူကွဲပြားသည့်သဘောထားများ၊ လူမှုရေးအရ မတူကွဲပြားသည့်သဘောထားများ အမျိုးမျိုးရှိနေကြောင်း၊ နိုင်ငံတစ်နိုင်ငံလုံး၌ ပြန်လည်သင့်မြတ်ရေးဆိုသည်မှာ မတူကွဲပြားသည့် သဘောထားများကို သင့်မြတ်စေဖို့ပင်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်ကို တွေ့ရပါသည်။

ယခု UPDJC အစည်းအဝေးနှင့်တစ်ပြိုင်နက်လိုပင် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)၏ နဝမအကြိမ်မြောက် အစည်းအဝေးကိုလည်း ရန်ကုန်မြို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ သုံးရက်ကြာကျင်းပလျက်ရှိသည်။ JMC-U အနေဖြင့် တစ်နှစ်တာကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) ငါးခုကိုဖွဲ့စည်းနိုင်ခဲ့ပြီး ၎င်းအဖွဲ့များက လူထုကြားထဲတွင် NCA နှင့်ပတ်သက်သည့် ရှင်းလင်းပွဲများ၊ JMC နှင့်ပတ်သက် သည့်ရှင်းလင်းမှုများပြုလုပ်ခဲ့သည်။ ထိုသို့ရှင်းလင်းမှုများကြောင့် NCA နှင့် JMC လုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာပြီး လုံခြုံရေးအရ အာမခံချက်ရရှိလာသည့်အတွက် ယုံကြည်မှုများ ပိုများလာကြောင်း သိရသည်။

ဤသို့ညီလာခံနှစ်ခုကြား တစ်ဆင့်ချင်း၊ တစ်လှမ်းချင်းပြင်ဆင်မှုများက ဒုတိယအကြိမ် (၂၁) ရာစုပင်လုံကျင်းပရာတွင် အထောက်အကူပြုမည်ဖြစ်ပါသည်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲရလဒ်များက (၂၁) ရာစုပင်လုံတွင် အနာဂတ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် အချို့သောအရေးပါသည့်ဆုံးဖြတ်ချက်များ ချမှတ်နိုင်လိမ့်မည်ဟု ယူဆရပါသည်။ တဖြည်းဖြည်း အားလုံးပါဝင်လာနိုင်သော အချိန်တွင် ပိုမိုပြည့်စုံသော သဘောတူညီချက်ရလဒ်များဖြင့် ပြည်ထောင်စုသားအားလုံး မျှော်မှန်းနေသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း တင်ပြရပါသည်။ ။

✻ ရှေ့စုံးမှ

၆၂၀၂ဦးကိုသာ နိုင်ငံသားစိစစ်ခံရမည့်သူ၏သက်သေခံကတ်ပြား (National Verification Card) ထုတ်ပေးနိုင်သည့် အခြေအနေရှိကြောင်းတွေ့ရှိရပါသည်။ နယ်မြေဒေသအခြေအနေအရ အကြမ်းဖက်တိုက်ခိုက်ခံရမှု ဖြစ်ပွားပြီးနောက် တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ပူးပေါင်းအဖွဲ့များ စစ်ဆင်ရေးအသွင် ဆောင်ရွက်နေချိန် လက်ရှိကာလတွင် NVC စိစစ်ထုတ်ပေးရေးလုပ်ငန်းများကို ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရပူးပေါင်းကာ အလေးထားဆောင်ရွက်ရန်လိုအပ်လျက်ရှိကြောင်းလည်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်၍ ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (National Verification Card)စိစစ်ထုတ်ပေးခြင်းလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် လျင်မြန်ပြီးမြောက်အောင်မြင်စွာထုတ်ပေးနိုင်ရေး နယ်လှည့်ကွင်းဆင်း၍ဆောင်ရွက်နိုင်ရန်အတွက် **"ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (National Verification Card) စိစစ်ထုတ်ပေးရေးဦးဆောင်အဖွဲ့"** ကိုအောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား
ဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဂ) ဒုတိယဝန်ကြီး
ကာကွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဃ) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး
ရခိုင်ပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ဝင်

(င) ညွှန်ကြားရေးမှူးချုပ်တစ်ဦး
နိုင်ငံခြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(စ) ဒုတိယဝန်ကြီး
နယ်စပ်ရေးရာဝန်ကြီးဌာန — အတွင်းရေးမှူး

(ဆ) ညွှန်ကြားရေးမှူးချုပ်
အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား
ဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး

၄။ ဦးဆောင်အဖွဲ့သည် နယ်လှည့်ကွင်းဆင်း၍ ဆောင်ရွက်သည့်လုပ်ငန်းများ အောင်မြင်ရေးအတွက် အခြားလိုအပ်သည့် လုပ်ငန်းအဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မြန်မာနိုင်ငံဆိုင်ရာ မက္ကဆီကိုပြည်ထောင်စုနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာ နေသန် ဝုဖ် လပ်စ်ဘာဒါအားခန့်အပ်ရန် သဘောတူညီပြီးဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မက္ကဆီကိုပြည်ထောင်စုနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာ နေသန် ဝုဖ် လပ်စ်ဘာဒါအား ခန့်အပ်ရန် မက္ကဆီကိုပြည်ထောင်စုနိုင်ငံအစိုးရမှ အဆိုပြုလာခြင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ နေသန် ဝုဖ် လပ်စ်ဘာဒါသည် အမေရိကန်တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဖြင့် ဘွဲ့လွန်တန်းတက်ရောက်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ရာထူးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၁၉၉၂ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ မက္ကဆီကိုနိုင်ငံခြားရေးဝန်ကြီးဌာန၊ စီးပွားရေးရာဌာန၏ ပူးပေါင်းဆောင်ရွက်မှုတာဝန်ခံအရာရှိအဖြစ်လည်းကောင်း၊ ၁၉၉၄ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ဥရုဂွေးနိုင်ငံ မွန်တီဗီဒီယိုမြို့နှင့် ၁၉၉၈ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိအမေရိကန်ပြည်ထောင်စုဝါရှင်တန်မြို့တို့တွင် လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ မက္ကဆီကို နိုင်ငံခြားရေးဝန်ကြီး၏ ဒုတိယဌာနအကြီးအကဲအဖြစ် လည်းကောင်း၊ ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ မက္ကဆီကိုသမ္မတ၏ သံတမန်ရေးရာအကြံပေးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာ နေသန် ဝုဖ် လပ်စ်ဘာဒါသည် စပိန်ဘာသာစကား၊ အင်္ဂလိပ်ဘာသာစကား၊ ဟီဘရူးဘာသာစကား၊ ပြင်သစ် ဘာသာစကားနှင့် ပေါ်တူဂီဘာသာစကားတို့ကို တတ်ကျွမ်းသည်။

မစ္စတာ နေသန် ဝုဖ် လပ်စ်ဘာဒါသည် စင်ကာပူအခြေစိုက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ မက္ကဆီကိုသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# အင်းလေးကန်ဒေသအတွင်း အရေးကြီးနေရာသတ်မှတ်၍ ဦးစားပေးထိန်းသိမ်းရန် ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် နော်ဝေနိုင်ငံ Department for Climate, Energy and Environment, Norwegian Agency for Development Cooperation မှ Senior Advisor , Ms. Helle Biseth နှင့် UNDP Bangkok မှ Regional Coordinator ဖြစ်သူ Mr. Timothy Boyle တို့အား ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် နော်ဝေနိုင်ငံအထောက်အပံ့နှင့်ဆောင်ရွက်ခဲ့သည့် အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစီမံကိန်းရလဒ်များ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ အင်းလေးကန်အတွင်း စီးဝင်သည့် ချောင်းများနှင့် ယင်းတို့၏ ရေဝေရေလဲဒေသ ထိန်းသိမ်းရေးလုပ်ငန်းများ၊ အင်းလေးကန်ဒေသအတွင်း အရေးကြီးနေရာ သတ်မှတ်၍ ဦးစားပေးထိန်းသိမ်းရန် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ နဝမအကြိမ်အစည်းအဝေး ဆက်လက်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ နဝမအကြိမ် တတိယနေ့ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံး၌ ဆက်လက်ကျင်းပသည်။

"ဒီနေ့ကတော့ လုပ်ထုံးလုပ်နည်း (SOP)တွေကို ဆွေးနွေးဖြစ်ပါတယ်၊ JMC ရဲ့လုပ်ငန်းလမ်းညွှန် (TOR) မှာ အရပ်သားစောင့်ကြည့်ရေးကိစ္စရပ်တွေအပြင် လုံခြုံရေး ဘယ်လိုလုပ်မလဲဆိုတဲ့ကိစ္စတွေကို ဆွေးနွေးတယ်၊ ပြီးတော့ ကျွန်တော်တို့ ရေးဆွဲခဲ့တဲ့လုပ်ငန်းလမ်းညွှန်နဲ့ပတ်သက်ပြီး ရှေ့မှာ CSO တွေရဲ့ အခန်းကဏ္ဍက ဘယ်လိုရှိမလဲဆိုတဲ့ ကိစ္စရပ်တွေကို ဆွေးနွေးဖြစ်ခဲ့ပါတယ်၊ ကျန်တာတွေကိုတော့ မနက်ဖြန်မှာ ထပ်ပြီးဆွေးနွေးသွားမှာဖြစ်ပါတယ်"ဟု JMC အလုပ်အမှုဆောင် ညွှန်ကြားရေးမှူး ဒေါက်တာမင်းဇော်ဦး က ယနေ့ ဆွေးနွေးမှုနှင့်ပတ်သက်၍ မီဒီယာများအား ပြောကြားသည်။

ဆက်လက်၍ "JMC ရဲ့သဘောသဘာဝက ပဋိပက္ခဖြစ်တဲ့သူတွေ ကိုယ်တိုင်ပါပြီးတော့လုပ်တဲ့ဟာဆိုတော့ အလုပ်လုပ်တဲ့အခါမှာ ဘက်လိုက်မှုနည်းနိုင်သမျှ နည်းအောင်ဆိုလို့ရှိရင်အလုပ်မလုပ်ခင်အချိန်ကတည်းက အလုပ်လုပ်ရင် ဘယ်လိုလုပ်မလဲဆိုတဲ့ လုပ်ထုံးလုပ်နည်းတွေကို အရင်ရေးဆွဲရပါတယ်။ ဥပမာ တိုက်ပွဲဖြစ်ရင် ဘယ်လိုလုပ်မလဲ၊ စိစစ်အတည်ပြုရေးလုပ်ရင် ဘယ်လိုလုပ်မလဲ ဒါတွေကို အရင်ရေးဆွဲရပါတယ်၊ အဓိက ကတော့ တိုက်ပွဲဖြစ်ရင် ဘက်လိုက်မှုတွေ နည်းနိုင်သမျှ နည်းအောင် လုပ်ထုံးလုပ်နည်းတွေကို အခြေခံပြီးတော့ လုပ်တဲ့နည်းစနစ်ကို သုံးတာဖြစ်တဲ့အတွက်ကြောင့် လုပ်ထုံးလုပ်နည်းပေါင်း ၄၅ ခုလောက်ရေးရပါမယ်။ အခုတော့ ၁၀ ခု ကို အတည်ပြုပြီးဖြစ်ပါတယ်။ ကျန်တာတွေကို အတည်ပြုနိုင်အောင် ဆက်လက်ပြီးတော့ ကြိုးစားဆဲပဲဖြစ်ပါတယ်"ဟု ပြောသည်။



JMC-U ၏ နဝမအကြိမ်အစည်းအဝေးကို ဖေဖော်ဝါရီ ၆ ရက်က စတင်ကာ ကျင်းပလျက်ရှိပြီး အစည်းအဝေး ပထမနေ့တွင် နှစ်ဖက်တပ်များနှင့် ဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်း (SOP) နှင့် JMC အတွက် လိုအပ်သည့် ဘတ်ဂျက်အကြောင်းများကိုလည်းကောင်း၊ ဒုတိယနေ့တွင် လုပ်ထုံးလုပ်နည်း (SOP) နှင့် ပတ်သက်သော ဒေသဆိုင်ရာ ပူးတွဲစောင့်ကြည့်သူများ၏ လုပ်ငန်းလမ်းညွှန် (TOR) များနှင့် ဆက်စပ်သည့် မူကြမ်းကိစ္စများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) ရုံးများ၏ အုပ်ချုပ်မှုဆိုင်ရာ ရုံးလုပ်ထုံးလုပ်နည်းများနှင့် ဝန်ထမ်းကိစ္စရပ်များအပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (JCB) ၏ လမ်းညွှန်ချက်အတိုင်းရေးဆွဲထားသော JMC-U ဘတ်ဂျက်ကိစ္စများကို လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

JMC-U ၏ နဝမအကြိမ်အစည်းအဝေးကို မူလက ဖေဖော်ဝါရီ ၆ရက်ကစတင်ကာ သုံးရက်ကြာကျင်းပရန် လျာထားခဲ့သော်လည်း ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ဆိုင်ရာ လုပ်ငန်းလမ်းညွှန် (TOR) မှာ များသည့်အတွက်ကြောင့် အစည်းအဝေးကျင်းပမှုကို တစ်ရက်တိုးကာ ဖေဖော်ဝါရီ ၉ ရက်အထိ ဆက်လက်ကျင်းပဆွေးနွေးသွားမည်ဖြစ်သည်။

ယင်းနေ့တွင် နော်ဝေနိုင်ငံ၏ စီစဉ်မှုဖြင့် JMC အဖွဲ့ဝင်များ ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်လေ့လာမည့် ကိစ္စရပ်များအား ဆွေးနွေးခြင်း၊ နော်ဝေပြည်သူများ ထောက်ပံ့ရေးအဖွဲ့ (NPA) ၏ အစီအစဉ်ဖြင့် မိုင်းရှင်းလင်းရေးသင်တန်းပြုလုပ်မည့် ကိစ္စဆွေးနွေးခြင်း၊ နှစ်ဖက်တပ်များအကြား နယ်မြေသတ်မှတ်မှုနှင့် မိုင်းရှင်းလင်းမည့် ကိစ္စရပ်များအားဆွေးနွေးခြင်းတို့အပြင် ကျန်ရှိနေသည့်အချက်များကို ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ JMC-U ဒုတိယဥက္ကဋ္ဌများ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ JMC-U အတွင်းရေးမှူးများ၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အရပ်သားကိုယ်စားလှယ်များ၊ နည်းပညာအထောက်အကူပြုအဖွဲ့များ တက်ရောက်ဆွေးနွေးကြပြီး အစည်းအဝေးနှင့်ပတ်သက်၍ ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲပိုင်းတွင် JMC-U အတွင်းရေးမှူးများက သတင်းစာရှင်းလင်းပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

**သတင်း-ဇော်ကြီး (ပဏ္ဍိတ)၊ ဓာတ်ပုံ-ဖေဇော်**

# ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် လက်ပံတန်းမြို့မရဲစခန်းအချုပ်ခန်းအား စစ်ဆေး



**လက်ပံတန်း ဖေဖော်ဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၇ ရက်က လက်ပံတန်းမြို့မရဲစခန်း အချုပ်ခန်းရှိ တရားရုံးအမှုစစ်ဆေးဆဲ အချုပ်သားများ၊ တရားမစွဲတင်မီ အမှုစစ်ဆေးဆဲ အချုပ်သားများအား ဥပဒေပါအခွင့်အရေးများရရှိခြင်းရှိမရှိ၊ ဥပဒေနှင့်မညီဘဲ မတရားဆောင်ရွက်ထားမှုများရှိမရှိ၊ အချုပ်တရားခံများ၏ နေရာထိုင်ခင်းသက်သာချောင်ချိမှု ရှိမရှိ၊ စားသောက်ရာတွင် အာဟာရသင့်တင့်မျှတမှုရှိ-မရှိ၊ ကျန်းမာရေးပြည့်စုံမှု ရှိမရှိ၊ မကျန်းမာပါက ဆေးကုသရန်အခွင့်အရေး ရှိမရှိ၊ အမျိုးသမီးအဖော်အစောင့်အရှောက်ဖြင့် ထားရှိခြင်းရှိမရှိ၊ ညှင်းပန်းနှိပ်စက်မှု ရှိမရှိတို့ကို အချုပ်သားများအား တွေ့ဆုံမေးမြန်းကာ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သန့်စင်(ပဲခူး)**

# ပုဂ္ဂလိကကဏ္ဍသည် နိုင်ငံ့စီးပွားရေးကို အဓိကမောင်းနှင်ရမည့် စီးပွားရေးအင်အားစုဖြစ် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီး

နေပြည်တော် ဖေဖော်ဝါရီ ၈

**ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် ဆွေးနွေးမှာကြားသည်။**



ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ် (သတင်းစဉ်)

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဦးမြင့်ဆွေက အမှာစကားပြောကြားရာ၌ ကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ကျင်းပခဲ့ပြီး ကော်မတီအနေဖြင့် အဓိကထား ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်ငါးရပ်နှင့် စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြောင်း။

## မူဝါဒလမ်းညွှန်ချက်များချမှတ်ပေး

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ပါက နိုင်ငံတော်တွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်သည်သာမက ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အလေးအနက်ထား ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မဏ္ဍိုင် ငါးရပ်ဖြစ်သည့် ပထမအချက်အနေဖြင့် ပုဂ္ဂလိကကဏ္ဍဆိုင်ရာ ဥပဒေနှင့်စည်းမျဉ်းများ အရည်အသွေးတိုးတက်ကောင်းမွန်လာစေရေးနှင့် အငြင်းပွားမှုဖြေရှင်းခြင်းတို့အတွက် ကောင်းမွန်သော အစီအမံများ ချမှတ်နိုင်ရန် မူဝါဒလမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊ ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးခြင်း၊ ဒုတိယအချက်အနေဖြင့် ငွေကြေးဆိုင်ရာကဏ္ဍနှင့် စပ်လျဉ်း၍ ပိုမိုပွင့်လင်းမြင်သာမှုရှိသည့် မူဝါဒများနှင့် စည်းမျဉ်းများရေးဆွဲနိုင်ရန် မူဝါဒလမ်းညွှန်ချက်များချမှတ်ပေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ တတိယအချက်အနေဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်လာစေရန် မူဝါဒလမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ စတုတ္ထအချက်အနေဖြင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲရေး၊ ခိုင်မာသောအစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု (Private Public - Partnership) လုပ်ငန်းအစီအစဉ်တို့အတွက် မူဝါဒလမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ပဉ္စမအချက်အနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ပိုမိုကောင်းမွန်လာရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် မူဝါဒလမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ပေးခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

## ပေါင်းစပ်ညှိနှိုင်း

မဏ္ဍိုင်ငါးရပ်အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေး လုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၂၁ ဦးဖြင့် လည်းကောင်း၊ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်း ကော်မတီကို အဖွဲ့ဝင် ၁၂ ဦးဖြင့် လည်းကောင်း၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင်တိုးတက်ကောင်းမွန်စေရေး လုပ်ငန်းကော်မတီကို အဖွဲ့ဝင် ကိုးဦးဖြင့် လည်းကောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် လည်းကောင်း၊ စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံ၏အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေး လုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၁၆ ဦးဖြင့်လည်းကောင်းဖွဲ့စည်းခဲ့ပါကြောင်း၊ ယင်းလုပ်ငန်းကော်မတီ ငါးရပ်အနေဖြင့် မဏ္ဍိုင်ငါးရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အဖွဲ့များဖြစ်ပါကြောင်း၊ အဆိုပါအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှု တင်ပြချက်များ အပေါ် မိမိတို့ကော်မတီမှ မူဝါဒများ ချမှတ်ပေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

လုပ်ငန်းကော်မတီဝင်များအနေဖြင့် ပြည်သူများ၏ အခက်အခဲများ၊ တွေ့ကြုံနေရသည့် ပြဿနာများကို ဖြေရှင်းပေးနိုင်ရန်အတွက် မပြတ်ထိတွေ့နေရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မိမိတို့ကော်မတီများမှ ဆောင်ရွက်ပေးနေသည်များက မူဝါဒများ၊ ဖြေလျှော့ပေးမှုများနှင့် ဥပဒေအကြောင်းအရာများကို ပြည်သူများ သိရှိအောင် ချပြရှင်းလင်းရမည်ဖြစ်ပါကြောင်း၊ အလားတူ ပြည်သူများတွေ့ကြုံနေရသည့် ဥပဒေကြောင်းအရ ပြန်လည်ပြင်ဆင်ပြုပြင်ပေးရမည့် ကိစ္စရပ်များကိုလည်း ဆွေးနွေးဖြေရှင်းပေးရမည် ဖြစ်ပါကြောင်း၊ ယခု ဖွဲ့စည်းထားသည့်ကော်မတီများအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၌ အစည်းအဝေးများ ပြုလုပ်သည့်အပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၌လည်း တစ်လလျှင် နှစ်ကြိမ်ခန့် ပြည်သူများနှင့် တွေ့ဆုံနိုင်အောင် ကြိုးစားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

## ပုဂ္ဂလိကကဏ္ဍ ပိုမိုဖွံ့ဖြိုးအောင်ဆောင်ရွက်

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပုဂ္ဂလိကကဏ္ဍကို အရှိန်အဟုန်ဖြင့် အားပေးမြှင့်တင်ဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ဈေးကွက်စီးပွားရေးကို ကျင့်သုံးသည့်အတွက် စီးပွားရေးကဏ္ဍအပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်လာရန်အတွက် မျှတသည့် ဈေးကွက်ယှဉ်ပြိုင်မှုဖြစ်စေရန်အတွက်လည်း မူဝါဒများကို ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ အရေးကြီးသည့် လုပ်ငန်းများမှအပ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို တဖြည်းဖြည်းလျှော့ချပြီး ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍ ပိုမိုဖွံ့ဖြိုးအောင် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

## ပူးပေါင်းရေးဆွဲနေပြီဖြစ်

ပုဂ္ဂလိကကဏ္ဍသည် နိုင်ငံ့စီးပွားရေးကို အဓိကမောင်းနှင်ရမည့် စီးပွားရေးအင်အားစုဖြစ်သည့်အတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သည့်နေရာတွင် လုပ်ငန်းနယ်ပယ်အရ ကျယ်ဝန်းသည့်အတွက် စနစ်တကျအကောင်အထည်ဖော်နိုင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်၏ အကူအညီနှင့် မြန်မာနိုင်ငံပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးမူဘောင်နှင့် လုပ်ငန်းစီမံချက်ကို သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများ ပူးပေါင်းရေးဆွဲနေပြီ ဖြစ်ပါကြောင်း။

## အဓိကအရေးပါ

နိုင်ငံ့စီးပွားရေးလုပ်ငန်း၏ ၉၀ ရာခိုင်နှုန်းသည် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများဖြစ်သည့်အတွက် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အဓိက မောင်းနှင်အားဖြစ်သော ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရာ၌ ပုဂ္ဂလိကကဏ္ဍ၌ရှိသည့် လုပ်ငန်းရှင်များသာမက ကျွမ်းကျင်ပညာရှင်များ၊ ကျွမ်းကျင်လုပ်သားများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးပါကြောင်း၊ အဆိုပါအခန်းကဏ္ဍမှ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရေး၊ ကုန်ထုတ်လုပ်မှု မြှင့်တင်နိုင်ရေးနှင့် နိုင်ငံတကာဈေးကွက် ထိုးဖောက်ယှဉ်ပြိုင်နိုင်ရေးတို့တွင် အဓိကအရေးပါသည်ကိုလည်း တွေ့ရပါကြောင်း။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံချက်ပါ မဏ္ဍိုင်ငါးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည့် သက်ဆိုင်ရာလုပ်ငန်း ကော်မတီများအနေဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ သိသာစွာ တိုးတက်လာပြီး နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်၍ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ကာ နိုင်ငံ့စီးပွားရေးသည်လည်း သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

## ဖြည့်စွက်ဆွေးနွေး တင်ပြ

ထို့နောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ လုပ်ငန်းကော်မတီ ငါးခုတို့မှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များက ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များက ဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။

တင်ပြချက်များအပေါ် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘဏ်များအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

---

## ကလောမြို့ စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ချယ်ရီပင်များ ပေးအပ်

ကလော ဖေဖော်ဝါရီ ၈

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့ စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် Japan SAT Consulting Co., Ltd က ကလောမြို့နယ် စည်ပင်သာယာရေးကော်မတီသို့ Sakura ချယ်ရီပင် ၃၀၀ ပေးအပ်လှူဒါန်းခြင်းကို ဖေဖော်ဝါရီ ၆ ရက်က ကလောမြို့နယ် စည်ပင်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလတ်က အမှာစကားပြောကြားပြီး Japan SAT Co.,Ltd မှ Mr.Mitsuru Nishigaki က Sakura ချယ်ရီပင်များပေးအပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး Sakura ချယ်ရီပင်များ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့ပြီး ဂျပန်-မြန်မာချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် မြို့နယ်ခန်းမရှေ့၌ Sakura ချယ်ရီပင်များစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

*※ ကျောဖုံးမှ*

**ရခိုင်ပြည်နယ်အခြေအနေနှင့်စပ်လျဉ်းသည့်နောက်ခံအချက်အလက်**

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်အခြေအနေကို ဖြေရှင်းဆောင်ရွက်ရန် အထူးအလေးထားကာ ရေရှည်တည်တံ့သည့် အဖြေတစ်ခုရရှိရေးကို ကြိုးပမ်းလျက်ရှိပါသည်။

၃။ အစိုးရသည် ရခိုင်ပြည်နယ်တွင် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးမြှင့်တင်နိုင်ရန် ရည်ရွယ်လျက် ဘက်ပေါင်းစုံ ချဉ်းကပ်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ နားလည်မှုနှင့် ယုံကြည်မှုတည်ဆောက်နိုင်ရန်အတွက် ရေတိုရေရှည်အစီအမံများ ချမှတ်ထားရှိပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီကို ၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ ဗဟိုကော်မတီ၏လုပ်ငန်းရပ်များ အဆင်ပြေချောမွေ့စေရန်အတွက် လုပ်ငန်းကော်မတီ (၄)ရပ်ကို ဖွဲ့စည်းခဲ့ပါသည်။

၄။ မြန်မာနိုင်ငံအစိုးရသည် ရခိုင်ပြည်နယ်နှင့်စပ်လျဉ်း၍ ပြည့်စုံစွာဖြေရှင်းနိုင်ရန် အစိုးရ၏ ကြိုးပမ်းအားထုတ်နေမှုများကို အထောက်အကူပြုနိုင်ရေးအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာ ကိုဖီအာနန်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ကိုလည်း ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်သည် ၎င်း၏ အစီရင်ခံစာအပြည့်အစုံကို ၂၀၁၇ ခုနှစ်ဒုတိယနှစ်ဝက်ပိုင်းတွင် မထုတ်ပြန်မီကြားဖြတ်အစီရင်ခံစာတစ်စောင်ကို မြန်မာနိုင်ငံအစိုးရထံသို့ တင်သွင်းသွားရန်ရှိပါသည်။

၅။ ယင်းကဲ့သို့ အပြုသဘောလုပ်ဆောင်ချက်များ ဆောင်ရွက်နေသည့်တိုင် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ နယ်ခြားစောင့်ရဲစခန်းသုံးခုကိုနိုင်ငံရပ်ခြားမှ ရန်ပုံငွေပံ့ပိုးလှူဒါန်းဆော်ပေးထားသော လက်နက်ကိုင်များက တိုက်ခိုက်ခဲ့ပါသည်။ မကြာသေးမီက ထုတ်ပြန်ခဲ့သည့် International Crisis Group(ICG)၏ အစီရင်ခံစာတွင် ပါရှိသည့်အတိုင်း ယင်းတိုက်ခိုက်မှုသည် ရခိုင်ပြည်နယ်တည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအလားအလာများအပေါ် ကြီးမားစွာ ခြိမ်းခြောက်လျက်ရှိပါသည်။ ယင်းကဲ့သို့သော အခြေအနေများတွင် နိုင်ငံတော်အစိုးရသည် ပြည်သူလူထု၏ဘေးကင်းလုံခြုံရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာလုံခြုံရေးတပ်ဖွဲ့များကို တရားဥပဒေစိုးမိုးရေးဘောင်အတွင်းမှ လူ့အခွင့်အရေးနှင့် ညီညွတ်စွာဆောင်ရွက်ရန်နှင့် အင်အားအလွန်အကျွံသုံးခြင်းမပြုရန် ညွှန်ကြားထားရှိပါသည်။ လူ့အခွင့်အရေးချိုးဖောက်ကြောင်း ခိုင်လုံသောအထောက်အထားများတွေ့ရှိပါက ဖောက်ဖျက်ကျူးလွန်သည့် မည်သူ့ကိုမဆို အစိုးရအနေဖြင့် ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

၆။ အောက်တိုဘာလ ၉ ရက်နေ့နှင့် နိုဝင်ဘာလ ၁၂ ရက်မှ ၁၃ ရက်နေ့အထိ တိုက်ခိုက်မှုများဖြစ်ပေါ်ရသည့် အကြောင်းရင်းများနှင့် နောက်ဆက်တွဲအကျိုးဆက်များကို စုံစမ်းစစ်ဆေးရန် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ ခေါင်းဆောင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းခဲ့ပါသည်။ ယင်းကော်မရှင်၏ လုပ်ငန်းတာဝန်များတွင် ရခိုင်ပြည်နယ်ရှိ ပြည်သူအားလုံး၏ လုံခြုံရေးနှင့်လူ့အခွင့်အရေးများကို အာမခံချက်ပေးနိုင်ရေးမှာ အလိုအလျောက်ပါဝင်ပြီးဖြစ်ပြီး၊ နယ်မြေရှင်းလင်းရေးနှင့်စပ်လျဉ်းသည့် စွပ်စွဲမှုများအပါအဝင်စွပ်စွဲချက်အားလုံးကိုမှန်ကန်မှု ရှိ/မရှိ စိစစ်သွားရန် ပါဝင်သည်။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် အစီရင်ခံစာတင်သွင်းရန် ကော်မရှင်ကို တာဝန်အပ်နှင်းထားသော်လည်း လိုအပ်သောစုံစမ်းစစ်ဆေးမှုများပြုလုပ်၍ ပြည့်စုံသည့် အစီရင်ခံစာတစ်စောင် ပြုစုနိုင်ရန်အတွက် အစီရင်ခံစာတင်သွင်းရမည့်ရက်ကို သက်တမ်းတိုးမြှင့်ပေးထားပါသည်။ ရခိုင်ပြည်နယ်ရှိ ထိခိုက်ခဲ့သည့်ဒေသများသို့ သံအမတ်ကြီးများ၊ မီဒီယာနှင့် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ယန်ဟီလီ အပါအဝင် နိုင်ငံတကာ ကျွမ်းကျင်သူများ၏ ခရီးစဉ်များကိုလည်း မြန်မာနိုင်ငံအစိုးရက စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ နိုင်ငံတကာအကူအညီပေးရေး အဖွဲ့အစည်းများအနေဖြင့်လည်း ယင်းဒေသများတွင် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပြန်လည်ပေးအပ်လျက်ရှိပါသည်။

၇။ အစိုးရသစ်တာဝန်ယူချိန်မှစ၍ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားစုံစမ်းစစ်ဆေးရေးကော်မရှင်သည် စွပ်စွဲချက်များနှင့်ပတ်သက်သည့် ၎င်း၏လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုနှင့် တရားမဝင်လုပ်ရပ်များ ကျူးလွန်ဖောက်ဖျက်သူများကို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြန်မာအစိုးရသည် နိုင်ငံတစ်ဝန်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကတိကဝတ်များကို အခိုင်အမာထိန်းသိမ်းသွားမည်ဖြစ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**နေပြည်တော်**

**၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်**

# မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားကောင်စစ်ဝန်ရုံး ဖွင့်လှစ်



မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားဂုဏ်ထူးဆောင် ကောင်စစ်ဝန်ရုံးကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်း အမှတ်(၃၈)A တွင် ဖွင့်လှစ်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

**ရန်ကုန် ဖေဖော်ဝါရီ ၈**

မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားဂုဏ်ထူးဆောင် ကောင်စစ်ဝန်ရုံးဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံဗန်ကောက်မြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. EnnoDROFENIKနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုးတို့က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. EnnoDROFENIK က မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားဂုဏ်ထူးဆောင် ကောင်စစ်ဝန် ဦးအောင်သန်းဌေးအား ဂုဏ်ထူးဆောင် အသိအမှတ်ပြုမှတ်တမ်းလွှာ ပေးအပ်ပြီး ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးအောင်သန်းဌေးက ကျေးဇူးတင်စကားပြောကြားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ဩစတြီးယားနိုင်ငံတို့သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည်မှာ နှစ်ပေါင်း(၆၀)ကျော် ကြာမြင့်ခဲ့ပြီး ဩစတြီးယားနိုင်ငံ သံအမတ်ကြီးသည် ထိုင်းနိုင်ငံဗန်ကောက်မြို့၌အခြေစိုက်၍ နှစ်နိုင်ငံသံတမန် ဆက်ဆံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

# တပ်သားစုဆောင်းခံရ၍ တိမ်းရှောင်လာသည့်အိမ်ထောင်စုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေး

**မိုင်းဖြတ် ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် မိုင်းယန်းမြို့နယ် ဟိုတောင်းဒေသမှ လက်နက်ကိုင်အဖွဲ့၏ တပ်သားစုဆောင်းခြင်းခံရ၍ တိမ်းရှောင်လာသည့် အိမ်ထောင်စု သုံးစုမှ မိသားစုဝင် ၁၆ ဦးအား လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ မြို့နယ်ဥက္ကဋ္ဌ ဦးဒါဝိဒ်နှင့် အဖွဲ့သည် မြို့နယ်ရဲတပ်ဖွဲ့များ၊ ပြည်သူ့စစ်များမှ လုံခြုံရေးလိုက်ပါလျက် လူသားချင်း စာနာထောက်ထားသောအားဖြင့် ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီခွဲက မိုင်းဖြတ်မြို့နယ် လန်းဆတ်အုပ်စု ပါခယ်ကျေးရွာသို့ လိုက်ပါပို့ဆောင်ပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ မြို့နယ်ဥက္ကဋ္ဌ ဦးဒါဝိဒ်က အုပ်စုအုပ်ချုပ်ရေးမှူး ဦးခမ်းပျဲန်း၊ ပါခယ်ကျေးရွာ ရွာသူကြီး ဦးအားဂူတို့နှင့် တွေ့ဆုံ၍ လက်နက်ကိုင်အဖွဲ့၏ တပ်သားစုဆောင်းခြင်းခံရ၍ တိမ်းရှောင်လာသည့် အိမ်ထောင်စု သုံးစုကို နေထိုင်လုပ်ကိုင်စားသောက်ရန်၊ လုံခြုံရေးအဆင်ပြေမှုရှိစေရန်၊ အချင်းချင်း အပြန်အလှန်လေးစားမှုရှိပြီး စည်းလုံးညီညွတ်စွာ နေထိုင်နိုင်ရန်နှင့် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး၍ အားပေးစကားများ ပြောကြားခဲ့သည်။

"အခုလို ကျွန်တော်တို့ရဲ့ မိသားစု ၁၀ အခက်အခဲ၊ အကျပ်အတည်းတွေကို စောင့်ရှောက်ကူညီဆောင်ရွက်ပေးတဲ့အတွက် များစွာကျေးဇူးတင်ပါတယ်။ ရွာသူရွာသားတွေနဲ့ စည်းလုံးညီညွတ်စွာ ပေါင်းသင်း နေထိုင်နိုင်ရေးအတွက် လမ်းညွှန် မှာကြားချက်များကိုလည်း အလေးထား လိုက်နာဆောင်ရွက်ပါမယ်၊ မိမိတို့ရဲ့ မိသားစုဘဝကိုလည်း အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်ပါမယ်။ အုပ်စု အုပ်ချုပ်ရေးမှူးနဲ့ ရွာသူကြီးတို့ရဲ့ အုပ်ချုပ်စီမံမှာကြားမှုကိုလည်း အလေးထားလိုက်နာပြီး ရွာသူ ရွာသားတွေနဲ့ ချစ်ခင်ရင်းနှီးစွာ နေထိုင်သွားပါမယ်" ဟု တိမ်းရှောင်လာသည့် အိမ်ထောင်စုများက ဝမ်းသာအားရဖြင့် ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အလုံမြို့နယ်၌ မူးယစ်ဆေးဝါး... 

# အလုံမြို့နယ်၌ မှူခင်းကျဆင်းရေး ဟောပြော

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဆင်မင်းရပ်ကွက် သိပ္ပံလမ်းရှိ ဆွမ်းလောင်းဓမ္မာရုံ၌ ဖေဖော်ဝါရီ ၇ ရက် ညနေ ၄ နာရီက မှုခင်းကျဆင်းရေးဟောပြောပွဲ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဆင်မင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေနှင့် ရပ်မိရပ်ဖများ၊ ရပ်ကွက်အတွင်းရှိ ပြည်သူများ တက်ရောက်ကြသည်။

**ဟောပြော**

အခမ်းအနားကို ညနေ ၄ နာရီတွင် ဖွင့်လှစ်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနိုင်အောင်မိုးက မှုခင်းကျဆင်းရေးအသိပညာပေးအကြောင်းအရာများ၊ ဒုစရိုက်မှုပပျောက်ရေးနှင့် မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောမှုများ၊ ရဲတပ်သားသစ်စုဆောင်းရရှိရေးအတွက် ဆောင်ရွက်နေမှုများကို ဟောပြောခဲ့ကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

*✻ ကျောဖုံးမှ*

ဦးအောင်မျိုးဝင်းက "၂၀၁၇ ခုနှစ်အတွင်းမှာ ဧရာဝတီမြစ်ဘေးမှာ စဖွင့်တဲ့ ညောင်ချောင်းသာကမ်းခြေဟာ အလျားပေ ၁၅၀၀ ကို အသုံးပြုထားပါတယ်။ ဒီလိုအသုံးပြုထားတယ်ဆိုတာလည်း ဒီကမ်းခြေကို လိုသလောက်လေးပဲ ထိန်းသိမ်းနိုင်အောင် အသုံးပြုထားခြင်းပဲဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ညောင်ချောင်းသာကမ်းခြေတွင် ဈေးဆိုင်တန်းများနှင့် ကမ်းစပ်အကွာအဝေး ပေ ၅၀၀ ခန့် ခွာထားပေးပြီး လမ်းသွားလမ်းလာများ အလွယ်တကူသွားလာနိုင်ရေး၊ လာရောက်အပန်းဖြေအနားယူသော ပြည်သူများ သက်သောင့်သက်သာနှင့် လေကောင်းလေသန့်ရရှိရေးအတွက် ယခုကဲ့သို့ ပေ ၅၀၀ ချန်လှပ်ထားပေးကြောင်း သိရသည်။ ရေစပ်မှ ပေ၂၀၀ အကွာတွင် အန္တရာယ်ကာကွယ်နိုင်ရန်အတွက် ဗောကွင်းများ ချထားပေးကြောင်း သိရသည်။

ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများပါ လာရောက်အပန်းဖြေကြမည့် ပြည်သူများ၏ အခက်အခဲများနှင့် လုံခြုံရေးကိစ္စများ ဖြေရှင်းနိုင်ရေးအတွက် တာဝန်ချထားပေးကြောင်း သိရသည်။

"ရေထဲမှာ တစ်စုံတစ်ရာ အန္တရာယ်ဖြစ်ပေါ်လာရင် ကျွန်တော်တို့ အန္တရာယ်ရှိတဲ့ ဗောတွေကို ပြထားပြီးဖြစ်တဲ့အပြင် အမြဲတမ်းစက်လှေတစ်စင်းနဲ့ အသက်ကယ်ဗောကွင်း၊ အသက်ကယ်အင်္ကျီတွေနဲ့ ရေထဲမှာချထားပေးပြီးဖြစ်ပါတယ်" ဟု စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။

အားကစားကွင်းများအနေဖြင့် ဘော်လီဘောကွင်း၊ ဘောလုံးကွင်း၊ စနူကာကွင်းနှင့် ပိုက်ကျော်ခြင်းကွင်းများကိုလည်း စီစဉ်ပေးထားကြောင်း သိရသည်။ ကမ်းခြေသည် အရှေ့ဘက်တွင် ဧရာဝတီမြစ်၊ မြောက်ဘက်တွင် ပန်းလှိုင်မြစ်နှင့် တောင်ဘက်တွင် ဗိုလ်မြတ်ထွန်းတံတားနှင့် ဧရာဝတီတံတား(ညောင်တုန်း)တို့ တည်ရှိသည်။ ကမ်းခြေတည်ရှိရာ ရန်ကင်းစံကျေးရွာနှင့် ပတ်ဝန်းကျင်မှ ထွက်ရှိသော သီးနှံများ၊ သားငါးများ၊ ရေချိုပုစွန်များကိုလည်း ဒေသထွက်ကုန်အဖြစ် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ ကမ်းခြေအနီးတွင် ဆိုင်ခန်းပေါင်း ၆၀ ဖွင့်လှစ်ရောင်းချလျက်ရှိပြီး အဆိုပါ ဆိုင်ခန်းရောင်းရငွေနှင့် တံတားလေလံကြေးရငွေ ကျပ်သိန်း ၁၁၀၀ ကျော်ကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ ကျင်းပသော ညောင်ချောင်းသာကမ်းခြေကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အတွင်းရေးမှူး ဦးသန်းဆွေဝင်း၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ညောင်တုန်းမြို့နယ်မှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ ယခင်က ညောင်ချောင်းသာကမ်းခြေသည် ၂၀၁၁ ခုနှစ်မှ စတင်၍ ပန်းလှိုင်မြစ်ကမ်းနံဘေးတွင် ပေါ်ပေါက်ခဲ့ပြီး ၂၀၁၆ ခုနှစ်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

# ပင်လုံကိုအခြေခံ၍ စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ဖြင့်

ကိုသာယာ

**ကျွန်တော်တို့ရဲ့မိဘဘိုးဘွား တိုင်းရင်းသားတွေဟာ တိုင်းတစ်ပါးနယ်ချဲ့တွေရဲ့ကုပ်သွေးစုပ်ခြယ်လှယ်အုပ်စိုးမှုအောက်မှာ နှစ်ပေါင်းကြာရှည်စွာ ဒုက္ခဆင်းရဲများစွာနဲ့ နေခဲ့ရတဲ့ သူ့ကျွန်ဘဝအတိတ်သမိုင်းဟာ အလွန်ခါးသီးစရာကောင်းခဲ့ပါတယ်။ ဒါကြောင့်လည်း တိုင်းရင်းသားပြည်သူအားလုံးဟာ နိုင်ငံရဲ့နေရာအနှံ့မှာ ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့လက်အောက်က လွတ်မြောက်ဖို့ နည်းမျိုးစုံနဲ့ တော်လှန်တိုက်ခိုက်ခဲ့ကြပါတယ်။ အသက်၊ သွေး၊ ချွေးမြောက်မြားစွာပေးဆပ်တွန်းလှန်ခဲ့ကြပါတယ်။ လက်နက်ကိုင်တော်လှန်ရုံသာမကဘဲ စိတ်ဓာတ်အင်အားများနဲ့ပါ နည်းမျိုးစုံကြိုးစားခဲ့လို့ နယ်ချဲ့တွေရဲ့ ကျွန်သက်ရှည်အောင်ထားလိုတဲ့ဆန္ဒသရုပ်ကို ရိုက်ချိုးနိုင်ခဲ့ပါတယ်။ မြန်မာ့သွေး၊ မြန်မာ့သတ္တိ၊ မြန်မာ့စိတ်ဓာတ်ကို ရဲဝံ့စွာပြသအနိုင်ယူခဲ့ပါတယ်။**

**ပင်လုံစာချုပ်နဲ့ ပြည်ထောင်စုစိတ်ဓာတ်**

နယ်ချဲ့တွေဟာ မိမိတို့တိုင်းရင်းသားတွေကို နိုင်ငံရေး၊ ဘာသာရေး၊ တိုင်းရင်းသားအရေး၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ တောင်ပေါ်မြေပြန့် နေထိုင်မှုစရိုက်တို့ မတူညီမှုများအပေါ် အခြေခံပြီး စိတ်ဝမ်းကွဲပြားအောင် နည်းမျိုးစုံနဲ့ သွေးခွဲအုပ်ချုပ်ခဲ့တာပါ။ တိုင်းရင်းသားလူမျိုးများစွာ စုပေါင်းနေထိုင်ကြတဲ့ ကျွန်တော်တို့ ပြည်သူတွေအကြားမှာ အချင်းချင်းယုံကြည်မှုမရှိအောင်၊ သံသယတွေပွားလာအောင်၊ မုန်းတီးလာအောင်၊ စည်းလုံးညီညွတ်မှုပျက်ပြားလာအောင်၊ စိတ်ဓာတ်ပျက်ပြားစေမယ့် ဆောင်ရွက်ချက်တွေနဲ့ ကျွန်သက်ရှည်အောင် ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖျက်ဆီးနိုင်စွမ်းမရှိခဲ့တာဟာ ပင်လုံစာချုပ်သက်သေပါပဲ။

ပင်လုံစာချုပ်မှာ နိုင်ငံအတွင်း တိုင်းရင်းသားအားလုံးဟာ တစ်စိတ်တစ်ဝမ်းတည်း သဘောထားဆန္ဒတစ်ခုတည်း အေးအတူပူအမျှ ညီညွတ်စည်းလုံးပြီး ပြတ်သားခိုင်မာတဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို ပြသနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း နယ်ချဲ့တွေဟာ သူတို့ မူလက စီစဉ်ထားတဲ့အတိုင်း တစ်နိုင်ငံလုံးလွတ်လပ်ရေးမပေးဘဲ တချို့ တိုင်းရင်းသားတောင်ပေါ်ဒေသတွေကို ဆက်အုပ်ချုပ်မယ့် အစီအမံကို စွန့်လွှတ်ပြီး တစ်နိုင်ငံလုံး လုံးဝလွတ်လပ်ရေးကို ပေးခဲ့ရတာပါ။ ပြည်ထောင်စုတိုင်းရင်းသားများရဲ့ သွေးစည်းညီညွတ်တဲ့စိတ်ဓာတ်ကြောင့် လက်မလွှတ်ချင်ပေမယ့် မပေးမဖြစ်လို့ လွတ်လပ်ရေးကို ပေးခဲ့တာပါ။ လွန်ခဲ့တဲ့ နှစ်ပေါင်း(၇၀)က ပင်လုံမြေမှာ ပြသနိုင်ခဲ့တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနဲ့ ပြည်ထောင်စုစိတ်ဓာတ်ဟာ လွတ်လပ်ရေးရဲ့အခြေခံလို့ မှတ်ယူနိုင်ပါတယ်။ အဲ့ဒါကြောင့် လည်း တစ်နိုင်ငံလုံး သူ့ကျွန်လက်အောက်က လွတ်မြောက်ခဲ့ကြပါတယ်။

**ပဋိပက္ခများနဲ့ တိုင်းရင်းသား ပြည်သူများ**

ဒါပေမယ့် ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းက မျှော်လင့်ခဲ့သလို မလှပခဲ့ပါဘူး။ နယ်ချဲ့တွေရဲ့ သွေးခွဲအုပ်ချုပ်မှုရဲ့ အကျိုးဆက်နဲ့ မူလကရှိခဲ့တဲ့ မဖျောက်နိုင်မဖျက် နိုင်စွဲမြဲနေခဲ့တဲ့ သံသယတွေကြောင့်ရယ်၊ ဝါဒရေး၊ လူမျိုးရေးနဲ့ တခြား အကြောင်းတွေကြောင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ အကြားမှာ ပဋိပက္ခတွေဖြစ်ခဲ့ပါတယ်။ စည်းလုံးညီညွတ်မှုပြိုကွဲပြီး လက်နက်ကိုင်တိုက်ပွဲတွေ ရှည်ကြာခဲ့ပါတယ်။ နေရာဒေသအနှံ့အပြားမှာ ငြိမ်းချမ်းသာယာမှု ပျောက်ကွယ်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးခဲ့ပေမယ့် လွတ်လပ်ရေးရဲ့အသီးအပွင့်ကို ပြည့်ပြည့်ဝဝ မခံစားကြရဘဲ တိုင်းရင်းသားပြည်သူတွေရဲ့ဘဝဟာ လုံခြုံစိတ်ချမှု ကင်းဝေးပြီး ပူပင်သောကတွေနဲ့ စိတ်ဆင်းရဲမှုတွေ ခံစားခဲ့ရပါတယ်။

အချင်းချင်းမညီမညွတ် ပဋိပက္ခလက်နက်ကိုင်တိုက်ပွဲတွေကြားမှာ တောမီးလောင် တောကြောင်လက်ခမောင်းခတ်ဆိုသလို ပြည်ပကျူးကျော်မှု၊ ရန်စမှု၊ နယ်မြေခြိမ်းခြောက်မှုအန္တရာယ်တွေကိုလည်း ကြုံဆုံတွန်းလှန်ခဲ့ရပါသေးတယ်။ အဲဒီလို ပြည်တွင်း ပြည်ပ ကျူးကျော်တိုက်ခိုက်မှုတွေကို တပ်မတော်ကကာကွယ်ရင်း အချိန်ကာလရှည်ကြာသည်နှင့်အမျှ နှစ်ဖက်ထိခိုက်ကျဆုံးဒဏ်ရာရ အင်အားဆုံးရှုံးမှုတွေနဲ့ တိုက်ပွဲတွေမှာ ကုန်ကျခဲ့တဲ့ အသုံးစရိတ်တွေဟာ နိုင်ငံရဲ့အရင်းအမြစ်တွေ ဆုံးရှုံးခဲ့ရတာပါပဲ။ ဆင်းရဲဒုက္ခမျိုးစုံရောက်ရတာလည်း ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတွေပါပဲ။ နိုင်ငံဟာလည်း အေးချမ်းတည်ငြိမ်မှုပျက်ပြားလာပြီး ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးခဲ့လို့ တိုင်းရင်းသားပြည်သူလူထုရဲ့ လူမှုစီးပွားဘဝဟာလည်း နိမ့်ကျခဲ့ရပါတယ်။

**ငြိမ်းချမ်းရေးအတွက် အခွင့်အလမ်း**

အစိုးရအဆက်ဆက်ကလည်း ပြည်တွင်းငြိမ်းချမ်းရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့ကြပါတယ်။ ဒါပေမယ့် မအောင်မြင်ခဲ့လို့ တိုက်ပွဲတွေလည်း မရပ်နိုင်ခဲ့ပါဘူး။ ခေတ်စနစ်ပြောင်းလဲလာတာနဲ့အမျှ အခုဒီမိုကရေစီအစိုးရလက်ထက်မှာ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ပိုမိုကြိုးစားဆောင်ရွက်လာတာ အားလုံးအသိပါ။ ဒီမိုကရေစီအပြောင်းအလဲရဲ့ပထမအစိုးရဖြစ်တဲ့ ပြီးခဲ့တဲ့ အစိုးရလက်ထက်မှာ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့တာ အစိုးရသက်တမ်းကုန်ခါနီးကာလမှာ အဖွဲ့ရှစ်ဖွဲ့ဟာ သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ဒီအခြေခံရလဒ်တွေနဲ့အတူ လက်ရှိအစိုးရလက်ထက်မှာ တစ်နိုင်ငံလုံးငြိမ်းချမ်းရေးကို ဦးစားပေးလုပ်ငန်းအဖြစ် အမြန်ဆုံးအောင်မြင်အောင် ကြိုးစားဆောင်ရွက်နေပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ပထမအစည်းအဝေးဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးအတွက် တိုးတက်အောင်မြင်မှုရဲ့သာဓကပါပဲ။

> **ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်ပတ်သက်သူအားလုံးဟာ နိုင်ငံတော်အတွက် ပြည်ထောင်စုအတွက်သာ စဉ်းစားဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ကိုယ့်အဖွဲ့ ကိုယ့်အရေးပေါ်တွင် အခြေခံရပ်တည်နေပါက မှန်ကန်သည့်ရလဒ်မရနိုင်ပါ။ မည်သည့်ဆွေးနွေးပွဲမဆို တစ်ဖက်နှင့်တစ်ဖက် အပေးအယူ အလျှော့အတင်း ညှိနှိုင်းမှုရှိရစမြဲပါ။ လိုချင်တာ၊ ဖြစ်ချင်တာကို မူသေဆုပ်ကိုင်ထားပြီး လှေနံဓားထစ် ရပ်တည်ခြင်းမျိုး မဖြစ်သင့်ပါ။ ကိုယ်ကပေးနိုင်တာကိုပေးမှ ကိုယ်ရချင်တာလည်း ရနိုင်မယ်ဆိုတဲ့ အခြေခံနဲ့လုပ်ကြရမှာပါ။ အားလုံးမှာ လိုချင်တာတွေ ရှိနိုင်ပါတယ်။**

ဒီနေ့ဒီချိန်မှာ တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းရေးဟာ အရေးကြီးဆုံးဖြစ်နေပါပြီ။ ဒါမှသာ ရှေ့ဆက်ရမယ့် ခရီးကရှေ့နိုင်မှာပါ။ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေးရည်မှန်းချက်ကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မှာပါ။ တိုင်းရင်းသားပြည်သူအားလုံးဟာ စိတ်ချလုံခြုံမှုများနဲ့အတူ ပျော်ရွှင်သာယာချမ်းမြေ့စွာနဲ့ လွတ်လပ်ရေးရဲ့အရသာကို ပြည့်ပြည့်ဝဝ ခံစားနိုင်ကြရမှာပါ။ ဒါကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွက် အဓိကတာဝန်ရှိတဲ့ အဖွဲ့အစည်းတွေအနေနဲ့ တိုးတက်အောင်မြင်အောင် အစွမ်းကုန်ကြိုးစားဆောင်ရွက်ကြဖို့ အားလုံးက မျှော်လင့်နေကြပါတယ်။

ခုလို ငြိမ်းချမ်းရေးဖြစ်စဉ်ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေဆဲမှာပဲ တစ်ဖက်မှာ တိုက်ပွဲတွေဖြစ်နေတာဟာ စိတ်ပူစရာ၊ ရင်လေးစရာကောင်းလှပါတယ်။ တိုက်ပွဲတွေ ဖြစ်နေသေးသရွေ့ ငြိမ်းချမ်းရေးက ဝေးနေမှာပါပဲ။ သူကစလို့၊ ငါကစလို့၊ သူ့ကြောင့်၊ ငါ့ကြောင့် စတဲ့စွပ်စွဲချက်တွေနဲ့ ဆက်ဖြစ်နေကြမှာထက် ကိုယ့်ဘက်က ပြဿနာကို မစမိအောင် ထိန်းသိမ်းပြီး ပဋိပက္ခတွေချုပ်ငြိမ်းဖို့ ကြိုးစားကြစေချင်ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆဲဥပဒေများကို အတတ်နိုင်ဆုံးထိန်းသိမ်းပြီး နှစ်ဖက်ညှိနှိုင်း ဆွေးနွေးသဘောတူထားကြတဲ့ သဘောတူညီချက်များအတိုင်း စောင့်ထိန်းလုပ်ဆောင်ကြပြီး ဖြစ်လာတဲ့ပြဿနာတွေအပေါ် ညှိနှိုင်းဆွေးနွေးဖြေရှင်းကြမယ်ဆိုရင် တိုက်ပွဲတွေမရှိနိုင်တော့ပါဘူး။ ပြဿနာမှန်သမျှ ငြိမ်းချမ်းစွာဖြေရှင်းနိုင်ကြမှာပါ။

**ဆွေးနွေးညှိနှိုင်း အဖြေရှာ၍ဖြေရှင်း**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကော်မတီအစည်းအဝေးမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးမှာ ခွဲခြား၍မရကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးမှာ လက်နက်ကိုင်တိုက်ခဲ့တဲ့ အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးလုပ်ရုံသာမဟုတ်ဘဲ ပိုမိုကျယ်ပြန့်ကြောင်း၊ မတူကွဲပြားသည့်သဘောထားများ သင့်မျှစေရန်လိုကြောင်း၊ အပေးအယူ ညှိနှိုင်းမှုများကို ကိုယ့်ဘက်က တတ်နိုင်သလောက် ပေးဆပ်မည်ဆိုသည့် စိတ်ဖြင့် လုပ်ကြရန်နဲ့ အပြုသဘောဆောင်ပြီး ဆွေးနွေးကြရန် လမ်းညွှန်မှာကြားခဲ့ပါတယ်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနဲ့ သဘောထားကွဲပြားခြားနားမှုများအတွက် အငြင်းပွားနေခြင်း၊ မသင့်မမြတ်ဖြစ်နေခြင်းတို့မှာ လိုအပ်သောအဖြေမဟုတ်နိုင်ပါ။ သက်ဆိုင်ရာအဖွဲ့အစည်းများအနေနဲ့ တွေ့ဆုံညှိနှိုင်း ဆွေးနွေးတိုင်ပင်ကြခြင်းဖြင့်သာ ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ မတူကွဲပြားသောသဘောထားများကို အလျှော့အတင်း ညှိနှိုင်းကြခြင်းဖြင့် သဘောထားကွာဟမှုများ လျော့နည်းလာအောင်၊ တဖြည်းဖြည်း ပပျောက်အောင် ကြိုးစားအဖြေရှာကြရမှာဖြစ်ပါတယ်။ ပါဝင်ပတ်သက်သည့် အဖွဲ့အစည်းများနဲ့ လူပုဂ္ဂိုလ်အသီးသီးအနေဖြင့် ပြည်ထောင်စုအရေးမျှော်တွေးပြီး စိတ်ကောင်းစေတနာဖြင့် အပြုသဘောဆောင်ကာ အားကြိုးမာန်တက်လုပ်ဆောင်ကြရမည်ဟု မျှော်လင့်ရပါတယ်။

**မျှတတဲ့အမြင်နဲ့ဆွေးနွေးပွဲများဖြစ်သင့်**

ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်ပတ်သက်သူအားလုံးဟာ နိုင်ငံတော်အတွက် ပြည်ထောင်စုအတွက်သာ စဉ်းစားဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ကိုယ့်အဖွဲ့ ကိုယ့်အရေးပေါ်တွင် အခြေခံရပ်တည်နေပါက မှန်ကန်သည့်ရလဒ်မရနိုင်ပါ။ မည်သည့် ဆွေးနွေးပွဲမဆို တစ်ဖက်နှင့်တစ်ဖက် အပေးအယူ အလျှော့အတင်း ညှိနှိုင်းမှုရှိရစမြဲပါ။ လိုချင်တာ၊ ဖြစ်ချင်တာကို မူသေဆုပ်ကိုင်ထားပြီး လှေနံဓားထစ် ရပ်တည်ခြင်းမျိုး မဖြစ်သင့်ပါ။ ကိုယ်ကပေးနိုင်တာကိုပေးမှ ကိုယ်ရချင်တာလည်း ရနိုင်မယ်ဆိုတဲ့ အခြေခံနဲ့ လုပ်ကြရမှာပါ။ အားလုံးမှာ လိုချင်တာတွေ ရှိနိုင်ပါတယ်။ ဒါပေမယ့်လိုချင်တာတွေအားလုံး ရချင်မှရနိုင်မှာပါ။ အားလုံးမရနိုင်သေးရင်လည်း ရတာနဲ့ စသင့်တယ်လို့ မြင်ပါတယ်။ အရေးကြီးတာက အလုပ်စဖြစ်ဖို့ပါ။ တဖြည်းဖြည်းနဲ့ ဆွေးနွေးညှိနှိုင်းကြရင်း ကိုယ်လိုချင်တာကို တဖြည်းဖြည်း ရအောင်လုပ်သွားနိုင်ပါတယ်။

ဒါပေမယ့် အပေးအယူ အလျှော့အတင်းလုပ်ကြရာမှာ တရားမျှတဖို့၊ ဓမ္မဓိဋ္ဌာန်ကျဖို့၊ အဂတိကင်းဖို့ အရေးကြီးပါတယ်။ အခြေခံဥပဒေဘောင်အတွင်းက အတတ်နိုင်ဆုံး ဖြစ်သင့်သလို အများလက်ခံနိုင်တဲ့ ကျိုးကြောင်းဆီလျော်ညီညွတ်တဲ့ ညှိနှိုင်းမှုများ ဖြစ်သင့်ပါတယ်။ ဆွေးနွေးညှိနှိုင်းမှုအားလုံးရဲ့ ဆုံမှတ်ဟာ နိုင်ငံတော်အကျိုး၊ ပြည်ထောင်စုအကျိုးပဲဖြစ်သင့်ပါတယ်။ အဲဒီအတွက် ပါဝင်ပတ်သက်တဲ့အဖွဲ့အစည်းတွေဟာ လက်ရှိအခြေအနေထက် နစ်နာမှု၊ ထိခိုက်ဆုံးရှုံးမှုတွေ ရှိလာနိုင်မယ်ဆိုရင်လည်း ပြည်ထောင်စုအကျိုးဖြစ်လို့ တင်းတိမ်ရောင့်ရဲနိုင်ရပါမယ်။ အနစ်နာခံ စွန့်လွှတ်ရဲရပါမယ်။ ဆွေးနွေးပွဲရဲ့သဘောအရ ကိုယ်လိုချင်တာကို ရနိုင်တာ၊ မရနိုင်တာရှိသလို ကိုယ့်ဘက်က လက်လွှတ်ဆုံးရှုံးရမှာ၊ လျော့နည်းသွားမှာ၊ ရှုံးသွားမှာရှိရင်လည်း ကောင်းတာဖြစ်ဖို့အတွက် လျှော့ပေးနိုင်၊ အနစ်နာခံနိုင်ရမှာဖြစ်ပါတယ်။

နောက်တစ်ချက် ထည့်သွင်းစဉ်းစားသင့်တာက ဒီဆွေးနွေးပွဲတွေမှာ ဆွေးနွေးဖက် တစ်ဖက်ပုဂ္ဂိုလ်အဖွဲ့အစည်းတွေရဲ့ ရပ်တည်ချက်နဲ့ တာဝန်စတာတွေလည်း စဉ်းစားသင့်တယ်လို့ ထင်တယ်။ ကိုယ့်လိုလားချက်၊ တောင်းဆိုချက်ဟာ တစ်ဖက်ရဲ့ ရပ်တည်ချက်အရ ဖြစ်နိုင်၊ မဖြစ်နိုင်နဲ့ မဖြစ်နိုင်ဘူးဆိုရင်လည်း လက်ခံနိုင်စွမ်းရှိရပါလိမ့်မယ်။ နှစ်ဖက်အမြင်နဲ့ ဆွေးနွေးကြမှသာ အဖြေဟာ နီးစပ်နိုင်မယ်ထင်ပါတယ်။ မဖြစ်သင့်၊ မဖြစ်နိုင်၊ မရနိုင်တာတွေကို တောင်းဆိုနေကြတာမျိုး မဖြစ်သင့်သလို ဖြစ်သင့်ဖြစ်ထိုက် ရသင့်ရထိုက်တာမျိုးတွေကိုလည်း အလျှော့ပေးလိုက်လျောတာမျိုး ဖြစ်သင့်ပါတယ်။ တချို့ကိစ္စတွေကလည်း လက်ရှိအချိန်အခါနဲ့ အခြေအနေမှာ ညှိနှိုင်းလို့ရချင်မှရဦးမှာပါ။ တဖြည်းဖြည်းတိုးတက်လာမယ့် ပြုပြင်ပြောင်းလဲမှုများနဲ့အတူ အချိန်ယူညှိနှိုင်းရမှာတွေလည်း ရှိနိုင်ပါတယ်။ ဒါကြောင့် ရေရှည်တွေ့ဆုံဆွေးနွေးနေကြမယ့် ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ရနိုင်သမျှဖြစ်နိုင်သမျှနဲ့ စဖို့အလွန်အရေးကြီးပါတယ်။ အချိန်ကြာလာတာနဲ့အမျှ ပြဿနာများအားလုံး ပျောက်ကွယ်သွားပြီး လိုလားချက်များ ပြည့်ဝလာကြမယ်လို့ ယုံကြည်ပါတယ်။

ဆွေးနွေးပွဲများဟာ အောင်မြင်ထိရောက်ရန် လိုအပ်ပါတယ်။ ဒါမှသာ အချိန်ကုန်သက်သာမှာပါ။ မြန်မြန်ပြီးစီးမှာပါ။ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ စောရင်စောနိုင်သမျှ နိုင်ငံနဲ့ ပြည်သူ အကျိုးရှိမှာဖြစ်ပြီး အချိန်ကြာရင် ကြာသလောက် ဆုံးရှုံးနစ်နာမှုတွေနဲ့ ဒုက္ခတွေ ဆက်တွေ့နေကြရဦးမှာပါ။ ဒါကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတိုင်းမှာ တိကျပြတ်သားတဲ့ ဆုံးဖြတ်ချက်များ ချနိုင်အောင် ကြိုးစားလုပ်ဆောင်ကြရမှာပါ။

**အားလုံးပါဝင်ပြီး ဝိုင်းဝန်းဆောင်ရွက်**

လောလောဆယ်မှာ တိုင်းရင်းသား လူမျိုးများအလိုက် အမျိုးသားအဆင့် ဆွေးနွေးပွဲတွေကျင်းပနေတာ တွေ့ရပါတယ်။ ဒါတွေဟာ မကြာခင် ကျင်းပတော့မယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြခြင်းပါ။ (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကို ဖေဖော်ဝါရီလ ၂၈ ရက် နေ့မှာ ကျင်းပနိုင်ဖို့ ရည်မှန်းဆောင်ရွက်နေပါပြီ။ အောင်မြင်အောင် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရမှာပါ။

ဒီကြားထဲမှာ တစ်ခု ထူးထူးခြားခြားသတိထားမိတာက လက်မှတ်ရေးထိုးခြင်း မပြုရသေးတဲ့အဖွဲ့တွေလည်း ညီလာခံမှာ လက်မှတ်ရေးထိုးနိုင်ဖို့ကိုလည်း ကြိုးစားညှိနှိုင်းဆောင်ရွက်နေကြောင်း သိရပါတယ်။ သာမန်အားဖြင့်တော့ (၂၁)ရာစုပင်လုံ ဒုတိယညီလာခံကို တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားသူတွေနဲ့ သတ်မှတ်ပြဋ္ဌာန်းထားသူများထဲကပဲ ကိုယ်စားလှယ်တွေအနေနဲ့ တက်ရမှာဖြစ်ပေမယ့် ဒီကြားထဲမှာ တိုးတက်မှုတွေရှိပြီး လက်မှတ်ထိုးမယ့်အဖွဲ့တွေရှိလာရင်လည်း အဲဒီအဖွဲ့တွေဟာ ညီလာခံမှာ ကိုယ်စားလှယ်အဖြစ် ပါဝင်တက်ရောက်နိုင်မှာမို့ ငြိမ်းချမ်းရေးတံခါးကတော့ အဆင်သင့်ပွင့်နေပါပြီ။ ဝင်ရောက်လာမယ့်အဖွဲ့အစည်းများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လှိုက်လှဲဝမ်းသာကြိုဆိုနေမှာပါ။

ဒါကြောင့် ယနေ့ ယခုကြိုးပမ်းဆောင်ရွက်နေတဲ့ တိုင်းရင်းသား သွေးချင်းတွေအချင်းချင်း သံသယများနဲ့ ပဋိပက္ခမှန်သမျှ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့စစ်မှန်တဲ့ ငြိမ်းချမ်းရေးနဲ့အတူ အားလုံးတောင့်တလိုလားနေတဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးမှာ အားလုံးပူးပေါင်းဆောင်ရွက်သင့်ကြပါပြီ။ စုပေါင်းတွေ့ဆုံ၊ စုပေါင်းညှိနှိုင်း၊ စုပေါင်းဆွေးနွေး၊ စုပေါင်းအဖြေရှာကြမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ညီလာခံအဆင့်ဆင့်မှာ ပါဝင်ပြီး ပြည်ထောင်စုအရေး ဦးစားပေးလုပ်ဆောင်သင့်ကြပါပြီ။

တိုင်းရင်းသားပြည်သူအားလုံးက ပင်လုံစိတ်ဓာတ်အရင်းခံတဲ့ စစ်မှန်တဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့ စည်းလုံးညီညွတ်စွာဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးဆီကို အရောက်လှမ်းကြပါစို့လို့ တိုက်တွန်းဖော်ပြအပ်ပါတယ်။

# ရခိုင်ပြည်နယ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန် သီးသန့်ရန်ပုံငွေမှ ကျပ်သန်း ၃၆၀၀ ကျော် ခွဲဝေသုံးစွဲရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ရခိုင်ပြည်နယ် လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးအတွက် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ကျပ်သန်း ၃၆၅၆ ဒသမ ၈၂၀ ခွဲဝေသုံးစွဲ မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယ အကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဥ္စမနေ့ တွင် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။




ပြည်သူ့ငွေစာရင်း ပူးပေါင်း ကော်မတီအတွင်းရေးမှူးက နိုင်ငံတော် သမ္မတထံမှ ပေးပို့ထားသော ရခိုင် ပြည်နယ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် ရေးအတွက် ၂၀၁၆ ခုနှစ် ပြည်ထောင်စု ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ကျပ်သန်း ၃၆၅၆ ဒသမ ၈၂၀ ခွဲဝေသုံးစွဲမည့် ကိစ္စရပ် များနှင့်စပ်လျဉ်း၍ကော်မတီ၏ လေ့လာ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၂/၂၀၁၇)ကို ဖတ်ကြား တင်ပြသည်။

သီးသန့်ရန်ပုံငွေ ခွဲဝေသုံးစွဲရေးနှင့် စပ်လျဉ်း၍ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက မြန်မာနိုင်ငံတွင် တိုင်းနှင့်ပြည်နယ် ၁၄ ခုရှိသည့်အနက် ရခိုင်ပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်မှု နောက်အကျဆုံး ပြည်နယ်တစ်ခုဖြစ်ပါ ကြောင်း၊ ရခိုင်ပြည်နယ်သည် မြို့နယ် ၁၇ မြို့နယ်ဖြင့် ဖွဲ့စည်းထားပါကြောင်း၊ ထိုမြို့နယ်များထဲမှ ရသေ့တောင်မြို့နယ် သည် ဖွံ့ဖြိုးတိုးတက်မှု နောက်အကျဆုံး မြို့နယ်တစ်ခုဖြစ်ပါကြောင်း၊ ရခိုင် ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ဒေသဖွံ့ဖြိုးရေး လမ်း၊ တံတားလုပ်ငန်းပေါင်း ၁၈ ခု ဆောင်ရွက် ရန် မြို့နယ် ၁၆ မြို့နယ်တွင် လျာထား သည်ကို တွေ့ရပါကြောင်း။

ရသေ့တောင်မြို့နယ်တစ်ခု ကျန်ရှိ နေပါကြောင်း၊ ရသေ့တောင်မြို့နယ်သည် ရေလမ်းခရီးကို အဓိကထားပြီး သွားလာ နေရသည့်အတွက် လမ်းပန်းဆက်သွယ် မှုနှင့်သွားလာရေး အင်မတန်ခက်ခဲ လျက်ရှိသည့်အပြင် ရသေ့တောင်မြို့နယ် အတွက် လိုအပ်ချက်များစွာရှိနေပါ ကြောင်း၊ ထို့ကြောင့် ကျန်ရှိနေသည့် သီးသန့်ရန်ပုံငွေထဲမှ ဖြည့်စွက် ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါ ကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးဝေစိန်အောင်က ရခိုင်ပြည်နယ် သည် ဒုတိယဖွံ့ဖြိုးမှုအနည်းဆုံးဖြစ်နေ ရသည်မှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲ မှုသည် အဓိက အကြောင်းအရင်းတစ်ရပ် ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ အခြားမြို့နယ်များ၌ အထူးလိုအပ်နေ သည့် လမ်း၊ တံတားများ တည်ဆောက် ရန်အတွက် သီးသန့်ရန်ပုံငွေမှ ခွဲဝေပါရှိ သည့်အပြင် နိုင်ငံတော်၏ အနောက်ဘက် လုံခြုံရေးအတွက် မဖြစ်မနေလိုအပ် လျက်ရှိသည့် မောင်တောနှင့် ဘူးသီး တောင်မြို့နယ်များတွင် လမ်း၊ တံတား များ တည်ဆောက်ရန်အတွက်လည်း လျာထားချက်များပါရှိသည်ကို တွေ့ရ ပါကြောင်း။

မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား မျိုးနွယ်စုများအားလုံး တန်းတူညီတူ တိုးတက်ဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စု အစိုးရအနေဖြင့် အလေးထားဆောင်ရွက် ပေးရန်နှင့် လက်တွေ့ကျကျဆောင်ရွက် ပေးရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက ရခိုင်ပြည်နယ်အပြင် တိုင်းရင်းသားများ နေထိုင်လျက်ရှိသည့် ဒေသများကိုလည်း တန်းတူညီမျှအခွင့်အရေး ဖော်ဆောင် သည့်အနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝဖွံ့ဖြိုးရေး အစီအစဉ်များကို နိုင်ငံတော်ဝင်ငွေ တိုးတက်လာသည်နှင့် အမျှ နှစ်အလိုက် ဆက်လက်ဆောင်ရွက် သွားရန်၊ ရခိုင်ပြည်နယ်စီမံချက်ကို ဒေသခံပြည်သူများ၊ အဖွဲ့အစည်းများ ဖွဲ့စည်းပြီး စနစ်တကျစီမံကြီးကြပ် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေက ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော်မှ စီမံကိန်းရေးဆွဲ၍ ဆောင်ရွက်ရန်လျာထားသော ပုဏ္ဏား ကျွန်း စက်မှုဇုန်နှင့် ကျောက်ဖြူစက်မှုဇုန် တို့ကို ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက် ရေး၊ ဒေသနေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိအောင် စနစ်တကျ စီမံ၍ အမြန်ဆုံးအကောင်အထည်ဖော် စီမံဆောင်ရွက်ခြင်းအားဖြင့် ရခိုင် ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဒေသနေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိလာပြီး စီးပွားရေး၊ လူမှုရေးများဖွံ့ဖြိုးတိုးတက်ရန် အခွင့် အလမ်းများရှိပါသဖြင့် ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့်ရန်ပုံငွေမှ ခွဲဝေသုံးစွဲရေးကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့အတူ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ် မင်းလှိုင်၊ လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချို၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ ရှမ်း ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်တို့ကလည်း အကြံပြု ထောက်ခံဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက က သီးသန့်ရန်ပုံငွေမှ ခွဲဝေသုံးစွဲရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်၏ ပြန်လည် ရှင်းလင်းခြင်းနှင့် လွှတ်တော်၏အဆုံး အဖြတ်ရယူခြင်းအစီအစဉ်တို့ကို စတုတ္ထ ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ကြေညာသည်။

ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က လွှတ်တော် နှစ်ရပ်သဘောကွဲလွဲသော **"ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"**နှင့် စပ်လျဉ်း ၍ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်များပါဝင်သော ကော်မတီ၏ အစီရင်ခံစာကိုလည်းကောင်း၊ ပြည် ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဝင် ဒေါ်ချိုချိုဝင်းက ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ပထမ ခြောက်လပတ် လျာထားချက်အပေါ် အခွန်ကောက်ခံရရှိမှု အခြေအနေနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ ပါဝင်သော ကော်မတီ၏ အစီရင်ခံစာကိုလည်း ကောင်း ဖတ်ကြားကြသည်။

ပြည်ထောင်စုလွှတ်တော် နာယက က အခွန်ကောက်ခံရရှိမှုအခြေအနေနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်၏ ပြန်လည် ရှင်းလင်းဆွေးနွေးခြင်းနှင့် မှတ်တမ်း တင်ခြင်းအစီအစဉ်ကို စတုတ္ထပုံမှန် အစည်းအဝေးဆဋ္ဌမနေ့တွင် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ပြည်ထောင်စုလွှတ်တော် ဥပဒေ ရေးရာနှင့် အထူးကိစ္စရပ်များလေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင် ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာအောင်ခင်က ၂၀၁၆ ခုနှစ် မတ်လ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ၁၀ လတာကာလအတွင်း ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ရှင်းလင်း တင်ပြရာ လွှတ်တော်က မှတ်တမ်းတင် သည်။

နိုင်ငံတော်သမ္မတထံမှ ပေးပို့ထား သော ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံများ အလုံးစုံပြုပြင်မွမ်းမံရေး စီမံကိန်းဆောင်ရွက်ရန်အတွက် ဂျပန် နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန် ယန်း ၁၀ ဒသမ ၇၈၇ ဘီလီယံ ချေးယူရန် ကိစ္စနှင့်စပ်လျဉ်း၍ လွိုင်ကော်မဲဆန္ဒ နယ်မှ ဒေါက်တာခင်စည်သူ၊ လွိုင်လင် မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ ကယား ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှေးရယ်ရှုမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒ နယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်နှင့် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးမျိုးဝင်းတို့က ဆွေးနွေးကြသည်။

ပြည်ပချေးငွေ ရယူရေးကိစ္စနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံး အဖြတ်ရယူခြင်းတို့ကို စတုတ္ထပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့တွင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရ သည်။

**(သတင်းစဉ်)**

# ဂျပန်-မြန်မာပူးတွဲ၍ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး အလုပ်ရုံဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၈**

ဂျပန်-မြန်မာ ပူးတွဲကျင်းပသော Work Shop for Disaster Management Collaboration Dialogue အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဂျပန်နိုင်ငံ (Ministry of Land, Infrastructure & Tourism) ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနအောက်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ တာဝန်ရှိသူများက Dam Operation, Management and Improvement ကိစ္စဆိုင်ရာများကို ဆွေးနွေးခဲ့ ကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဂျပန်နိုင်ငံမှ Dr. Hitotada MATSUKI ( Director, International Affairs, MLIT) ဦးဆောင်သောအဖွဲ့ဝင် ၂၉ ဦးနှင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးကျော်မြင့်လှိုင် ဦးဆောင် သော အရာထမ်း ၅၀ တက်ရောက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# အင်ကြင်းအချောထည် အကောက်ခွန်ပိုမိုမြင့်မား၍ အခက်တွေ့

**နွားထိုးကြီး ဖေဖော်ဝါရီ ၈**

အင်ကြင်းကျောက်အချောထည်များ နိုင်ငံခြားဈေးကွက်တင်ပို့ရာတွင် အကြမ်းထည် ထက် အကောက်ခွန်အချောထည်များ ဈေးပိုမိုအခွန်ကောက်နေ၍ အခက်တွေ့နေ ရကြောင်း အင်ကြင်းကျောက်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အင်ကြင်းကျောက်လုပ်ငန်းရှင်များသည် ပြည်တွင်းအလုပ်အကိုင်ရရှိရေးနှင့် ပြည်ပဈေးကွက်ရရှိရေးအတွက် အကြမ်းထည်ထက် အချောကိုင်၍ ပြည်ပသို့ တင်ပို့ကြသည်။ သို့ရာတွင် အင်ကြင်းအချောထည် တင်ပို့ခြင်းထက် အကြမ်းထည် တင်ပို့ခြင်းက အခွန်အခသက်သာနေကြောင်း ၎င်းက ဆက်ပြောသည်။

အကောက်အခွန်ကလည်း အချောထည်တွင် အကြမ်းထည်ထက် ဈေးကောင်း ရနေ၍ အကောက်အခွန် ပိုမိုကောက်ယူရခြင်းဖြစ်ကြောင်း၊ နွားထိုးကြီးနယ်တွင် အင်ကြင်းကျောက်ကုမ္ပဏီ ၂၀ ကျော်တွင် အင်ကြင်းကျောက်အချောကိုင်၍ လူသုံး ကုန်ပစ္စည်းများကို ထုတ်လုပ်နေရာ အကြမ်းထည်ထက် အခွန်အခပိုကောက်နေခြင်း ကြောင့် အခက်တွေ့ခြင်းဖြစ်ကြောင်း၊ အင်ကြင်းကျောက်အချောထည်များမှာ ဈေးကွက်တွင် အောင်မြင်နေ၍ အခွန်အခအတားအဆီးများဖြစ်နေကြောင်း သိရ သည်။

**ဌေးမြင့်မောင်**

# ရွှေတောင်၌ ကလေးပုံပြောပြိုင်ပွဲကျင်းပ

**ရွှေတောင် ဖေဖော်ဝါရီ ၈**

နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုသောအားဖြင့် ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန၊ ပညာရေးဌာနနှင့် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့တို့ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ စာပေအသိပညာဗဟုသုတ တိုးပွားစေရန်၊ ထူးချွန်ထက်မြက်သော လူတော်လူကောင်းများဖြစ်လာစေရန်အတွက် မြို့နယ်ရုံးကလေးစာဖတ်ခန်း၌ ပုံပြော ပြိုင်ပွဲကို ဖေဖော်ဝါရီလပထမပတ်က ပြုလုပ်ရာ အ.လ.က(ခွဲ)ချည်မျှင်မှ ကျောင်းသား ကျောင်းသူ ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင် ခဲ့ပြီး ဆုရရှိသူများကို ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့နှင့် ပြန်/ဆက်ဦးစီးမှူးတို့က ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဗထူး**

# ညအပူအချိန် အနည်းငယ်ကျဆင်းနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ ရှမ်း ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်း ငယ်ကျဆင်းနိုင်သည်။

**(မိုး/ဇလ)**

# ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁ ။)**
**၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်**
**(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) ပြည်ထောင်စုရှေ့နေချုပ် — ဥက္ကဋ္ဌ
(ခ) ပြည်ထောင်စုတရားသူကြီးချုပ်က အမည်စာရင်းပေးသော ဥပဒေဘာသာပြန် လုပ်ငန်းကျွမ်းကျင်သူနှစ်ဦး — အဖွဲ့ဝင်
(ဂ) ပြည်ထောင်စုရှေ့နေချုပ်က အမည်စာရင်းပေးသော ဥပဒေဘာသာပြန် လုပ်ငန်းကျွမ်းကျင်သူနှစ်ဦး — အဖွဲ့ဝင်
(ဃ) ဥပဒေဘာသာပြန် လုပ်ငန်းကျွမ်းကျင်သည့် တရားလွှတ်တော်ရှေ့နေနှစ်ဦး — အဖွဲ့ဝင်
(င) တက္ကသိုလ်၊ ကောလိပ် အင်္ဂလိပ်စာ ဌာနများမှ တာဝန်ထမ်းဆောင်ဆဲ သို့မဟုတ် အငြိမ်းစားပါမောက္ခ၊ ကထိကနှစ်ဦး — အဖွဲ့ဝင်
(စ) တက္ကသိုလ်၊ ကောလိပ် ဥပဒေပညာဌာနများမှ တာဝန်ထမ်းဆောင်ဆဲ သို့မဟုတ် အငြိမ်းစားပါမောက္ခ၊ ကထိကနှစ်ဦး — အဖွဲ့ဝင်
(ဆ) တက္ကသိုလ်၊ ကောလိပ် မြန်မာစာဌာနများမှ တာဝန်ထမ်းဆောင်ဆဲ သို့မဟုတ် အငြိမ်းစားပါမောက္ခ၊ ကထိကနှစ်ဦး — အဖွဲ့ဝင်
(ဇ) ညွှန်ကြားရေးမှူးချုပ် ဥပဒေများစိစစ်ရေးဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး — အတွင်းရေးမှူး
(ဈ) ညွှန်ကြားရေးမှူး ပြည်ထောင်စုရှေ့နေချုပ်ရုံး" — တွဲဖက်အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**



## လယ်ယာကဏ္ဍသွင်းအားစုဆိုင်ရာ အရည်အသွေးပြည့်မီရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ဖေဖော်ဝါရီ ၇ မွန်းလွဲ ၂ နာရီက မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်စိုး ဦးဆောင်သောအဖွဲ့အား ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံ၍ ငါးသယံဇာတ ထိန်းသိမ်းမှု ပူးပေါင်းဆောင်ရွက်ရေးနှင့် ငါးလုပ်ငန်းရေရှည်ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ ညနေ ၄ နာရီတွင် မြန်မာ့သြဘာလုပ်ငန်းစုများဥက္ကဋ္ဌ ဦးသတိုးဟိန်း ဦးဆောင်သောအဖွဲ့အား တွေ့ဆုံ၍ လယ်ယာကဏ္ဍသွင်းအားစုဆိုင်ရာ အရည်အသွေးပြည့်မီရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သတ်မှတ်ထားသော ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေး၊ ပြည်တွင်း ပြည်ပ ပညာရှင်များနှင့် ပူးပေါင်း၍ အဆင့်မြင့်နည်းပညာများဖြင့် ပြည်တွင်း၌ ထုတ်လုပ်ပြီး ပြည်ပသွင်းကုန်အစားထိုး စိုက်ပျိုးရေးသွင်းအားစုဆေးဝါးများ ထုတ်လုပ်မှုဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၂ နာရီခွဲက ကိုရီးယားသမ္မတနိုင်ငံ LS Mtron Ltd. မှ Executive Vice President ဖြစ်သူ Mr.Kyung Nyung Woo ဦးဆောင်သောအဖွဲ့ (**အပေါ်ပုံ**)အား တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စွမ်းအင်ရရှိအသုံးပြုရေး လုပ်ထုံးလုပ်နည်း၊ မူဘောင်များချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းအား ပြင်သစ်နိုင်ငံအခြေစိုက် Terrawatt Initiative (TWI) မှ အတွင်းရေးမှူးချုပ် Mr. Jean-Pascal Pham Ba နှင့် အဖွဲ့က ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံဆွေးနွေးသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် နေရောင်ခြည်သုံး စွမ်းအင် (Solar Energy) ဖြင့် လျှပ်စစ်စွမ်းအင်ရရှိအသုံးပြုရေး လိုအပ်သည့် လုပ်ထုံးလုပ်နည်း၊ မူဘောင်များချမှတ်ခြင်း၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ ပုဂ္ဂလိကကဏ္ဍတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးနည်းဖြင့် ဖြည့်ဆည်းပေးနိုင်ပြီး Win-Win-Win အခြေအနေရရှိနိုင်မှု၊ ဆက်နွှယ်သည့်ဌာနများ ပူးပေါင်းရေးဆွဲပြုစုလျက်ရှိသည့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေးဆိုင်ရာ လုပ်ငန်းအစီအစဉ် (NDC) အရ ဆက်လက်အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များနှင့် အကျိုးဝင်မှု၊ နေရောင်ခြည်သုံးစွမ်းအင် အသုံးပြုခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ ထင်းလောင်စာလိုအပ်ချက် လျော့ကျပြီး သစ်တောပြုန်းတီးမှု လျော့နည်းလာခြင်းက ရာသီဥတုပြောင်းလဲမှု လျော့ချခြင်းကို အထောက်အကူပြုနိုင်မှု ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## တရားစီရင်ရေးကဏ္ဍတွင် အာဏာသုံးရပ်ခွဲဝေခြင်းနှင့်စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းသည် နော်ဝေနိုင်ငံသံအမတ်ကြီးH.E.Ms.Tone Tinnes အား ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-4) ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ လုပ်ငန်းတာဝန်များ၊ နော်ဝေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်ပြောင်းလဲရေးတွင် ဆက်လက်ကူညီပေးမည့်ကိစ္စ ရပ်များ၊ တရားစီရင်ရေးကဏ္ဍတွင် အာဏာသုံးရပ်ခွဲဝေခြင်းနှင့်စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစိုးသူရထွန်းသည် နော်ဝေနိုင်ငံသံအမတ်ကြီးH.E.Ms.Tone Tinnes အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-10) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နော်ဝေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် ပံ့ပိုးဆောင်ရွက်မည့် ကဏ္ဍများဖြစ်ကြသည့် ရေအားလျှပ်စစ်ကဏ္ဍ၊ ငြိမ်းချမ်းရေးကဏ္ဍ၊ EITIနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ သစ်တောစိုက်ခင်းများ ပြုစုပျိုးထောင်ရေးကဏ္ဍများကို ဆွေးနွေးခဲ့ကြပြီး သယံဇာတမူဝါဒနှင့် ဥပဒေဆိုင်ရာအားနည်းချက်၊ အားသာချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

## သံဓာတ်ချို့တဲ့ အသိပညာပေးအမျိုးသမီး ၇၀၀၀ ကျော် စုပေါင်းလမ်းလျှောက်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် Ferrovit သံဓာတ်အားဖြည့်ဆေးတို့ ပူးပေါင်း၍ အမျိုးသမီးများ သံဓာတ်ချို့တဲ့မှုနှင့် ပတ်သက်သော အသိပညာ ပိုမိုတိုးပွားစေရန်ရည်ရွယ်ကာ စတုတ္ထအကြိမ်မြောက် Ferrovit Walkathon အမျိုးသမီးစုပေါင်းလမ်းလျှောက်ပွဲကြီးကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း အားကစားနှင့် ကာယပညာသိပ္ပံကျောင်းမှ ဦးစီးအရာရှိ ဒေါ်သန္တာမောင်က ပြောကြားသည်။

"ဒီအမျိုးသမီး စုပေါင်းလမ်းလျှောက်ပွဲကတော့ အမျိုးသမီးထုတစ်ရပ်လုံး သံဓာတ်ချို့တဲ့မှုကြောင့် ဖြစ်ရတဲ့သွေးအားနည်းရောဂါကို သတိမူလာစေဖို့ ဆောင်ရွက်တာ ဖြစ်ပါတယ်။ ကျွန်မတို့ အားကစားလုပ်တဲ့ အမျိုးသမီးငယ်တွေဟာ သာမန်အမျိုးသမီးတွေထက် သွေးအားနည်းရောဂါမဖြစ်ရအောင် သတိပြုလုပ်ဆောင်ကြရပါတယ်။ ဒီလမ်းလျှောက်ပွဲမှာ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းမှာ အမျိုးသမီးငယ် ၃၀၀ ပါဝင်ဆင်နွှဲသွားမှာ ဖြစ်ပါတယ်" ဟု ဒေါ်သန္တာမောင်က စကိုင်းစတားဟိုတယ်၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် သတင်းထောက်များအား ပြောသည်။

အဆိုပါ အမျိုးသမီးများစုပေါင်းလမ်းလျှောက်ပွဲကို နံနက် ၄ နာရီမှ ၉ နာရီအထိကျင်းပကာ သုဝဏ္ဏမိုးလုံလေလုံအားကစားကွင်းမှ စတင်တာလွှတ်ပြီး ဝေဇယန္တာလမ်းတစ်လျှောက် သစ္စာလမ်းမီးပွိုင့်အထိ သတ်မှတ်အကွာအဝေး သုံးမိုင်ခန့် အမျိုးသမီး ၇၀၀၀ ကျော်က စုပေါင်းလမ်းလျှောက်ကြမည်ဖြစ်ကြောင်း၊ ယင်းလမ်းလျှောက်ပွဲအပြီး အမျိုးသမီးများသွေးအားနည်းခြင်းရှိ မရှိစစ်ဆေးပေးခြင်း၊ ဟောပြောအသိပညာပေးခြင်း၊ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သံဓာတ်သည် သွေးတွင်းရှိ သွေးနီဥထုတ်လုပ်မှုနှင့် သွေးနီဥအတွင်းရှိ ဟေမိုဂလိုဘင်ထုတ်လုပ်မှုအတွက် အရေးပါပြီး ခန္ဓာကိုယ်ထဲတွင် သံဓာတ်မလုံလောက်ပါက သွေးနီဥလျော့နည်းလာကာ သွေးအားနည်းရောဂါဖြစ်ပွားရကြောင်း၊ မြန်မာနိုင်ငံရှိ အမျိုးသမီး ၄၅ ရာခိုင်နှုန်းသည် သွေးအားနည်းရောဂါ ဖြစ်ပွားလျက်ရှိကြောင်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီး ၇၀ ရာခိုင်နှုန်းမှာ သံဓာတ်ချို့တဲ့မှုကြောင့် သွေးအားနည်းရောဂါ ဖြစ်ပွားနေကြောင်း၊ အသက် ငါးနှစ်အောက် ကလေး ၇၅ ရာခိုင်နှုန်းမှာ သံဓာတ်ကို စုပ်ယူသော သန်ကောင်များကြောင့် သွေးအားနည်းရောဂါဖြစ်ပွားရကြောင်း Ferrovit မှ ဒေါက်တာဒေါ်သိန်းနိုင်ဦးက ရှင်းပြသည်။

သံဓာတ်ကြွယ်ဝသော အစားအစာများအဖြစ် အသည်း၊ အမဲသား၊ သွေးခဲ၊ ဥအမျိုးမျိုး၊ ကန်စွန်းရွက်၊ ဟင်းနုနယ်ရွက်နှင့် ပဲအမျိုးမျိုးစားသုံးသင့်ကြောင်း သိရသည်။ အဆိုပါစုပေါင်းလမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲလိုသော အမျိုးသမီးများအနေဖြင့် နီးစပ်ရာ ဆေးဆိုင်များတွင် လည်းကောင်း၊ SMS နှင့် Viber Mobile နံပါတ် ၀၉၉၂၅၄၁၃၆၂၈ သို့လည်းကောင်း၊ www. Facebook / Ferrovit Myanmar တွင်လည်းကောင်း၊ မိမိတို့၏ နာမည်၊ အသက်၊ မှတ်ပုံတင်နံပါတ်၊ နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်များဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **မြင့်မောင်စိုး**

# မောင်တောဒေသ လက်ရှိတည်ငြိမ်အေးချမ်းမှုကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နေမှုများဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်အား ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး UN, NGOs, INGOs အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ၊ ရခိုင်ပြည်နယ် မောင်တောဒေသ၏ လက်ရှိတည်ငြိမ်အေးချမ်းမှုကို ဆက်လက်၍ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နေမှုများ၊ နှစ်ဖက်လူ့အဖွဲ့အစည်းအတွင်း ရေရှည်သဟဇာတဖြစ်စွာ အတူလက်တွဲနေထိုင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ နိုင်ငံတော်အစိုးရ၊ အလှူရှင်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ထောက်ပံ့ပေးနေမှုနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှု၊ နိုင်ငံတော်အစိုးရ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံ ဝိုင်းဝန်းကူညီထောက်ပံ့ပေးနေမှုများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဥရောပသမဂ္ဂအဖွဲ့တို့ ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# လွိုင်ကော် ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး တိုးချဲ့အဆောက်အအုံသစ်နှင့် ဆေးရုံသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်

**သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ - မင်းထက်**

**လွိုင်ကော် ဖေဖော်ဝါရီ ၈**

ဂျပန်နိုင်ငံက အကုန်အကျခံ အဆင့်မြှင့်တင် မွမ်းမံတည်ဆောက်ပေးသည့် ကယားပြည်နယ် လွိုင်ကော် ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့်အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် အောင်မြင်စွာကျင်းပခဲ့သည်။



ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူများ လွိုင်ကော်ခုတင် (၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး လွှဲပြောင်းပေးအပ်ပွဲအပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်

အခမ်းအနားတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ဂျပန်သံရုံးမှ Counsellor Mr. Hideaki Matsuo၊ ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးအောင်နှင့် JICA(မြန်မာသံရုံး)မှ Senior Representative Mr. Kotaro Nishigata တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က "လွိုင်ကော်ဆေးရုံကြီး အဆင့်မြှင့်တင်ရေးစီမံကိန်းအဖြစ် ဂျိုက်ကာအကူအညီနဲ့ ဆောင်ရွက်ခဲ့တဲ့ ဆေးရုံတိုးချဲ့အဆောက်အအုံသစ်များ၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေးနဲ့ ရေ၊ လျှပ်စစ်မီးရရှိရေးအပါအဝင် လိုအပ်ချက်တွေကို ဆေးရုံအုပ်ကြီး တင်ပြမှုအပေါ် ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ကွင်းဆင်းကြည့်ရှုပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ခဲ့လို့ အခုလို ခေတ်မီဆေးရုံအဆောက်အအုံသစ်ကြီးနဲ့ ဆေးရုံသုံးပစ္စည်းတွေကို ဒေသခံပြည်သူတွေ သုံးစွဲခွင့်ရရှိမှာဖြစ်တဲ့အတွက် တည်ဆောက်ခွင့်ပြုပေးခဲ့သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကူညီထောက်ပံ့ပေးပါသော ဂျပန်နိုင်ငံအစိုးရနဲ့ ဂျိုက်ကာအဖွဲ့၊ တည်ဆောက်ရေးကုမ္ပဏီများနဲ့ အခြားကူညီပံ့ပိုးပေးသူတွေကို ကျေးဇူးအထူးတင်ပါတယ်"ဟု ပြောကြားခဲ့သည်။



ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူများ ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစဉ်

ဂျပန်နိုင်ငံက တရားဝင်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့စီမံကိန်းအဖြစ် ဆောင်ရွက်ခဲ့သော အဆိုပါ လွိုင်ကော်ပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တင် မွမ်းမံတည်ဆောက်ပေးသည့် စီမံကိန်းကို ၂၀၁၄ ခုနှစ် ဧပြီတွင် စတင်အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ ဘက်ပေါင်းစုံမှ အဆင့်မြှင့်တင်မွမ်းမံတည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ လုပ်ဆောင်ပေးနိုင်ပြီဖြစ်၍ ယခုကဲ့သို့ ဝန်ကြီးဌာနသို့ အခမ်းအနားဖြင့် တရားဝင်လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံအနေဖြင့် ယင်းလွိုင်ကော်ပြည်သူ့ဆေးရုံကြီးကို ဂျပန်ယန်းငွေ ၁၉၄၅ သန်း အကုန်အကျခံ ကူညီထောက်ပံ့ ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ပြီး စီမံကိန်းကာလအနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းအထိ လျာထားသတ်မှတ်လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ လျာထားသတ်မှတ်ကာလအတွင်း ဆေးရုံ ပင်မအဆောက်အအုံသစ် (အရှေ့ဘက်) နှင့် ပင်မအဆောက်အအုံ (အနောက်ဘက်) တွဲလျက်အဆောင်တို့ကို သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံများအဖြစ် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အရှေ့ဘက်ခြမ်းရှိ ပင်မအဆောက်အအုံသစ်တွင် ပြင်ပလူနာဌာန (အထွေထွေရောဂါကု ဆေးပညာ၊ ခွဲစိတ်၊ မျက်စိ၊ စိတ်၊ ကင်ဆာ၊ သွား)၊ အရေးပေါ်ဌာန၊ ပုံရိပ်ဖော်ဌာန၊ ရောဂါဗေဒဌာန၊ ခွဲစိတ်ဌာန၊ ခွဲစိတ်ခန်းမ စသည်ဖြင့် ဌာနအလိုက် ကုသဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပင်မအဆောက်အအုံ(အနောက်ဘက်ခြမ်း)တွင် သားဖွားနှင့် မီးယပ်ဌာန၊ ရူပဗေဒဆေးကုဌာန၊ နား၊ နှာခေါင်း၊ လည်ချောင်းဌာနနှင့် အထွေထွေရောဂါကုဌာနစသည်ဖြင့် ခွဲခြားကုသပေးလျက်ရှိကြောင်း သိရသည်။

ယခု အဆင့်မြှင့်တင်မွမ်းမံတည်ဆောက်ပေးခဲ့သော လွိုင်ကော်ပြည်သူ့ဆေးရုံကြီးတွင် အသုံးအဆောင်ပစ္စည်းများအဖြစ် လျှပ်စစ်ဆိုင်ရာအသုံးအဆောင်ပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးသည့် ပစ္စည်းကိရိယာများ၊ မီးစက်များ၊ မိုးကြိုးလွှဲစနစ်၊ မီးသတိပေးစနစ်၊ ICT ဆိုင်ရာပစ္စည်းများ၊ လေအေးပေးစက်များ၊ ရေပိုက်လိုင်းစနစ်၊ ဆေးဘက်ဆိုင်ရာဓာတ်ငွေ့စနစ်၊ ခုတင်၊ ပစ္စည်းသိမ်းဗီရို၊ စားပွဲခုံ၊ လျှပ်စစ်မီး စသည်တို့အပြင် ဆေးရုံအတွက် လိုအပ်သော အဓိကပစ္စည်းကိရိယာများဖြစ်သည့် လူနာတင်ယာဉ်များ၊ မေ့ဆေးပေးစက်များ၊ သွေးစစ်ကိရိယာများ၊ အဆင့်မြင့်ခွဲစိတ်ကိရိယာပစ္စည်းအစုံများ၊ မွေးကင်းစကလေးအနွေးပေးစက်၊ ခွဲစိတ်ခန်းသုံးအဏုကြည့်မှန်ပြောင်း၊ အောက်ဆီဂျင်အားဖြည့်ကိရိယာ၊ လူနာစောင့်ကြည့်ပြသပေးသည့် စက်ကိရိယာ၊ အီးစီဂျီအသက်ရှူစက်နှင့် အဆင့်မြင့်ဓာတ်မှန်ရိုက်စက် စသည်တို့ကို ခေတ်နှင့်လျော်ညီစွာ အသုံးပြုနိုင်ရန် ကူညီထောက်ပံ့တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

ခုတင်(၅၀၀) ဆံ့ လွိုင်ကော်ပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တင်မွမ်းမံတည်ဆောက်မှုကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး Toda Corporation က တာဝန်ယူတည်ဆောက်ကာ Mitsubishi Corporation က လိုအပ်သော ပစ္စည်းများကို ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

## သူငယ်ချင်းထံသို့ပေးစာ

❖ ပြည်ထောင်စု
တည်ထောင်ပြု
ညီနောင်ထုတို့ရဲ့အားမာန်။
❖ သမိုင်းကိုအခြေခံ
ပြန်လှန်တွက်စစ်
ဒို့ချစ်တဲ့နိုင်ငံ
ဒို့တွေထာဝရပိုင်စေဖို့
ခိုင်ခိုင်မာမာပြု
ညီညွတ်မှုသက်သေကို
ပင်လုံမြေမှာစုလို့
ဒို့တွေကတိပြုခဲ့ကြတာပဲ။
❖ ခုတော့လည်း
ပြည်ထောင်စုကို
တည်ထောင်ပြုခဲ့တဲ့
ညီနောင်ထုက ထိန်းလျှောက်တော့
မတိမ်းမမှောက်ဘဲ
နှစ်ပေါင်း(၇၀)တောင် မြောက်ခဲ့ပြီ။
❖ ရှေ့နောက်ဆင်ခြင်
အမြင်ရှင်းရှင်း
ချစ်ခြင်းတူလက်တွဲ
ခိုင်မြဲမှုကိုချည်နှောင်
ပြည်ထောင်စုစိတ်ဓာတ်နှင့်
ညီညွတ်မှုကိုအပ်နှင်း
ဖက်ဒရယ်စနစ်ကိုလမ်းခင်းလို့
ဒီမိုကရေစီပန်းခင်းထဲ
ချင်းနင်းဝင်ရောက်
မမောပျောက် အပန်းဖြေဖို့
လမ်းသာနေပြီကွ
ဝမ်းသာစရာပါပဲ သူငယ်ချင်း။

ကိုချမ်းမြေ့

## ပါကစ္စတန်အနောက်ပိုင်း၌ ပြင်းအား ၆ ဒသမ ၆ အဆင့်ရှိ လျှင်လှုပ်ခတ်

**အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၈**

ပါကစ္စတန်အနောက်ပိုင်း၌ ဒေသစံတော်ချိန် နံနက် ၃ နာရီ ၃ မိနစ်တွင် ပြင်းအား ၆ ဒသမ ၆ အဆင့်ရှိ လျှင်တစ်ခုလှုပ်ခတ်ခဲ့ပြီး နေရာအများအပြား၌ သိသာစွာတုန်ခါမှုဖြစ်ပေါ်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် သေဆုံးဒဏ်ရာ ရရှိသည့်စာရင်းကို မသိရသေးကြောင်း ဖေဖော်ဝါရီ ၈ ရက်က ပါကစ္စတန် အမျိုးသားငလျင်တိုင်းတာရေးစင်တာက သတင်းထုတ်ပြန်ခဲ့သည်။

ငလျင်သည် ဘာလိုချီစတန်ပြည်နယ် ပက်စ်နီမြို့အနောက်ပိုင်း ၂၃ ကီလို မီတာအကွာ မြေအောက်အနက် ၁၀ ကီလိုမီတာကိုဗဟိုပြုကာ လှုပ်ခတ်ခဲ့ပြီး နေရာအနှံ့အပြားတွင် တုန်ခါမှုသိသာစွာခံစားခဲ့ရကြောင်း သတင်းထုတ်ပြန် ခဲ့သည်။

ငလျင်လှုပ်ခတ်သည့်အချိန်တွင် ပြည်သူများ ကွင်းပြင်သို့ ထွက်ပြေးခဲ့ရ ကြောင်း၊ လက်ရှိအချိန်တွင် သေဆုံးဒဏ်ရာရရှိသူစာရင်းကို မသိရသေး ကြောင်း ဖော်ပြခဲ့သည်။ အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ပြင်းအားရစ်ချ်တာ စကေး ၅ ဒသမ ၈ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်သွားခဲ့ပြီး နောက်နှစ်ရက် အကြာတွင် ပါကစ္စတန်၌ ယခုကဲ့သို့ ငလျင်လှုပ်ခတ်သွားခဲ့ခြင်းဖြစ်သည်။ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က ပါကစ္စတန်တွင် ဖြစ်ပွားခဲ့သည့်ငလျင်သည် ပြင်းအား ၆ ဒသမ ၆ အဆင့်ရှိကြောင်း အတည်ပြုခဲ့ သည်။

ပါကစ္စတန်သည် အိန္ဒိယနှင့်ယူရေးရှားဒေသ၏ အပေါ်ဆုံးလွှာတွင်ခွလျက် တည်ရှိနေပြီး ငလျင်ဒဏ်ထိခိုက်နိုင်မှုများသော နေရာတစ်ခုအဖြစ် တည်ရှိနေ သည်။ နိုင်ငံအတွင်း၌ ပြီးခဲ့သည့် နှစ်အနည်းငယ်အတွင်းမှာပင် ငလျင် လှုပ်ခတ်မှုများစွာ ဖြစ်ပေါ်ခဲ့သည်။

ပါကစ္စတန်တွင် လှုပ်ခတ်ခဲ့သည့် ငလျင်များအနက် ၂၀၀၅ ခုနှစ် အောက်တို ဘာလက ဖြစ်ပေါ်ခဲ့သည့် ငလျင်သည် အဆိုးရွားဆုံး ငလျင်လှုပ်ခတ်မှုဖြစ်ကာ လူ ၇၄၀၀၀ ကျော်ကို အသက်ဆုံးရှုံးစေခဲ့သည်။

**(ဆင်ဟွာ)**

## တူရကီအစိုးရဝန်ထမ်း ၄၅၀၀ အား ရာထူးမှထုတ်ပယ်

**အန်ကာရာ ဖေဖော်ဝါရီ ၈**

ဂူလန်နစ် အကြမ်းဖက်အဖွဲ့နှင့် ချိတ်ဆက်မှုရှိကြောင်း သံသယရှိမှုဖြင့် တူရကီ နိုင်ငံ၌ အစိုးရဝန်ထမ်းဦးရေ ၄၅၀၀ အား ရာထူးမှထုတ်ပယ်လိုက်သည့် ပြစ်မှုဆိုင်ရာ အမိန့်တစ်ရပ်ကို ယမန်နေ့က ကြေညာခဲ့သည်။

ထုတ်ပြန်လိုက်သည့် ပြစ်မှုဆိုင်ရာအမိန့်အရ ပညာရေးဝန်ကြီးဌာနမှ ၂၅၈၅ ဦး၊ ရဲတပ်ဖွဲ့မှ ၈၉၃ ဦး၊ အထွေထွေလုံခြုံရေးဦးစီးဌာနမှ ၄၁၇ ဦး၊ ပြည်ထဲရေး ဝန်ကြီးဌာနမှ ၄၉ ဦးနှင့် အခြားပြည်သူ့အဖွဲ့အစည်းများမှ ၅၂၀ တို့အား အလုပ်မှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သည့်နှစ် ဇူလိုင်လက လူပေါင်း ၂၄၈ ဦး သေဆုံးပြီး ၂၂၀၀ ဒဏ်ရာ ရရှိခဲ့သည့် တူရကီနိုင်ငံ အာဏာသိမ်းရန် ကြိုးပမ်းမှုအတွက် ဖီတိုအဖွဲ့အား တူရကီအစိုးရက စွပ်စွဲထားကြောင်း သိရသည်။

အာဏာသိမ်းမှုဖြစ်ပေါ်ခဲ့ပြီးနောက် တူရကီအစိုးရက နိုင်ငံအား အရေးပေါ် အခြေအနေကြေညာခဲ့ပြီး ဂူလန်နစ်အဖွဲ့နှင့် ချိတ်ဆက်ကြောင်း သံသယရှိသူ အစိုးရဝန်ထမ်းထောင်ပေါင်းများစွာကို ရာထူးမှထုတ်ပယ်ခြင်းနှင့် ဆိုင်းငံ့မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

## တူရကီသမ္မတနှင့်ထရန့်တို့ အိုင်အက်စ်နှိမ်နင်းရေးပူးပေါင်းဆောင်ရွက်ရန် သဘောတူ



**ဝါရှင်တန် ဖေဖော်ဝါရီ ၈**

စစ်သွေးကြွများက ထိန်းချုပ်ထားသည့် ဆီးရီးယားရှိ အယ်လ်ဘတ်နှင့် ရက်ကွာ မြို့တို့တွင် အိုင်အက်စ်စစ်သွေးကြွများ အား အတူတကွပူးပေါင်းကာ တိုက်ခိုက် နှိမ်နင်းသွားရန် တူရကီသမ္မတ တေယစ် အာဒိုဂန်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့သည် တစ်ညတာလုံး ဖုန်းဖြင့် ဆက်သွယ်ပြောဆိုခဲ့ကြကြောင်း တူရကီသမ္မတရုံး သတင်းရင်းမြစ်များက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

နိုင်ငံ့ခေါင်းဆောင် နှစ်ဦးတို့သည် ဆီးရီးယားဘေးမဲ့ဇုန် ထူထောင်ရေး၊ ဒုက္ခသည်အကျပ်အတည်းနှင့် အကြမ်း ဖက်ဖြိုခွင်းရေးကိစ္စများ အပါအဝင် အကြောင်းအရာများစွာတို့ကို ဆွေးနွေး ခဲ့ကြကြောင်း သတင်းရင်းမြစ်များက ဖော်ပြထားသည်။ တူရကီသမ္မတသည် ဒေါ်နယ်ထရန့်အား ဆီးရီးယားရှိ ကာ့ဒ်မျိုးနွယ်စု ဝိုင်ပီဂျီအင်အားစုများ ကို ကူညီထောက်ပံ့မှုမပြုလုပ်ရန် ပြော ကြားခဲ့သည်ဟု မီဒီယာများက ဖော်ပြ သည်။

ထရန့်က နှစ်နိုင်ငံသည် အကြမ်းဖက် မှုများကို ဖြစ်နိုင်သမျှ နည်းလမ်းမျိုးစုံ ဖြင့် ဖြိုခွင်းသွားရန် အပြန်အလှန်ကတိ ကဝတ်ပြုခဲ့ကြပြီး အိုင်အက်စ်အဖွဲ့အား နှိမ်နင်းရာတွင် တူရကီက ပူးပေါင်းပါဝင် မည်ဆိုခြင်းကိုကြိုဆိုကြောင်း အိမ်ဖြူ တော်က ဖော်ပြခဲ့သည်။ သို့သော် ဖုန်းဆက်သွယ်ပြောဆိုခဲ့သမျှ အကြောင်း အရာအားလုံးကိုမူ အသေးစိတ်ဖော်ပြခဲ့ ခြင်းမရှိပေ။ အမေရိကန်က အရေးပေါ် ချောဆွဲထားသည့် စစ်အင်အားစုများ၏ မဟာမိတ်ဖြစ်သည့် ဆီးရီးယားဒီမိုကရက် တစ်အင်အားစုသည် ပြီးခဲ့သည့် စနေ နေ့က ရက်ကွာမြို့တွင် အိုင်အက်စ် စစ်သွေးကြွများအား နှိမ်နင်းသည့် ထိုးစစ်ဆင်တိုက်ခိုက်မှု အသစ်တစ်ရပ်ကို ဆင်နွှဲခဲ့သည်။

တူရကီနှင့်အမေရိကန် ခေါင်းဆောင် နှစ်ဖက်စလုံး၏ သက်ဆိုင်ရာရုံးတော် များက ထရန့်သည် ဖုန်းပြောဆိုမှုအတွင်း အမေရိကန်က တူရကီအားပေးအပ်မည့် အကူအညီများအကြောင်းကို ထပ် တလဲလဲပြောဆိုခြင်းဖြင့် မဟာမိတ် ချစ်ကြည်ရင်းနှီးမှုကို ဖော်ပြခဲ့ကြောင်း သိရသည်။ **(ရိုက်တာ)**

## အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တရားရုံးချုပ်ဂိတ်ပေါက်၌ အသေခံဗုံးခွဲတိုက်ခိုက်

**ကဘူးလ် ဖေဖော်ဝါရီ ၈**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ရှိ တရားရုံးချုပ်ဂိတ်ပေါက်တွင် ယမန် နေ့က အကြမ်းဖက်သမားတစ်ဦး အသေခံဗုံးဖောက်ခွဲမှုပြုလုပ်ခဲ့ရာ လူ ၁၃ ဦးထက်မနည်းသေဆုံးပြီး ၂၅ ဦး ဒဏ်ရာ ရရှိခဲ့ကြောင်း အကြီးတန်းရဲအရာရှိ ဖာရီဒွန်အဘီဒီက ပြောကြားခဲ့သည်။

အသေခံဗုံးဖောက်ခွဲမှုကြောင့် အမျိုး သမီးများအပါအဝင် အပြစ်မဲ့ပြည်သူ ၁၃ ဦး သေဆုံးခဲ့ပြီး အခြား ၂၅ ဦး ဒဏ်ရာ ရရှိခဲ့ကြောင်း အခင်းဖြစ်ပွားရာနေရာမှ သတင်းထောက်များက ပြောသည်။

အသေခံဗုံးဖောက်ခွဲမှုသည် ညနေ ၃ နာရီ ၃၅ မိနစ်ခန့်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မိသားစုဝင်တချို့၏ ရုပ်အလောင်း များကို အိမ်သို့ပြန်သယ်ဆောင်ခြင်း နှင့် ဒဏ်ရာရသူတချို့အား ပုဂ္ဂလိက ဆေးရုံများသို့ ပို့ဆောင်ခဲ့ကြသဖြင့် သေဆုံးဒဏ်ရာရရှိသူ အရေအတွက် သည် အစိုးရ၏ဖော်ပြချက်ထက် ပိုမို များပြားနိုင်ကြောင်း သိရသည်။




တရားရုံးချုပ်က ယခုတိုက်ခိုက် ခံရမှုသည် ဒုတိယအကြိမ်ဖြစ်ပြီး လွန်ခဲ့ သည့် သုံးနှစ်ကလည်း တာလီဘန်တို့က အလားတူတိုက်ခိုက်မှုမျိုး ပြုလုပ်ခဲ့ ကြောင်း ပြောသည်။

အဆိုပါ အသေခံဗုံးဖောက်ခွဲ တိုက်ခိုက်ခြင်းသည် မည်သည့်အဖွဲ့ အစည်းက ပြုလုပ်ခဲ့သည်ကိုမူ သိရှိခြင်း မရှိသေးကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ယီမင်၌ ဖြစ်ပွားနေသည့် ငတ်မွတ်ခေါင်းပါးမှုများကိုဖြေရှင်းရန် ကုလသမဂ္ဂငွေကြေးတောင်းခံ



**ဂျီနီဗာ ဖေဖော်ဝါရီ ၈**

နှစ်နှစ်ကြာဖြစ်ပွားခဲ့သည့်စစ်ပွဲကြောင့် ငတ်မွတ်ခေါင်းပါးမှု ဒုက္ခကိုခံစားနေကြရသည့် ယီမင်နိုင်ငံရှိ ပြည်သူ ၁၂ သန်း အတွက် အစားရေစာနှင့် အခြားသော အသက်ကယ်အကူ အညီများပေးအပ်နိုင်ရန် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံကိုသုံးစွဲနိုင်ရေး ကုလသမဂ္ဂက မေတ္တာရပ်ခံထား ကြောင်း သိရသည်။

ယီမင်နိုင်ငံအတွင်းဖြစ်ပွားနေသည့် အခြေအနေများ သည် ကပ်ဆိုးအသွင်ကျရောက်နေခြင်းဖြစ်ပြီး လျင်မြန်စွာ ပျက်စီးယိုယွင်းလျက်ရှိသည်ဟု ယီမင်ရှိ ကုလသမဂ္ဂလူသား ချင်းစာနာထောက်ထားမှု ပူးပေါင်းဆောင်ရွက်သူ ဂျမီမက် ဂိုးရစ်က အသနားခံစာတွင် ထည့်သွင်းဖော်ပြထားသည်။

ကလေးငယ်ပေါင်း ၂ ဒသမ ၃ သန်း ပါဝင်သည့် ယီမင် ပြည်သူ ၃ ဒသမ ၃ သန်းကျော်သည် ငတ်မွတ်ခေါင်းပါးမှုနှင့် အာဟာရချို့တဲ့မှုဝေဒနာကို ပြင်းပြင်းထန်ထန်ခံစားရလျက် ရှိသည်။

ယီမင်နိုင်ငံ၌ ဖြစ်ပွားနေသည့် ပြည်တွင်းစစ်သည် နှစ်နှစ်နီးပါးကြာမြင့်နေပြီဖြစ်ကာ ဆော်ဒီအာရေဗျဦးဆောင် သည့် ဆွန်နီအစ္စလာမ်ဘာသာဝင် အာရပ်မဟာမိတ်အဖွဲ့နှင့် ဆန့်ကျင်ဘက်ဖြစ်သည့် အီရန်မဟာမိတ် ဟူသီသူပုန်များ အဖွဲ့က ယီမင်ကို နှစ်ပိုင်းကွဲသွားစေခဲ့သည်။

တိုက်ခိုက်မှုများအတွင်း ပြည်သူများစွာအသက်ဆုံးရှုံးခဲ့ ရပြီး ယီမင်နိုင်ငံသား ၁၉ သန်းနီးပါး (နိုင်ငံ့လူဦးရေ၏ သုံးပုံ နှစ်ပုံကျော်)မှာ အကာအကွယ်နှင့် ကူညီထောက်ပံ့မှုများ အရေးပေါ်လိုအပ်လျက်ရှိသည်။

နိုင်ငံ၏စီးပွားရေးမှာလည်း လုံးဝပျက်သုဉ်းသွားကာ လမ်းများ၊ တံတားများ၊ စက်ရုံများနှင့် ဈေးများမှာလည်း ပျက်စီးဆုံးရှုံးသွားခဲ့သည်။

ပြီးခဲ့သည့်နှစ်က ယီမင်ရှိ ကလေးငယ် ၆၃၀၀၀ ခန့်သည် အစာရေစာငတ်မွတ်မှုနှင့် အခြားသောဆက်စပ်ရောဂါ ဖြစ်ပွား မှုများကြောင့် သေဆုံးခဲ့ရသည်။

**(ရိုက်တာ)**

# အမျိုးသားဒီမိုကရေစီအင်အားစုပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၈

**အမျိုးသားဒီမိုကရေစီအင်အားစုပါတီဥက္ကဋ္ဌ ဦးခင်မောင်ဆွေက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဖေဖော်ဝါရီ ၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ကျွန်တော်က ခမောက်ပါတီ NDF ဥက္ကဋ္ဌ ဦးခင်မောင်ဆွေဖြစ်ပါတယ်။ ကျွန်တော်တို့ NDF ပါတီဟာ နိုင်ငံနဲ့ ပြည်သူအကျိုးအတွက် ဖြစ်တယ်လို့ ခံယူထားပါတယ်။ နောက်ပြီး အစိုးရနဲ့ ပြည်သူအကြားမှာ ပေါင်းကူးတံတားသဖွယ်လည်း ဖြစ်ရပါမယ်။ ဒါကြောင့် ပြည်သူ့ကိစ္စအဝဝမှာ ပြည်သူတွေဘက်က ရပ်တည်ဆောင်ရွက်ဖို့ ဘယ်တော့မှ နောက်တွန့်နေမှာမဟုတ်ပါဘူး။ ဘယ်အစိုးရတွေပဲတက်တက် ပြည်သူ့အတွက် လွှတ်တော်နိုင်ငံရေးမှာရော၊ လူထု နိုင်ငံရေးမှာပါ ဝိုင်းဝန်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံကို ဘယ်သူတွေပဲ အုပ်ချုပ် အုပ်ချုပ် NDF ဟာ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်နဲ့ ပြည်သူ့ဘက်ကရပ်တည်တဲ့ အတိုက်အခံပါတီအဖြစ် ဆောင်ရွက်သွားမယ်ဆိုတာ ဒီနေရာကနေ အတိအလင်းပြောကြားလိုပါတယ်။

အခုကာလဟာ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရေးကာလဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံသစ်တည်ဆောက်တဲ့နေရာမှာ လူထုအားကို အများကြီးလိုပါတယ်။ အမျိုးသားညီညွတ်ရေးနဲ့ ဝိုင်းဝန်းတည်ဆောက်နိုင်ပါမှ နိုင်ငံရဲ့ရှေ့ခရီးဟာ ဖြောင့်ဖြူးနိုင်ပါလိမ့်မယ်။

ဒါကြောင့် လူထုအားကို အများကြီးလိုပါတယ်။

ဘာကြောင့်လဲ ပြည်သူတွေမပါဘဲ ဒီမိုကရေစီအောင်ပွဲကို မရနိုင်လို့ဖြစ်ပါတယ်။ ဒီမိုကရေစီမှာ အမြင်ကွဲလွဲမှုတွေကို လက်ခံရမှာပါပဲ။ ဒါပေမယ့် အဲ့ဒီအမြင်ကွဲလွဲမှုတွေ ရှိနေလျက်ကပဲ ညီညွတ်မှုကို ရှာဖွေရပါမယ်။ ရှာဖွေနိုင်ရင် နိုင်ငံရေးအနုပညာမြောက်ပြီး ဒီမိုကရေစီလူ့ဘောင်ကို ရောက်နိုင်ပါလိမ့်မယ်။ ဒါမှမဟုတ်ဘဲ နိုင်ငံနဲ့ ပြည်သူအတွက် အကျိုးမရှိတဲ့အမြင်တွေကိုကိုင်စွဲပြီး ကွဲလွဲခွင့်ရှိရမယ်လို့ တောင်းဆိုနေရင်တော့ ဒီမိုကရေစီထူထောင်ရေးဟာ ဗုန်းဗုန်းလဲပြိုကွဲသွားမှာပဲ။ ဒါကြောင့် ကျွန်တော်တို့လူထုအားကို အများကြီးလိုပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

မြန်မာနိုင်ငံရဲ့ အဓိကစီးပွားရေးဟာ ခေတ်အဆက်ဆက်မှာ စိုက်ပျိုးစီးပွားအခြေခံပဲ။ ဒါပေမယ့် ခေတ်အဆက်ဆက်မှာ တောင်သူတွေ လယ်လုပ်ရင်းငတ်နေကြတယ်။ လယ်သိမ်းခံရလို့ တချို့ဆိုရင် လုပ်စရာလယ်မရှိတော့ဘူး။ ဘယ်သူတွေပဲ အုပ်ချုပ်အုပ်ချုပ် သက်ဦးဆံပိုင်ဘုရင်ခေတ်ကနေ ဒီကနေ့အထိ လယ်သမားဟာ ခေါင်းပုံဖြတ်ခံနေရဆဲပဲ။ လွတ်လပ်ရေးခေတ်မှာ ဆန်စပါးဝယ်ယူရေးဘုတ်အဖွဲ့က လယ်သမားဆီက ဈေးသတ်မှတ်ဝယ်ယူတယ်။ ပြီးရင် နိုင်ငံခြားတင်ပို့တယ်။ ဆိုရှယ်လစ်ခေတ်မှာ အစိုးရက လယ်သမားဆီက စပါးကို အောက်ဈေးနဲ့ ဝယ်တယ်။ ပြီးရင် နိုင်ငံခြားပို့တယ်။ ခုရော ဘာထူးလဲ။ တလင်းပေါက်ဈေးကို နှိမ်ဝယ်ပြီးရင် နိုင်ငံခြားကို အမြတ်တင်ပြန်ရောင်းတာပဲ။ အဲ့ဒီတော့ လယ်သမားဘဝက ခေတ်တွေ ဘယ်လောက်ပြောင်းပြောင်း ဒုံရင်းဒုံရင်းပဲ။ ခုရာသီဥတုက မမှန်၊ ရေကကြီး၊ သွင်းအားစုတွေက ဈေးမြင့်၊ လုပ်သားကရှား၊ ထွက်လာတဲ့စပါးက ဈေးကျနဲ့ နောက်ဆုံးမှာ ဒုံရင်းဟာဒုံရင်းပဲဖြစ်နေတယ်။ ဒါတွေကို အစိုးရအဆက်ဆက် မျက်ကွယ်ပြုခဲ့ကြတယ်။

အခုပြည်သူတွေတင်တဲ့ အစိုးရခေတ်ကိုရောက်ပြီ။ လယ်သိမ်းယာသိမ်းခံရတဲ့ လယ်သမားတွေ လယ်ပြန်ရကြပြီလား။ မရသေးပါဘူး။ အပြောင်းအလဲကိုရောက်ဖို့ဆိုရင် လယ်ယာမြေပြဿနာကို ပထမဦးဆုံး ကိုင်တွယ်မှုဖြစ်မယ်လို့ အစိုးရကို တိုက်တွန်းချင်ပါတယ်။ ကျွန်တော်တို့ပါတီက လွှတ်တော်ထဲမှာ လယ်ယာမြေသန်းခေါင်စာရင်းကောက်ဖို့ တင်ခဲ့တယ်။ ၁၉၅၃ ခု လယ်ယာမြေနိုင်ငံပိုင်သိမ်းရေးဥပဒေနဲ့ ၁၉၆၃ ခု တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးဥပဒေတွေ ပြဋ္ဌာန်းပြီး လုပ်ဆောင်သလိုမျိုး နိုင်ငံတော်က မြေသိမ်းပြီး လယ်ယာမြေဝေခြမ်းရေးလုပ်ပေးဖို့တင်ခဲ့တယ်။ ဒါပေမယ့် လွှတ်တော်တွေက မလုပ်နိုင်ခဲ့ကြဘူး။ ခု ကျွန်တော်တို့ NDF ပြည်သူ့အရှေ့ပြန်ရောက်လာပြီ။ ဒါကြောင့် လယ်သမားတွေရဲ့ လယ်ပိုင်ခွင့်အလုပ်ကို ကျွန်တော်တို့မုချလုပ်မယ်ဆိုတာ ဒီနေရာကနေ ရဲရဲကြီးကတိပေးလိုက်မယ်။ ယုံကြည်လိုက်ပါ။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

တောင်သူလယ်သမားနဲ့ ဆိုင်တာတွေကို ပြောပြီးတဲ့နောက် အလုပ်သမားအရေးကို ဆက်ပြောချင်တယ်။ မြန်မာနိုင်ငံမှာ စက်ရုံလုပ်သား သန်းချီရှိတယ်။ သူတို့တစ်တွေမှာရော လုပ်ခလစာနဲ့ လုပ်ငန်းခွင်စေခိုင်းမှု၊ လုပ်ခလစာနဲ့ ကုန်ဈေးနှုန်းမျှတမှု၊ နေ့စဉ်ဘဝလုံခြုံမှုနဲ့ လူမှုဖူလုံမှု ရှိကြရဲ့လားဆိုတာ မေးခွန်းထုတ်စရာဖြစ်နေတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်ဟာ အလုပ်ဖြစ်စရာရှိတယ်လို့ စီးပွားရေးအသိုင်းအဝိုင်းက ပြောတာပဲ။ ဒါပေမယ့် ခုထိတော့ ရင်းနှီးမြှုပ်နှံမှုတွေ လောက်လောက်လားလား ရောက်လာတာမတွေ့ရသေးဘူး။ အဲ့ဒီတော့ အလုပ်ရှင်ဘက်မှာ အကျပ်အတည်းရှိသလို အလုပ်သမားဘက်မှာလည်း လှော်ရင်းနစ်နေတဲ့ကိန်းဆိုက်နေတယ်။ စက်မှုဇုန်တွေတိုးချဲ့လာမှုကြောင့် အလုပ်သမားအင်အား တဖြည်းဖြည်းနဲ့ များလာခဲ့တယ်။ မြန်မာ့အလုပ်သမားသမိုင်းမှာ လုပ်သားအင်အားအကြီးမားဆုံးကာလလို့ သတ်မှတ်နိုင်တဲ့ခေတ်ပဲ။ လုပ်ငန်းခွင် တရားမမျှတမှုတွေကလည်း ပိုဆိုးလာတယ်။ မတရားမှုတွေကို မခံနိုင်ကြတဲ့အဆုံး အလုပ်သမားသပိတ်တွေပေါ်လာရတာပဲ။ ဒါတွေဟာ အရင်အစိုးရခေတ်ကနေ ခုအစိုးရခေတ်အထိပဲ။ သဘောက အစိုးရအဆက်ဆက် အလုပ်သမားပြဿနာကို ပြေလည်အောင် ဖြေရှင်းမပေးနိုင်ခဲ့ကြဘူး။

ဒါကြောင့် အလုပ်သမားတွေရဲ့ဘဝ ဖူလုံမှုမရှိတာတွေ၊ လုပ်ငန်းခွင်နစ်နာမှုတွေ မရှိဖို့ ယခင်အုပ်ချုပ်ရေးခေတ်အဆက်ဆက်က လုပ်မှားကိုင်မှားတွေကိုဖော်ထုတ်ပြီး ပွင့်လင်းမြင်သာတဲ့ အနေအထားကိုရောက်အောင် တာဝန်ရှိအစိုးရနဲ့ လွှတ်တော်တွေက ဆောင်ကြဉ်းပေးဖို့ အရေးတကြီးလိုနေပြီဖြစ်ကြောင်း တောင်းဆိုပြောကြားလိုက်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ကျွန်တော်တို့တစ်တွေဟာ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံသစ်တည်ဆောက်နိုင်ဖို့ ငြိမ်းချမ်းရေးခရီးကို လျှောက်ကြရဦးမှာဖြစ်ပါတယ်။ အဲ့ဒီလို ဖက်ဒရယ်နိုင်ငံသစ်တည်ဆောက်နိုင်ရေးရဲ့အဖြေကတော့ အမျိုးသားညီညွတ်ရေးကို ရှာဖွေတွေ့ရှိနိုင်မှုအပေါ် မူတည်နေတယ်လို့ ပြောချင်ပါတယ်။

ဒါကြောင့် NDF ခမောက်ပါတီဟာ

- အမျိုးသားညီညွတ်ရေးရရှိရေး၊
- ပြည်သူများရဲ့စားဝတ်နေရေးပြေလည်ရေးနဲ့
- အမျိုးသားအကျိုးစီးပွားနဲ့ အမျိုးသားလုံခြုံရေးအတွက် အာမခံချက်ရှိရေး စတာတွေမှာ ပြည်သူနဲ့အတူ ကြံ့ကြံ့ခံရပ်တည်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ပထမအကြိမ် လွှတ်တော်မှာ ခမောက်ပါတီကိုယ်စားလှယ်တွေရဲ့ပြည်သူ့အကျိုးစွမ်းဆောင်ချက်တွေကို ခင်ဗျားတို့ ပြည်သူတွေ မြင်တွေ့ခဲ့ပြီးပါပြီ။

ဒါကြောင့် NDF ခမောက်ပါတီကို မဲပေးရွေးချယ်လိုက်ပါ။ ရွေးချယ်မယ်ဆိုရင် ကျွန်တော်တို့ ပြည်သူ့မျက်နှာတစ်ချက်အသျှိုးမခံပါဘူး။

ပြည်သူ့မျက်နှာတစ်ချက် ညှိုးတာနဲ့ လွှတ်တော်တွေထဲမှာ ပေကပ်နေမယ့် လူစားမျိုးတွေမဟုတ်တဲ့အတွက် NDF ပါတီကို မဲပေးလိုက်ဖို့ ပန်ကြားရင်း နိဂုံးချုပ်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

## ဒီမိုကရေစီမျှော်လင့်ချက် ပြည်သူ့အတွက် NDF

အမျိုးသားဒီမိုကရေစီအင်အားစု
အမျိုးသားဒီမိုကရေစီအင်အားစု
အမျိုးသားဒီမိုကရေစီအင်အားစု

ဒီမိုကရေစီ နိုင်ငံတော်
သစ်ဆီ ခရီးရှည်ချီတက်
မည်
ရွှေခမောက်ဆောင်းသော
တိုင်းရင်းအောင်နိမိတ်
ပေါ်ထွန်းမည်
ပညာလူမှုစီးပွားမြှင့်တင်
စေပါမည်
သာယာမည် မြန်မာပြည်
ရာဇဝင်တွင်မည်
ပြည်ထောင်စုဖွား
တိုင်းရင်းသားတို့သည်။

ဒီမိုကရေစီအောင်လံလွှင့်ထူဆောင်ရွက်မည်
ပြည်သူနဲ့ တစ်သွေးတစ်သားတည်း သစ္စာတရားတည်
မြန်မာပြည်အပြောင်းအလဲအတွက် ခမောက်ကိုယုံကြည်သည်
ရာဇဝင်မှာ စာတင်မည်
ဒီမိုကရေစီနိုင်ငံတော်သစ် မုချဖြစ်ရမည်
သမိုင်းသစ်ကို ပြောင်းလဲမည် ခမောက်တို့ပြန်လာပြီ
လွတ်လပ်မည် မျှတမည် အခွင့်အရေးသာတူညီ
ပြည်သူကို ကတိပေးထားသည်
ဒီမိုကရေစီကို ကူးပြောင်းရမည်
ခေတ်သစ်ဆီ တရားနဲ့အညီ ခမောက်ရှိနေပါသည်။
ရဲရင့်သည် ရှေ့သို့ချီ လူထုအတွက် ရင်ဆိုင်မည်
ဒီမိုကရေစီမျှော်လင့်ချက် ပြည်သူ့အတွက် NDF (NDF)

## ရာဇဝင်အသစ်ထွင်းမယ် ပြည်သူတို့

**ဒီမြေဟာ ငါတို့တိုင်းပြည် အမြဲခိုင်မာဖို့အရေး**
**သံညီညာ လွတ်လပ်ခြင်းအတွက် ဖြစ်စေ**
**ဒီနိုင်ငံ စစ်ငြိမ်းချမ်းကာ သိက္ခာအောင်နိုင်ရေး**
**ရာဇဝင်အသစ်ထွင်းဖို့ လိုပြီလေ**
**ရိုးသားတဲ့စိတ်ထား ရှင်းလင်းတဲ့အတွေးအမြင်**
**ဆူးများတဲ့မာန်မာနများ ရှင်းပစ်ပယ်ဖို့လို**
**နိုးကြားတဲ့လုပ်အား အမုန်းမရှိတဲ့ မေတ္တာ**
**စူးထက်တဲ့ပညာ ခွန်အားနဲ့ ဒို့ ရှေ့သို့ ချီပါစို့။**
**အမျိုးသားဒီမိုကရေစီအင်အားစုပါတီ**
**အကျိုးများ ပြည်သာယာအောင် ကတိပြုခဲ့သည်**
**အမျိုးသားဒီမိုကရေစီအင်အားစုပါတီ အစဉ်အမြဲရပ်တည်သည်**
**ပြည်သူ့ခေတ်မာန် သေချာဆောက်တည်မည် ဒါ NDF ပါတီ**
**အကြိမ်ကြိမ်ခါ ငါတို့သမိုင်းဟာ သွေးတွေဆူညံပွက်**
**ရင်နာစရာ စနစ်ကြောင့် အနင်းခံဘဝတွေ**
**အလိမ်အညာတွေ တဇွတ်ထိုးသမားတွေ**
**သမိုင်းကို အရောင်မခြယ်ဖို့**
**ရာဇဝင်အသစ်ထွင်းမယ် ပြည်သူတို့**
**ရိုးသားတဲစိတ်ထား ရှင်းလင်းတဲ့အတွေးအမြင်**
**ဆူးများတဲ့ မာန်မာနများ ရှင်းပစ်ပယ်ဖို့လို**
**နိုးကြားတဲ့လုပ်အား အမုန်းမရှိတဲ့ မေတ္တာ**
**စူးထက်တဲ့ပညာ ခွန်အားနဲ့ ဒို့ ရှေ့သို့ချီပါစို့။**
**အမျိုးသားဒီမိုကရေစီအင်အားစုပါတီ**
**အကျိုးများ ပြည်သာယာအောင် ကတိပြုခဲ့သည်**
**အမျိုးသားဒီမိုကရေစီအင်အားစုပါတီ အစဉ်အမြဲရပ်တည်သည်**
**ပြည်သူ့ခေတ်မာန် သေချာဆောက်တည်မည် ဒါ NDF ပါတီ**

# ပုဗ္ဗသီရိမြို့ပတ် ကွန်ကရစ်လမ်းမှ ရွှေးစုကျေးရွာ ကျောက်ချောလမ်းဖွင့်

**တပ်ကုန်း ဖေဖော်ဝါရီ ၈**

နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု၍ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ပုဗ္ဗသီရိမြို့ပတ် ကွန်ကရစ်လမ်းမှ ရွှေးစုကျေးရွာ ၁ မိုင်၊ ၀ ဒသမ ၈ဖာလုံ ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်က အဆိုပါလမ်းရှိ ရွှေဥဒေါင်းကျေးရွာအနီးမုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင်ဦးအေးမောင်စိန်က ယခုဖွင့်လှစ်လိုက်သည့် ပုဗ္ဗသီရိမြို့ပတ် ကွန်ကရစ်လမ်းမှ ရွှေးစုကျေးရွာကျောက်ချောလမ်းသည် ရွှေးစုကျေးရွာအုပ်စု၊ ရွှေးစုကျေးရွာ၊ ဆည်ထိပ်ကျေးရွာနှင့် ရှားတောကျေးရွာအုပ်စု၊ ရွှေဥဒေါင်းကျေးရွာ စသည့် ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် ပညာရေး၊ကျန်းမာရေး၊ လူမှုရေးများ အကျိုးပြုမည့် လမ်းဖြစ်ပါကြောင်း၊ ကျေးလက်နေပြည်သူများကလည်း မိမိတို့အသုံးပြုမည့် ကျောက်ချောလမ်းကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် ကျောက်ချောလမ်းအား ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေစေရန် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်း၊ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဌေးဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကျောက်ချောလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၇၂ ဒသမ ၉၄၄ဖြင့် ဆောင်ရွက်ခဲ့ပြီး ဒေသခံပြည်သူများနှင့် ဒေသထွက်ကုန်များ လမ်းပန်းဆက်သွယ်ရေးပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယဉ်ကျေးမှုအဖွဲ့ဝင်များ နေပြည်တော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်လေ့လာကြည့်ရှု



**နေပြည်တော် ဖေဖော်ဝါရီ ၈**

နှစ် (၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယဉ်ကျေးမှုအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်လေ့လာကြည့်ရှုကြသည်။

ရှေးဦးစွာ ယဉ်ကျေးမှုအဖွဲ့ဝင်များသည် နံနက်၆နာရီခွဲမှ စတင်၍ အဖွဲ့နှစ်ဖွဲ့ခွဲကာ တိရစ္ဆာန်ဥယျာဉ်၊ နက္ခတ်တာရာပြခန်း၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်နှင့် စစ်သမိုင်းပြတိုက်များသို့ သွားရောက်လေ့လာကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် နေပြည်တော်ဗုဒ္ဓဂယာ၊ ဥပ္ပါတသန္တိစေတီတော်၊ ရေပန်းဥယျာဉ်၊ လွှတ်တော်၊ ကျောက်မျက်ရတနာပြတိုက်နှင့် Junction Center/Capital Hyper Market များသို့ ဆက်လက်လေ့လာကြသည်။

အဆိုပါလေ့လာရေးအဖွဲ့များတွင် တိုင်းဒေသကြီး နှစ်ခုနှင့် ပြည်နယ် ခုနစ်ခုတို့မှ ယဉ်ကျေးမှုအဖွဲ့ဝင်စုစုပေါင်း ၃၂၈ ဦး ပါဝင်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# မြန်မာစာပေချစ်မြတ်နိုးသူများအသင်းက ကြီးမှူး၍ မြန်မာစာပေချစ်မြတ်နိုးရေးတရားပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

"မြန်မာစာပေချစ်မြတ်နိုးရေး" ခေါင်းစဉ်ဖြင့် မြန်မာစာပေချစ်မြတ်နိုးသူများအသင်းက ကြီးမှူးကျင်းပမည့် တရားပွဲကို ဖေဖော်ဝါရီ ၉ ရက် (ယနေ့) မွန်းလွဲတစ်နာရီတွင် ရန်ကုန်မြို့ရှိ ရန်ကုန်တက္ကသိုလ် ဓမ္မာရုံ၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

"မြန်မာစာပေ ချစ်မြတ်နိုးရေး" ခေါင်းစဉ်ဖြင့် တရားတော်ကို ဆရာတော် အရှင်ဆေကိန္ဒက ဟောကြားချီးမြှင့်မည်ဖြစ်ပြီး ပိုလ်ကလေးတင့်အောင်၊ ဂုဏ်ထူးဦးသိန်းနိုင်၊ မောင်ခင်မင်(ဓနုဖြူ)တို့က မြန်မာစာပေချစ်မြတ်နိုးရေးနှင့် ပတ်သက်၍ ဟောပြောကြမည်ဖြစ်သည်။

မြန်မာစာပေ ချစ်မြတ်နိုးသူများအသင်းကို မြန်မာစာပေကိုထိန်းသိမ်းစောင့်ရှောက်ရန်၊ မြန်မာစာပေပြန့်ပွားတိုးတက်စေရန်၊ မြန်မာစာပေ၏ ဂုဏ်ကိုမြှင့်တင်ရန်၊ မြန်မာစာပေချစ်မြတ်နိုးသူများ တိုးပွားစေရန်၊ မြန်မာစာပေ ချစ်မြတ်နိုးမှုကို အခြေခံ၍ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းများ ထိန်းသိမ်းတတ်စေရန်၊ မြန်မာစာပေ စွမ်းအားဖြင့် ကျွန်ုပ်တို့၏ နိုင်ငံနှင့်




နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းသွားရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်အားဖြစ်စေရန် မည်သူမဆို ကြွရောက်ခြင်းဖြင့် မြန်မာစာပေမြှင့်တင်ရေးကို ဝိုင်းဝန်းပါဝင်ကြပါရန် မြန်မာစာပေချစ်မြတ်နိုးသူများအသင်းက နှိုးဆော်ဖိတ်ကြားထားကြောင်း သိရသည်။

**(သတင်းစဉ်)**




# တောင်ငူမြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုခြင်းနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြ

**တောင်ငူ ဖေဖော်ဝါရီ ၈**

တောင်ငူမြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူး စနစ်တကျကိုင်တွယ်အသုံးပြု၍ မီးငြိမ်းသတ်ရေးသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၈ ရက်က မြို့မဈေးကြီးစက်တန်းထိပ်၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ သရုပ်ပြပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး၊ ဦးအောင်စိုးမိုး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းထွန်း၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဝင်း၊ ဦးမိုးမခ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးအဖွဲ့မှူး ဦးသိန်းလွင်ဦးနှင့် တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ မီးသတ်ယာဉ်ခြောက်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဝင်များ ပူးပေါင်း၍ သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများ(မူကြမ်း)နှင့်ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများ စာရင်းအမိန့်ကြော်ငြာစာထုတ်ပြန်နိုင်ရေးအတွက် အကြံပြုချက်များ တောင်းခံခြင်း

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၆ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၀ဖြင့် ၂၀၁၆ခုနှစ် အောက်တိုဘာ ၁၈ရက်တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

ယင်းဥပဒေအား အကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ ဆက်လက်ရေးဆွဲလျက်ရှိရာ နည်းဥပဒေ များရေးဆွဲခြင်းနှင့် အမိန့်ကြော်ငြာစာထုတ်ပြန်ရာတို့၌ အထောက်အကူဖြစ်စေရေး အများပြည်သူ၏အကြံပြုချက်ရယူနိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ (တတိယမူကြမ်း)နှင့် ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများစာရင်းတို့အား ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီ များ ညွှန်ကြားမှုဦးစီးဌာန၏ website: www.dica.gov.mmတွင် အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ဖော်ပြထားပါသည်။ သို့ပါ၍ အများပြည်သူများအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများရေးဆွဲရေးနှင့် ကန့်သတ်သည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားစာရင်း သတ်မှတ်ထုတ်ပြန် နိုင်ရေးတို့အတွက် အကြံပြုချက်များအား policylegal.dica @ gmail.com သို့လည်းကောင်း၊ ဖက်စ်နံပါတ်-၀၁-၆၅၈၁၃၉၊ ဖုန်းနံပါတ်-၀၁-၆၅၈၁၃၁တို့သို့လည်းကောင်း ပေးပို့နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ဖခင်အမည်မှန်**

အထက(၁) ဟုမ္မလင်း ကျောင်းဝင်အမှတ်(၁၂၄၈၈)တက္ကသိုလ်ဝင်တန်း(C)မှ မောင်မင်းမင်းသန့်၏ ဖခင်အမည်မှန်မှာ ဦးအုန်းကျော်(ခ)ဦးအုံးကျော်မြင့် ၅/ဟမလ(နိုင်)၀၀၀၈၄၁ ဖြစ်ပါကြောင်း။
**ဦးအုံးကျော်မြင့်**

**ဖခင်အမည်မှန်**

ဆားလင်းကြီးမြို့နယ်၊ ကျားတက်ကျေးရွာ အထက နဝမတန်း(G)မှ မယွန်းသော်ဇင်နှင့် ပုလဲမြို့နယ်၊ ရွှေလောင်းကျေးရွာ အလက (ခွဲ)အဋ္ဌမတန်းမှ မောင်အောင်သူရိန်းမိုးတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်တင် ၅/ပလန(နိုင်)၀၂၀၈၉၈ ဖြစ်ပါသည်။ **ဦးကျော်တင်**

**ပျောက်ဆုံးကြောင်း**

ဖြိုးသီဟအောင် ၁၂/တကန(နိုင်)၁၅၇၁၀၉၏ CDC စာအုပ် ပျောက်ဆုံးသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၀၁၇၀၅၅**

**EXCELLENT**
**Wedding Dress & Photostudio**
ဓါတ်ပုံ၊ဗီဒီယို၊မင်္ဂလာဝတ်စုံ
ဘွဲ့ဝတ်စုံ၊ဆံပင်မိတ်ကပ်
**Prewedding** စိတ်တိုင်းကျရနိုင်ပါသည်။
01504317.095195684.09421005393
၆၆.အင်းစိန်လမ်းမ၊စံရိပ်ငြိမ် ၆ လမ်းထိပ်၊လှည်းတန်း၊ကမာရွတ်၊ရန်ကုန်မြို့

**ဒဂုံမြို့သစ်အရှေ့ပိုင်း၊**
**ဒဂုံမြောက်ပိုင်း၊**
**ဒဂုံတောင်ပိုင်း၊**
**ဒဂုံဆိပ်ကမ်းရှိ**
**မြေကွက်များဝယ်သည်။**
**09 421888366**
**09 420506033**
**09 457195194**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 1G/7824, Honda Fit, GE6 Hatch Back(4x2)Rယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းဦး ၁၂/ရပသ(နိုင်)၀၂၃၅၂၂က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 3B/1212၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 2G/7311၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 7B/1798 TOYOTA WLLUX LN 167R ယာဉ်လက်ဝယ်ရှိသူ Myanmar Force Police က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

**EXCELLENT MUSIC ACADEMY**
တေးရေး၊တေးဆို၊ကီးဘုတ်၊တယော၊စန္ဒယား၊ဂစ်တာ
097 888 455 07 ,095121467 ,0931452059
၆၀/အင်းစိန်လမ်းမ၊လှည်းတန်း၊စံရိပ်ငြိမ်၊ကမာရွတ်၊ရန်ကုန်

**ဝန်ထမ်းအမြန်အလိုရှိသည်**

၁။ Steel Structure စတီးလ်သံပန်းလုပ်ငန်းများနှင့်ပတ်သက်၍ ကျွမ်းကျင်သော ဝန်ထမ်းအလိုရှိသည်။
၂။ ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ ကျွမ်းကျင်သော ဝန်ထမ်းအလိုရှိသည်။ လစာကောင်းကောင်းပေးမည်။
လျှောက်ထားလိုသူများသည် CV Form နှင့်တကွ ရုံးချိန်အတွင်း အောက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။
**ဆက်သွယ်ရန်လိပ်စာ-အမှတ် ၂၄၂၊ ကမာကြည်လမ်း၊ ၂၉ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၇၈၉၇၉၊ ၀၉-၄၃၀၂၂၈၂၈၊ ၀၉-၄၂၀၃၀၁၀၉၁**

**အများသိစေရန် ကြေညာချက်**

၁။ သင်္ဃန်းကျွန်းမြို့နယ်၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၆၅/က)တွင် (၆)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ခွင့်အား မြေရှင် ဦးကျော်ဝင်း၊ လိုင်စင်ရ ကန်ထရိုက်တာ ဒေါ်ခိုင်ခိုင်မင်း (LC-895)၊ လိုင်စင်ရ အင်ဂျင်နီယာ ဦးသူရအောင် (LS-1276)တို့မှ တင်ပြလျှောက်ထားလာပါသဖြင့် ဤဌာန၏ (၈-၇-၂၀၁၅)ရက်စွဲပါစာအမှတ်၊၁၄၇၈/၁၄၇၉/ စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။
၂။ ယခုအခါ အဆိုပါ (၆)ထပ်တိုက် အဆောက်အဦအား ဆောက်လုပ်ရန် ဆန္ဒမရှိတော့သဖြင့် ဆောက်လုပ်ခွင့်ပြုမိန့်အား ပယ်ဖျက်ခွင့်ပြုပါရန် မြေရှင်၊ လိုင်စင်ရကန်ထရိုက်တာနှင့် လိုင်စင်ရ အင်ဂျင်နီယာတို့မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက် ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# စမြုံတော်ဓာတ်နှင့် ဂူဝဘုရားပွဲတော်၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ပုဏ္ဏားကျွန်း ဖေဖော်ဝါရီ ၈**

စမြုံတော်ဓာတ်နှင့် ဂူဝဘုရားပွဲတော်ကို ဖေဖော်ဝါရီ ၃ ရက်မှ ၆ ရက်အထိ လေးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဘုရားသည် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ရန်ကုန်-စစ်တွေကားလမ်းမကြီး၏ အနောက်ဘက်ခြမ်းတွင်တည်ရှိပြီး ပုဏ္ဏားကျွန်းမြို့နှင့် နှစ်မိုင်ခန့်ကွာဝေးသော သမိုင်းဝင်ဓာတ်တော်တစ်ဆူဖြစ်သည်။

ဘုရားပွဲတော်ကို သံဃဒါန ဆွမ်းကျွေးပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ဇာတ်ပွဲ၊ နတ်ပူဇော်ပွဲ၊ ရခိုင်ရိုးရာကျင်ကိုင်ပွဲနှင့် ချောတိုင်တက်ပွဲများစသည့် အခြားပျော်ပွဲရွှင်ပွဲများ ကျင်းပလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၂ နာရီက ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပသည်။




အဆိုပါ အလှူပွဲတွင် ရဟန်းသံဃာတော်အပါး ၃၀၀ ကျော်တို့အား ကုသိုလ်လာပြုကြသူများဖြင့် စည်ကားနေသည်ကို တွေ့ရသည်။

ပွဲတော် နောက်ဆုံးနေ့ဖြစ်သော ဖေဖော်ဝါရီ ၆ ရက်မှာ ရခိုင်ရိုးရာကျင်ဗိုလ်လုပွဲကို ဆက်လက်ကျင်းပလျက်ရှိရာ အနိုင်ရကျင်သန်များကို ပထမဆု ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ်ငါးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်းစီနှင့် ဆုတံဆိပ်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဧရာဝတီမြစ်ရေကြောင်း သောင်များပေါ်ထွန်းလာ၍ သရက်မြို့အနီးရေယာဉ်များသွားလာမှုခက်ခဲ



**သရက် ဖေဖော်ဝါရီ ၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့အနီး ဧရာဝတီမြစ်ရေကြောင်းတစ်လျှောက် နွေရာသီကာလအစတွင် သောင်ပြင်များ ပေါ်ထွန်းလာခြင်းကြောင့် ရေလမ်းကြောင်းများ ကြပ်တည်းကျဉ်းမြောင်းလာလျက်ရှိသည်။

ထိုသို့ ရေလမ်းကြောင်း ကျဉ်းမြောင်းလာခြင်းကြောင့် စက်တပ်ရေယာဉ်သင်္ဘောကြီးများ၊ ကျောက်တင်စီဘီတွဲများ၊ မော်တော်များနှင့် စက်လှေငယ်များ သွားလာမှုခက်ခဲကာ ရေယာဉ်များ သောင်မတင်ရန် ရေအနက်ရေစူးများတိုင်းတာ၍ သတိထားခုတ်မောင်းနေကြရကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

## မူးယစ်ဆေးဝါးအကြောင်းပညာပေးဟောပြော

**တောင်ငူ ဖေဖော်ဝါရီ ၈**

တောင်ငူမြို့ သူနာပြုသင်တန်းကျောင်း၌ ဖေဖော်ဝါရီပထမပတ်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအကြောင်းနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအကြောင်းကို ပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်တင်ဦး၊ စစ်ဆေးရေးမှူး(၂) ဦးစောမင်းဆွေတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သည်များကို ဟောပြောပြီး မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားခဲ့သည်။ **သူရ(တောင်ငူ)**

## မှုခင်းကျဆင်းရေးနှင့် ယာဉ်အန္တရာယ်ကင်းဝေးရေး နေ့စဉ်ဆောင်ရွက်

**ရေတာရှည် ဖေဖော်ဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ်အတွင်း မှုခင်းဖြစ်ပွားမှုလျော့ကျစေရန်နှင့် ရန်ကုန်-မန္တလေးကားလမ်းတစ်လျှောက် အစုန်-အဆန်သွားလာလျက်ရှိသော ယာဉ်မျိုးစုံအား ဖေဖော်ဝါရီ ၅ ရက် ညပိုင်းမှစတင်ကာ ရဲစခန်းအလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ဦးက ပြောကြားသည်။

"မြို့ပေါ်ရပ်ကွက်အလိုက် လမ်းဆုံလမ်းခွတွေမှာ ရဲတပ်ဖွဲ့ဝင်တွေ အသင့်အနေအထားနဲ့ ရှိနေပါတယ်။ ခိုက်ရန်ဒေါသဖြစ်လို့ ရန်ဖြစ်မယ်ဆိုရင်တောင် ရဲတပ်ဖွဲ့ဝင်တွေကို မြင်တွေ့ရရင်အလိုလို ထိန်းသိမ်းပြီးသားဖြစ်တာပေါ့။ နောက်ယာဉ်အန္တရာယ်မဖြစ်ရအောင် မြောက်ဘက်အဝင် တောင်ဘက်အထွက် မြို့တွင်းကရင်ချောင်းလမ်းဆုံတွေမှာ ရဲတပ်ဖွဲ့ဝင်တွေ အသင့်ထားရှိပေးထားတယ်" ဟု ရဲမှူးက ဆက်လက်ပြောကြားသည်။ ရေတာရှည်မြို့မရဲစခန်းအပြင် ဆွာ၊ သာဂရ၊ မြို့လှ၊ ရေနီမြို့တို့တွင်လည်း အလှည့်ကျဖြင့် ရဲတပ်ဖွဲ့ဝင်များအား တာဝန်ပေးအပ်ထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## မှုခင်းကြိုတင်ကာကွယ်ကျဆင်းရေး အသိပညာပေး

**တွံတေး ဖေဖော်ဝါရီ ၈**

သက်ငယ်မုဒိမ်းမှုနှင့် မှုခင်းကြိုတင်ကာကွယ်ကျဆင်းရေး အသိပညာပေးဟောပြောပွဲကို တွံတေးမြို့နယ်တမံကြီးကျေးရွာ ဓမ္မာရုံ၌ ဖေဖော်ဝါရီ ၅ ရက်က ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ဒုတိယရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်လွင်နှင့်အဖွဲ့က ရဲတပ်ဖွဲ့နှင့် ပြည်သူများပူးပေါင်း၍ ဒုစရိုက်သမားများ၊ ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ရေး၊ ခိုး-ဆိုး-လု-နှိုက် မှုခင်းဖြစ်ရပ်များအကြောင်း၊ ပြစ်မှု ပြစ်ဒဏ်များနှင့် ပြစ်မှုကျူးလွန်သူများအား အမှုဖွင့်အရေးယူဆောင်ရွက်ပုံများနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ပြောကြားခဲ့သည်။

**သန်းဌေး(ဒလ)**

## မြစိမ်းရောင် စီမံကိန်းဆိုင်ရာ မွမ်းမံသင်တန်းဖွင့်

**တောင်ငူ ဖေဖော်ဝါရီ ၈**

သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစီအစဉ်ဖြင့် သံတောင်မြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်းပါ ကျေးရွာ ၅၈ ရွာမှ မြစိမ်းရောင်ကျေးရွာ ကော်မတီဝင်များကို မြစိမ်းရောင်စီမံကိန်းဆိုင်ရာ ငွေစာရင်းများရေးသွင်းခြင်း၊ စာရင်းထိန်းသိမ်းခြင်းများဆိုင်ရာ မွမ်းမံသင်တန်းကိုသံတောင်ကြီးမြို့နယ် ဗိုင်ယန်းနှစ်ခြင်းအသင်းတော် သင်တန်းခန်းမ၌ ဖေဖော်ဝါရီလ ပထမပတ်က နှစ်ရက်ကြာဖွင့်လှစ်သင်ကြားပေးခဲ့သည်။

အဆိုပါသင်တန်းသို့ သံတောင်ကြီးမြို့နယ်အတွင်းရှိ မြစိမ်းရောင်စီမံကိန်းပါကျေးရွာခုနစ်ရွာမှ သင်တန်းသားသင်တန်းသူ ၂၁ ဦးတက်ရောက်ခဲ့ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းဆိုင်ရာ ငွေစာရင်းများရေးသွင်းခြင်း၊ စာရင်းများထိန်းသိမ်းခြင်းဆိုင်ရာ မွမ်းမံသင်တန်းကို သံတောင်မြို့ခန်းမတွင် ကျေးရွာ ၁၇ ရွာမှသင်တန်းသား သင်တန်းသူ ၅၁ ကို ဖေဖော်ဝါရီ ၆ ရက်မှ ၇ ရက်အထိလည်းကောင်း၊ လိပ်သိုမြို့နယ်၌ကျေးရွာ ၂၁ ရွာမှ သင်တန်းသား သင်တန်းသူ ၆၃ ဦးကို ဖေဖော်ဝါရီ ၁၀ နှင့် ၁၁ ရက်တို့တွင်လည်းကောင်း သင်တန်းများထပ်မံပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သူရ(တောင်ငူ)**

# ပျက်စီးနေသည့် ချောင်းကူးတံတားချဉ်းကပ်လမ်း မြေထိန်းနံရံ အမြန်ပြန်လည်ပြုပြင်ပေးရန်ဒေသခံများလိုလား

**တပ်ကုန်း ဖေဖော်ဝါရီ ၈**

ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေပြည်တော် တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာအုပ်စုနှင့် ရွှေမြို့ကျေးရွာအုပ်စုတို့ကို ဆက်သွယ်ထားသည့် ဆင်သေချောင်းကူးစိန်နှင့်ရွှေ သံကူကွန်ကရစ်တံတား၏ ချဉ်းကပ်လမ်းများနှင့် မြေထိန်းနံရံများ ရေတိုက်စားပြီး ပျက်စီးသွားခဲ့မှုကို အမြန်ဆုံးပြန်လည်ပြုပြင်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ နိုဝင်ဘာလက ဆင်သေချောင်းရေကြီးပြီး တံတားရဲ့ချဉ်းကပ်လမ်းမြေနံရံတွေ ရေတိုက်စားပျက်စီးသွားခဲ့တယ်။ ဖြစ်ပွားတဲ့အချိန်မှာ သက်ဆိုင်ရာက တာဝန်ရှိသူတွေရော၊ မြို့နယ်ကတာဝန်ရှိသူတွေပါ လာရောက်ကြည့်ရှုကြတယ်။ အခုချိန်ထိ မပြုပြင်ရသေးတော့ မိုးဦးကာလဆိုတံတားအတွက် အားလုံးက စိုးရိမ်နေကြပါတယ်။ ဖြစ်နိုင်ရင်တော့ အခုလို ပွင့်လင်းရာသီမှာ အမြန်ဆုံးပြန်လည်ပြုပြင်ပေးစေလိုပါတယ်" ဟု ရွှေမြို့ကြီးဂိုဏ်းထောက်ကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိဿရိယက မိန့်ကြားသည်။

အဆိုပါ ချောင်းကူးတံတားသည် ပြီးခဲ့သည့် နိုဝင်ဘာ ၉ ရက်က ဆင်သေချောင်းရေလျှံမှုကြောင့် တံတား၏ ရွှေမြို့ဘက်ခြမ်း ချဉ်းကပ်လမ်းမြေထိန်းနံရံအချို့ ရေတိုက်စားကာ ပျက်စီးခဲ့ခြင်းဖြစ်သည်။ တံတားရေနောက် မျောပါပျက်စီးမသွားစေရန် ကျေးရွာသူ၊ ကျေးရွာသားများနှင့် နယ်မြေခံတပ်ဖွဲ့ဝင်များက ရေတိုက်စားမှုသက်သာစေရေးအတွက် သဲအိတ်များချကာ ဝိုင်းဝန်းကာကွယ်လုပ်ဆောင်ခဲ့ရကြောင်း သိရသည်။

"ကျွန်တော်တို့ ဆင်သေချောင်းကို ဖြတ်ကူးဖို့ ဒီတံတားကိုပဲ အဓိကအားထားပြီး သွားရတာ။ ရေတိုက်စားသွားမယ်ဆိုရင် သွားလာဖို့အဆင်ပြေမှာ မဟုတ်တော့ဘူး။ အခု ကျွန်တော်တို့ ကျေးရွာသားတွေ သဲအိတ်တွေချ၊ သဲတွေကိုသယ်ပြီး ဖို့ထားလို့သာ အခုလိုသွားလို့လာလို့ရတာပါ။ ပြန်လည်ပြုပြင်ဖို့ ကျွန်တော်တို့အနေနဲ့ မတတ်နိုင်ဘူး။ ဒါ့ကြောင့် တာဝန်ယူတည်ဆောက်သွားတဲ့ ဆောက်လုပ်ရေး ကုမ္ပဏီအဖွဲ့တွေ လာရောက်ပြုပြင်ပေးမှပဲ အဆင်ပြေမှာပါ" ဟု သပြေချောင်းကျေးရွာမှ ဒေသခံ ဦးမြင့်သိန်းက ပြောပြသည်။



အဆိုပါတံတားအား မိုးရာသီအချိန်တွင် ပိတ်ထားမည်ဆိုလျှင် နေ့စဉ်နှင့်အမျှ ဖြတ်သန်းသွားလာနေကြသည့် ဒေသခံများနှင့် ကျောင်းသားကျောင်းသူများအတွက် အခက်အခဲရှိမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

"တံတားကြီးကိုမပြင်ဘဲ ဒီအတိုင်းဆက်ထားမယ်ဆိုရင် ကုန်ကျမှုလည်းပိုများလာနိုင်သလို မိုးဦးကျမှဆိုလုပ်ရကိုင်ရတာလည်း ပိုပြီး အခက်အခဲရှိလာနိုင်တယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-မောင်လွင်(တပ်ကုန်း)**

# လနှင့်ကမ္ဘာ သို့မဟုတ် အိမ်ဦးနှင့်ကြမ်းပြင်

## (အပိုင်း-၂)

● **သိပ္ပံစာရေးဆရာကိုကိုအောင်**

အမေရိကန်၏ ပထမဦးဆုံးသော အာကာသသူရဲကောင်း အလန်ရှက်ပတ်သည် ကမ္ဘာ့အပြင်ဘက်ရှိ အာကာသထဲသို့ ရောက်သည်ဆိုရုံမျှသာရှိခဲ့ပြီး ကမ္ဘာကို တစ်ပတ်မပတ်နိုင်ခဲ့ပေ။ သမ္မတ ကနေဒီက လမ်းညွှန်မိန့်ခွန်းပြောကြားပြီး နောက်ပိုင်း ကျမှသာ အမေရိကန် အာကာသသိပ္ပံပညာရှင်တို့သည် အာကာသဟင်းလင်းပြင်ထဲမှနေ၍ ကမ္ဘာကိုလှည့်ပတ်နိုင်ရုံမျှမက လဆီသို့ အရောက်ခရီးနှင်နိုင်မည့် အပိုလို (Apollo) အာကာသယာဉ် စီမံကိန်းကို စတင် လုပ်ဆောင်ခဲ့ကြသည်။ ဤသို့အားဖြင့် ၁၉၆၇ခုနှစ်တွင် အာကာသယာဉ်မှူး သုံးဦးလိုက်ပါမည့် အပိုလို-၁ အာကာသယာဉ်ကို စေတန် (Saturn) ဒုံးပျံဖြင့် ပစ်လွှတ်ရန် စီစဉ်နိုင်ခဲ့သည်။

သို့ရာတွင် ပထမဦးဆုံး လူလိုက်ပါမည့် အပိုလိုအာကာသယာဉ် ခရီးစဉ်၏ ယာဉ်မှူးများဖြစ်ကြသော ဂတ်စ်ဂရစ်ဆမ်၊ အက်ဒ်ဝိုက်နှင့် ရော်ဂျာချက်ဖီးတို့သည် ၁၉၆၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် အစမ်းလေ့ကျင့်မှုများ ပြုလုပ်ရန်အတွက် စေတန်ဒုံးပျံ၏ထိပ် အပိုလို-၁ အာကာသယာဉ် ထိပ်ဖူးထဲတွင် ရောက်ရှိနေခိုက် ယာဉ်အတွင်း မတော်တဆ မီးလောင်မှုဖြစ်ကာ သုံးဦးစလုံး အသက်ဆုံးရှုံးခဲ့ရသည်။ ကြေကွဲဖွယ်ရာ ထိုအဖြစ်အပျက်ကို နာဆာအဖွဲ့က စုံစမ်းသည့်အခါ မီးလောင်ရခြင်း အကြောင်းရင်းကို မတွေ့ရှိခဲ့ရသော်လည်း နောက်နောင် ယင်းကဲ့သို့သော မီးလောင်မှုမျိုး မဖြစ်ပွားစေရန်အတွက် အာကာသယာဉ်အတွင်း၌ ထားရှိတပ်ဆင်မည့် ပစ္စည်းများသည် လွယ်လင့်တကူ မီးစွဲမလောင်နိုင်သော ပစ္စည်းမျိုးဖြစ်ရန်နှင့် အာကာသယာဉ် တံခါးကိုလည်း လျင်မြန်စွာ ဖွင့်နိုင်ရေး စီစဉ်ထားရှိရန် လိုအပ်ကြောင်း သင်ခန်းစာများ ရရှိခဲ့သည်။ ယင်းကဲ့သို့သော မီးလောင်မှုကြောင့် အပိုလို အစီအစဉ်သည် လပေါင်း ၂၀ ကျော်ကြာအောင် ရပ်ဆိုင်းသွားခဲ့သည်။

အလားတူဆုံးရှုံးမှုမျိုးကို ဆိုဗီယက်တို့ကလည်း ၁၉၆၇ ခုနှစ် ဧပြီလအတွင်း၌ ကြုံတွေ့ခဲ့ကြရသည်။ လဆီသို့သွားမည့် အာကာသယာဉ်၏ ရှေ့ပြေးယာဉ်ဖြစ်သော ဆိုယုဇ်-၁ ကို ဆိုဗီယက် အာကာသယာဉ်မှူး ဗလာဒီမာကိုမာရော့ဗ်က မောင်းနှင်ပျံသန်းနေစဉ် အာကာသယာဉ်၏ စက်ကိရိယာတချို့ ပျက်စီးချွတ်ယွင်းသွားသဖြင့် ကွပ်ကဲရေးစခန်းမှ မြေပြင်သို့ ဆောလျင်စွာ ပြန်ဆင်းလာရန် အမိန့်ပေးခဲ့သည်။ သို့ရာတွင် ကမ္ဘာမြေပြင်ပေါ်သို့ ပြန်အဆင်း၌ အာကာသယာဉ်၏ လေထီးမှာ ဖွင့်မရတော့သဖြင့် ဆိုယုဇ်-၁ သည် ပြင်းထန်သော အရှိန်ဖြင့် ကမ္ဘာ့မြေမျက်နှာပြင်ကို ဆောင့်မိကာ ကိုမာရော့ဗ် အသက်ဆုံးရှုံးခဲ့သည်။

နောက်ပိုင်းတွင် အမေရိကန်တို့အနေဖြင့် အလွန်ကြီးမားသော စေတန်-၅ ဒုံးပျံကို ၁၉၆၇ ခုနှစ် နှောင်းပိုင်း၌ အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့သည်။ အဆိုပါ စေတန်-၅ ဒုံးပျံကြီးသည် ၃၆၃ ပေ မြင့်ပြီး အဆင့်သုံးဆင့်ရှိကာ တွန်းအား ပေါင် ၇ ဒသမ ၅ သန်းရှိသောကြောင့် အဏုမြူဗုံးတစ်လုံးနှင့် ညီမျှသော စွမ်းအားရှင်ကြီး ဖြစ်သည်။ အဆိုပါ စေတန်ဒုံးပျံကြီးကို နိုဝင်ဘာ ၉ ရက်က အခက်အခဲမရှိ ပစ်လွှတ်နိုင်ခဲ့သဖြင့် လဆီသို့ အရောက်သွားမည့် နာဆာ၏ စီမံကိန်းလုပ်ငန်းစဉ်တွင် အဓိက မှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခဲ့သည်။ အပိုလို-၁ အာကာသထိပ်ဖူးယာဉ် မီးလောင်မှုဖြစ်ပွားပြီးနောက်ပိုင်း အပိုလို-၂ နှင့် အပိုလို-၃ ခရီးစဉ်များ ပျံသန်းနိုင်ခြင်း မရှိခဲ့သောကြောင့် စေတန်-၅ ဒုံးပျံ ပစ်လွှတ်မှုကို အပိုလို-၄ ဟု အမည်ပေးခဲ့သည်။ နာဆာအဖွဲ့က ထပ်မံပစ်လွှတ်ခဲ့သည့် လူလိုက်ပါခြင်းမရှိသော အပိုလို-၅ နှင့် အပိုလို-၆ ခရီးစဉ်များ တွင်မူ အပိုလို-၁၏ဖြစ်ရပ်ကို သင်ခန်းစာယူကာ ပြုပြင်ပြောင်းလဲမှု အများအပြားကို ပြုလုပ်၍ စမ်းသပ်ပျံသန်းခဲ့ရာ ကျေနပ်လောက်သော အောင်မြင်မှုများကို ရရှိခဲ့သည်။

အမေရိကန်တို့သည် အာကာသစူးစမ်းလေ့လာရေး လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ပြုလုပ်ခဲ့ကြရာ ၁၉၆၈ ခုနှစ် အောက်တိုဘာ ၁၁ ရက်တွင် အပိုလို-၇ အာကာသယာဉ်မှူး များက ကမ္ဘာပတ်လမ်းကြောင်းအတွင်း၌ ၁၁ ရက်ကြာ စမ်းသပ်ပျံသန်းနိုင်ခဲ့သည်။ အပိုလို-၁ အာကာသယာဉ် မီးလောင်ပျက်စီးပြီးသည့်နောက် ဒီဇိုင်းအသစ်ဖြင့် ပြန်လည် ပြုပြင် စမ်းသပ်ခြင်းလည်း ဖြစ်သည်။ အပိုလို-၇ ခရီးစဉ်၌ လသို့သွားလျှင် လုပ်ဆောင်ရမည့် ထိန်းကျောင်း မောင်းနှင်မှုများကို လေ့ကျင့်ခဲ့ကြရာ၌ အခက်အခဲမရှိ ပျံသန်းနိုင်ခဲ့သဖြင့် အမေရိကန် သိပ္ပံပညာရှင်တို့က ထိုခရီးစဉ်မှာ ၁၀၀ ရာခိုင်နှုန်း အောင်မြင်သည်ဟုပင် ကြွေးကြော်ခဲ့ကြသည်။

အပိုလို-၇ ၏ အောင်မြင်မှုကြောင့် အမေရိကန်တို့သည် အပိုလို-၈ကိုစေလွှတ်ကာလကို လှည့်ပတ်ပျံသန်းရန် စီစဉ်ခဲ့ကြသည်။ ထိုစဉ်ကာလအတွင်း ထောက်လှမ်းရေး အဖွဲ့အစည်းများထံမှ ၁၉၆၈ ခုနှစ် မကုန်မီ လဆီသို့ လူသားများကို စေလွှတ်ရန် ဆိုဗီယက်တို့က စီစဉ်လျက်ရှိကြောင်း သတင်းထွက်ပေါ်လာသည်။ သို့ရာတွင် ဆိုဗီယက်တို့သည် ၁၉၆၈ ခုနှစ်အတွင်း လူမဲ့အာကာသယာဉ်နှစ်စင်းကို လဆီသို့ စေလွှတ်ရန် ကြိုးပမ်းခဲ့ကြသော်လည်း မအောင်မြင်သောကြောင့် အဆိုပါစီမံကိန်းကို ဆက်မလုပ်ဘဲ ရပ်ဆိုင်းထားလိုက်ကြသည်။ ထိုကဲ့သို့ ရပ်ဆိုင်းထားမှုကြောင့် အမေရိကန်တို့အဖို့ လဆီသို့ လူစေလွှတ်ရေး၌ လက်ဦးမှုရယူရန် အခြေအနေကောင်းကို ဖန်တီးပေးသလို ဖြစ်ခဲ့သည်။

ဤသို့အားဖြင့် အပိုလို-၈ အာကာသယာဉ်မှူးများ ဖြစ်ကြသော ဖရန့်ဘောမင်း၊ ဂျင်လိုဗဲလ်နှင့် ဘီလ်အန်ဒါတို့မှာ လကို လှည့်ပတ်ကြည့်ရှုနိုင်သော ကမ္ဘာ့ပထမဦးဆုံး လူသားများ အဖြစ် သမိုင်းမှတ်တမ်းတင်နိုင်ခဲ့ကြသည်။ ၎င်းတို့သုံးဦးသည် အပိုလို-၈ အာကာသယာဉ်ဖြင့် မိုင်ပေါင်း ၂၃၀၀၀၀ ခရီးကို ၆၆ နာရီကြာ ပျံသန်းပြီးနောက် ၁၉၆၈ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် လပတ်လမ်းကြောင်းထဲသို့ ရောက်ရှိခဲ့သည်။ လပတ်လမ်းကြောင်းထဲ၌ နာရီပေါင်း ၂၀ ကြာပျံသန်းကာလနှင့် ပတ်သက်သော အချက်အလက်များကို ရယူခဲ့ကြပြီး ရုပ်မြင်သံကြား ပုံရိပ်များကိုလည်း ကမ္ဘာမြေပြင်သို့ ပေးပို့ခဲ့သည်။ အပြန်ခရီးတွင် အပိုလို-၈ အာကာသယာဉ်သည် တစ်နာရီလျှင် မိုင်ပေါင်း ၂၅၀၀၀ နှုန်းဖြင့် ကမ္ဘာပတ်လမ်းကြောင်းထဲ ဝင်ရောက်လာပြီး ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ ဘေးမသီရန်မခ ဆင်းသက်ခဲ့သည်။

အပိုလို-၈ ၏ အောင်မြင်မှုသည် အဆင့်မြင့် နည်းပညာသစ်၏ အောင်မြင်မှုတစ်ခု ဖြစ်ခဲ့သလို... အာကာသစူးစမ်းလေ့လာမှု၏ သမိုင်းမှတ်တိုင်တစ်တိုင်လည်း ဖြစ်ခဲ့သည်။ အပိုလို-၈ အာကာသယာဉ်မှ ပေးပို့ခဲ့သော ဓာတ်ပုံများ အနက် လကမ္ဘာ၏ မိုးကုပ်စက်ဝိုင်းမှ ကမ္ဘာကြီး ပြူထွက်လာသော ဓာတ်ပုံသည် ၂၀ ရာစုနှစ်၏ စိတ်တက်ကြွဖွယ် အကောင်းဆုံး ထိပ်တန်းဓာတ်ပုံတစ်ပုံ ဖြစ်လာသည်။ အမေရိကန်တို့၏ အပိုလို-၈ ပျံသန်းခြင်း အောင်မြင်မှုသည် ဆိုဗီယက်တို့ကို အလွန်တရာ စိတ်မသက်မသာ ဖြစ်စေခဲ့သည်။

ဤသို့အားဖြင့် နာဆာအဖွဲ့၏ လပေါ်သို့ လူဆင်းသက်နိုင်ရေး ကြိုးပမ်းမှုမှာ တစ်စတစ်စ ပိုမိုပီပြင်လာလျက်ရှိရာ လပေါ်သို့ ဆင်းသက်ရေးအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် အပိုလို-၉ နှင့် အပိုလို-၁၀ ခရီးစဉ်များကို ဆက်တိုက် ပျံသန်းခဲ့သည်။

အပိုလို-၉ သည် လအထိ သွားရောက်ခြင်းမရှိဘဲ ကမ္ဘာ ပတ်လမ်းကြောင်းထဲ၌ပင် ပျံသန်းခဲ့သော်လည်း လဆီသို့ အမှန်တကယ်သွားရောက် ဆင်းသက်မည်ဆိုလျှင် လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာ အားလုံးကို လေ့ကျင့်စမ်းသပ်ခဲ့သည်။ ၁၉၆၉ ခုနှစ် မေ ၁၈ ရက်တွင် လွှတ်တင်ခဲ့သော အပိုလို-၁၀ သည် လပတ်လမ်းကြောင်းထဲအထိ အရောက်သွားကာ လပေါ်သို့ ဆင်းသက်ရေးအတွက် ကြိုတင်၍ အစမ်းလေ့ကျင့်ခဲ့သည်။ လပတ်လမ်းကြောင်းထဲတွင်နှစ်ရက်တာနေထိုင်ပြီး၊ လကို ၁၀ ပတ်မျှ ပတ်နေစဉ်အတွင်း ယာဉ်မှူးနှစ်ဦးဖြစ်သည့် စတက်ဖို့နှင့် ဆာနန်တို့သည် လဆင်းယာဉ်ဖြင့်လ၏ မြေမျက်နှာပြင်မှကိုးမိုင် အကွာအထိ ဆင်းသက် လေ့ကျင့်ခဲ့ကြကာ ကမ္ဘာမြေပြင်သို့ မေ ၂၆ ရက်တွင် ပြန်လည် ဆင်းသက်ရောက်ရှိခဲ့သည်။

၁၉၆၉ ခုနှစ် ဇူလိုင် ၁၆ ရက်တွင်မူ အမေရိကန် ပြည်ထောင်စု တစ်ဝန်းလုံးရှိ အရေအတွက်အားဖြင့် တစ်သန်းမျှသော လူထုပရိသတ်ကြီးသည် အပိုလို-၁၁ ပစ်လွှတ်မည့် အစီအစဉ်ကို ကြည့်ရှုရန် ကနေဒီစခန်း၌ စုရုံးရောက်ရှိနေကြသည်။ လပေါ်သို့ ကမ္ဘာ့လူသားတို့ ဆင်းသက်ခြင်းဖြင့် သမိုင်းတွင်မည့် အာကာသယာဉ် စတင်ပျံသန်းမှုကို ကြည့်ရှုရတော့မည်ဖြစ်၍ လူထုပရိသတ်အားလုံး စိတ်လှုပ်ရှားလျက်ရှိနေကြသည်။ ဂရင်းနစ်စံတော်ချိန် ၁၃း၃၂ နာရီတွင် စေတန်-၅ ဒုံးပျံ၏ အင်ဂျင်သည် နေမင်းကြီးတစ်စင်းပမာ မီးပွင့်ပြီး ထွန်းလင်းလာကာ နံနက်ခင်း၏ ဆိတ်ငြိမ်မှုကို ကျယ်လောင်သောအသံဖြင့် ဖြိုခွင်းလိုက်ပြီး အာကာသယာဉ်မှူးများ ဖြစ်ကြသော အမ်းစထရောင်း၊ အော်လ်ဒရင်နှင့် ကောလင်းတို့ လိုက်ပါသည့် အပိုလို-၁၁ အာကာသယာဉ်ကို သယ်ဆောင်လျက် ကမ္ဘာ့အပြင်ဘက်သို့ စတင် ထွက်ခွာခဲ့တော့သည်။

အပိုလို-၁၁ သည် ယာဉ်သုံးစင်းကို ပေါင်းထားသော အာကာသယာဉ်ဖြစ်ကာ အဆိုပါ အာကာသယာဉ်၌ ပူးတွဲထားသည့် ယာဉ်များမှာ ကွပ်ကဲရေးယာဉ်၊ ထောက်ပံ့ယာဉ်နှင့် လဆင်းယာဉ်တို့ ဖြစ်ကြသည်။ ကွပ်ကဲရေးယာဉ်နှင့် ထောက်ပံ့ယာဉ်တို့သည် ကမ္ဘာ့လေထုထဲ ပြန်ဝင်ခါနီး အချိန်ကျမှသာ အာကာသထဲ၌ ဖြုတ်ထွက်ခွဲခွာကြပြီး ယင်းမတိုင်မီ ခရီးစဉ် တစ်လျှောက်လုံး၌ အမြဲပူးတွဲထားသဖြင့် ထိုယာဉ်နှစ်စင်းကို ပေါင်း၍ ကွပ်ကဲထောက်ပံ့ယာဉ်ဟုလည်း သုံးနှုန်းကြသည်။ ကွပ်ကဲရေးယာဉ်သည် အာကာသယာဉ်မှူးသုံးဦးတို့ လိုက်ပါသည့်ယာဉ် ဖြစ်သည်။ ခရီးစဉ် တစ်လျှောက်လုံးကို အဆိုပါ ယာဉ်က ကွပ်ကဲ ထိန်းကျောင်းပေး သောကြောင့် ကွပ်ကဲရေးယာဉ်ဟု ခေါ်ဝေါ်ခြင်းဖြစ်သည်။ ထောက်ပံ့ယာဉ်နှင့် လဆင်းယာဉ်တို့သည် ကမ္ဘာ့လေထုထဲသို့ ပြန်မဝင်ဘဲ အာကာသထဲ တွင် စွန့်ပစ်ထားခဲ့သည့်ယာဉ်များဖြစ်ကြသည်။ ကွပ်ကဲရေးယာဉ်သည် ယာဉ်မှူးသုံးဦးနှင့်အတူ ကမ္ဘာမြေဆီသို့ ပြန်ဆင်းမည်ဖြစ်သည့်အတွက် လေထုနှင့်ပွတ်တိုက်မှုကြောင့် ဖြစ်ပေါ်လာမည့် အပူဒဏ်ကိုခံနိုင်ရန် ကိုယ်ထည်၌ အရည်အသွေး အလွန်ကောင်းသော အပူကာပစ္စည်းများကို တပ်ဆင်ထားရသည်။

အာကာသခရီးစဉ်အတွက် လိုအပ်သောတွန်းအား၊ စွမ်းအင်နှင့် ရိက္ခာစသည့် ထောက်ပံ့ရေးပစ္စည်းကိရိယာများ အပြည့်အစုံ ပါဝင်သောယာဉ်မှာ ထောက်ပံ့ယာဉ်ဖြစ်သည်။ ထောက်ပံ့ယာဉ်ထဲတွင် ဒုံးအင်ဂျင်စက်များ၊ လျှပ်စစ်ဓာတ်အားပေးစနစ်များ၊ ရေနှင့်ရိက္ခာ သိုလှောင်ခန်းတို့ ပါဝင်သည်။ လဆင်းယာဉ်၌မူ လမျက်နှာပြင်ပေါ်သို့ အဆင်းအတက် ပြုလုပ်နိုင်ရန်လိုအပ်သည့် စက်ကိရိယာများ၊ လူနှစ်ဦး လိုက်ပါနိုင်သည့် အခန်း၊ ရေနှင့်ရိက္ခာသိုလှောင်ခန်းများ ပါဝင်သည်။ လဆင်းယာဉ်၏ ယာဉ်မှူးအခန်းသည် ရှစ်ပေရှည်ပြီး တစ်ပေခွဲမျှသာ ကျယ်ဝန်းသည့်အတွက်၊ ယာဉ်မှူးနှစ်ဦး ဝင်ဆံ့ရုံမျှသာ ရှိသည်။


အပိုလို-၁၁၏ အထူးအရေးပါသော အစိတ်အပိုင်းမှာ ယာဉ်ပြင်ပ လှုပ်ရှားရေးစနစ် ဖြစ်သည်။ ယာဉ်ပြင်ပ လှုပ်ရှားရေး စနစ်တွင် ယာဉ်မှူးတို့ဝတ်ဆင်သည့် အာကာသဝတ်စုံနှင့် ထောက်ပံ့ရေး သေတ္တာငယ်တို့ ပါဝင်သည်။ ယာဉ်မှူးတို့သည် လမျက်နှာပြင်ပေါ်သို့ဆင်းတိုင်း အာကာသဝတ်စုံဝတ်၍ သေတ္တာငယ်ကိုလည်း ယူသွားကြရသည်။ ယင်းစနစ်က ယာဉ်မှူးများအတွက် လိုအပ်သော အောက်ဆီဂျင်ဓာတ်ငွေ့နှင့် လေဖိအားကိုပေးသည့်အပြင် အာကာသအတွင်း၌ အပူရှိန်၊ ဓာတ်ရောင်ခြည်ဖြာထွက်မှု၊ အလင်းရောင်ဖြာထွက်မှုတို့မှ အကာအကွယ်ပေးသည်။ ယာဉ်မှူးများကို လပေါ်တွင် သက်သောင့်သက်သာ အလုပ်လုပ်နိုင်ရန်လည်း ထိုစနစ်ကပင် စီမံထားသည်။

အပိုလို-၁၁ ယာဉ်ကို ကမ္ဘာမြေပြင်မှ အာကာသထဲရှိ ကမ္ဘာပတ်လမ်းကြောင်းဆီသို့ လည်းကောင်း၊ ကမ္ဘာပတ်လမ်း ထဲမှတစ်ဆင့်လဆီသို့လည်းကောင်း ပို့ဆောင်ပေးသည်မှာ စေတန်ဒုံးပျံဖြစ်သည်။ အဆင့်သုံးဆင့်ပါသော စေတန်-၅ ဒုံးပျံ တွင် ကွပ်ကဲထောက်ပံ့ယာဉ်နှင့် လဆင်းယာဉ်တို့ကို သီးခြားစီ ထည့်သွင်း၍ သယ်ဆောင်သည်။ အဆိုပါယာဉ်များ အပါအဝင် စေတန်-၅ဒုံးပျံသည် စုစုပေါင်းအားဖြင့် ပေါင် ၆ ဒသမ ၃သန်း အလေးချိန်ရှိသည်။ ကမ္ဘာ့မြေပြင်မှ အာကာသဆီသို့အတက် တွင် ကွပ်ကဲထောက်ပံ့ယာဉ်နှင့် လဆင်းယာဉ်တို့ကို စေတန်ဒုံးပျံ၏ထိပ်တွင် သယ်ဆောင်သွားသည်။ ယာဉ်မှူးသုံးဦးပါသော ကွပ်ကဲယာဉ်က ထိပ်ဆုံး၌ ရှိပြီး ယင်း၏အောက်တွင် ထောက်ပံ့ယာဉ်ကကပ်လျက် ပူးတွဲလိုက်ပါသည်။ ထောက်ပံ့ယာဉ်၏ အောက်တွင်မူ လဆင်းယာဉ်ရှိသည်။

စေတန်ဒုံးပျံတွင် ပါရှိသော အဆင့်သုံးဆင့်အနက် ပထမနှင့် ဒုတိယအဆင့်တို့သည် အပိုလို-၁၁ ယာဉ်ကို အဆင့်ဆင့် တွန်းအားပေးပြီးနောက် အာကာသ

စာမျက်နှာ ၁၇ သို့


စေတန်ဒုံးပျံ



*စာမျက်နှာ ၁၆ မှ*

ထဲ၌ ဖြုတ်ချချန်နေခဲ့ရာ နောက်ဆုံးတွင် တတိယအဆင့် တစ်ဆင့်တည်းသာလျှင် အပိုလို-၁၁ ယာဉ်နှင့်အတူ ပူးတွဲကျန်ရှိသည်။ လပေါ်သို့ ဆင်းရန်အတွက် ကွပ်ကဲယာဉ်ပေါ်၌ ပါရှိလာသော ယာဉ်မှူး နှစ်ဦးသည် လဆင်းယာဉ်ထဲသို့ကြိုတင်ဝင်ရောက်ကြ ရသည်။ ထိုကဲ့သို့ဝင်နိုင်ရန် ကွပ်ကဲထောက်ပံ့ယာဉ်နှင့် လဆင်းယာဉ်တို့ ထိပ်ချင်းတေ့ဆက်ကြရသည်။ ထိုယာဉ်နှစ်စင်း တေ့ဆက်နိုင်ရန်အတွက် ကမ္ဘာပတ်လမ်းကြောင်းထဲမှ ဖယ်ခွာ၍ လဆီသို့ ရှေးရှုပျံသန်းနေခိုက် ကွပ်ကဲထောက်ပံ့ယာဉ်သည် စေတန်ဒုံးပျံမှ ခွာလိုက်ချိန်တွင် စေတန်၏အတွင်းပိုင်း၌ ပါလာသော လဆင်းယာဉ်က ပေါ်လာသည်။ ထိုအခါ ကွပ်ကဲထောက်ပံ့ယာဉ်သည် လဆင်းယာဉ်နှင့် မျက်နှာချင်းဆိုင်မိရန်အတွက် ထိန်းကျောင်းမောင်းနှင်ရင်းယာဉ်ကို နောက်ပြန်လှည့်ရသည်။ မျက်နှာချင်းဆိုင်မိကြသောအခါ ကွပ်ကဲထောက်ပံ့ယာဉ်နှင့် လဆင်းယာဉ်တို့ တဖြည်းဖြည်းချင်း ထိပ်တိုက်ချိတ်ဆက်ကြရသည်။ ဤသို့အား ဖြင့် ယာဉ်အချင်းချင်း ချိတ်ဆက်မိသွားသောအခါ စေတန်ဒုံးပျံ၏ တတိယအဆင့်ကို အာကာသထဲတွင်ချန် ထားခဲ့ပြီး ကွပ်ကဲထောက်ပံ့ယာဉ်နှင့် လဆင်းယာဉ်အတွဲဖြစ်သော အပိုလို-၁၁ သည် လဆီသို့ ရှေးရှုခရီးနှင်ကြရသည်။

အပိုလို-၁၁ အာကာသယာဉ်သည် လပတ်လမ်းကြောင်းထဲသို့ ရောက်သည့်အခါ ကွပ်ကဲထောက်ပံ့ယာဉ်ထဲမှ ယာဉ်မှူး သုံးဦးအနက် အမ်းစထရောင်းနှင့် အော်လ်ဒရင်တို့က လဆင်းယာဉ်ထဲဝင်ပြီး လဆင်းယာဉ်ကို ကွပ်ကဲထောက်ပံ့ယာဉ်မှ ခွာထုတ်ကာ လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ရန် ပြင်ဆင် ကြသည်။ ကျန်ယာဉ်မှူးတစ်ဦးဖြစ်သည့် ကောလင်းကမူ ကွပ်ကဲထောက်ပံ့ယာဉ်ကို လပတ်လမ်းထဲတွင် လှည့်ပတ်မောင်းနှင်ရင်း စောင့်ဆိုင်းနေခဲ့သည်။

# လွှတ်တော်ကိုယ်စားလှယ်များဦးဆောင်သည့် တောင်သူအဖွဲ့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန(နေပြည်တော်)သို့ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး ဦးဆောင်သည့်တောင်သူ ၆၀ ပါဝင်သော လေ့လာရေးအဖွဲ့က ဖေဖော်ဝါရီ ၅ ရက်က လာရောက် လေ့လာခဲ့ကြောင်း သိရသည်။

အဆိုပါ လေ့လာရေးအဖွဲ့ဝင်များသည် စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ ရေအသုံးချရေးဌာနစုကွင်းသို့ သွားရောက်လေ့လာကြရာ ဌာနစုတာဝန်ခံ ဒေါက်တာ ခင်မာဌေးက သုတေသနပြု စမ်းသပ်ထားသည့် စပါး လမိုင်း စမ်းသပ်ကွက်ကိုပြသ၍ ရှင်းလင်းပြသရာ တောင်သူများက စိတ်ပါဝင်စားစွာ လေ့လာမှတ်သားကြပြီး သိလိုသည်များကိုလည်း မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ရေချွေတာသုံးစွဲနည်းစနစ်ဖြင့် စမ်းသပ်ထားသည့် မြေပဲနှင့် ခရမ်းချဉ်သီးနှံ စမ်းသပ်ကွက်များကိုလည်းကောင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ဌာနစုကွင်းအတွင်းရှိ မုန်လာဥနီမျိုးများ စမ်းသပ်ယှဉ်ပြိုင်စိုက်ပျိုးထားမှုများကို လည်းကောင်း၊ မုန်ညင်းမျိုးရင်းဝင် သီးနှံဖြစ်သော ပတ်ချိုင်သီးနှံအပေါ် အကောင်းဆုံး အာဟာရ ရည်အချိုးအစား ရှာဖွေမှု စမ်းသပ်ထားခြင်းများကိုလည်းကောင်း လိုက်လံကြည့်ရှုခဲ့ကြပြီး တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် မျိုးစေ့ဘဏ်သို့ သွားရောက်ခဲ့ကြပြီး ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းစိုး ဦးဆောင်သည့် သီးနှံဌာနစုနှင့် သီးနှံ အထောက်အကူပြု နည်းပညာဌာနစုတို့မှ တာဝန်ခံများက စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် လက်ရှိလုပ်ဆောင်လျက်ရှိသော သုတေသနနှင့် ပတ်သက်သည့် ဗီဒီယိုမှတ်တမ်းကို ပြသသည်။



ထို့နောက် တောင်သူများက မျိုးစေ့ဘဏ်ပြခန်းအတွင်း ပြသထားသည့် စပါး၊ ပြောင်းနှင့် နှံစား၊ ဆီထွက်သီးနှံ၊ ပဲမျိုး စုံသီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ၊ စက်မှုကုန် ကြမ်းသီးနှံ အစရှိသော သီးနှံအလိုက် သုတေသနပြကွက်များကိုလည်းကောင်း၊ သီးနှံစိုက်စနစ်၊ မြေဆီ လွှာ၊ ရေအသုံးချရေး၊ ပိုးမွှား၊ ရောဂါ၊ ဇီဝနည်းပညာ အစရှိသော သုတေသန ပြကွက်များကို လည်းကောင်း လေ့လာခဲ့ကြပြီး သိရှိလိုသော မေးမြန်းချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# လမ်းမတော်မြို့နယ်အတွင်း နောက်ဖေးလမ်းကြားသန့်ရှင်းရေးနှင့် အိမ်ရှေ့ရေမြောင်းဆယ်ယူခြင်းပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ဖေဖော်ဝါရီလပထမပတ်က လမ်းမတော်မြို့နယ် ၆ ရပ်ကွက် မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြား ၁၃ လမ်း၊ အလယ်လမ်း၏နောက်ဖေးလမ်းကြားသို့ သန့်ရှင်းရေး လုပ်ဆောင်နေသည်ကို မြင်တွေ့ရသည်။ လမ်းမတော်၊ လသာ၊ ပန်းပဲတန်း၊ ပုဇွန်တောင် စသည့်မြို့လယ်မြို့နယ်များ၏နောက်ဖေးလမ်းကြားများကို စီမံချက်ဖြင့် သန့်ရှင်းရေး လုပ်ဆောင်ခဲ့မှု ၂၀၁၆ နှစ်လယ်နောက်ပိုင်းတွင် မြင်တွေ့ရသည်။

ယင်းသို့ ပြုလုပ်အပြီး ထပ်မံ၍ အမှိုက်များ စွန့်ပစ်ခြင်း မပြုရန်နှင့် ကျူးကျော်အသုံးပြုခြင်းများမရှိရန်အသိပေးစာများ နောက်ဖေးလမ်းကြားအဝင်ဝများတွင် ချိတ်ဆွဲအသိပေးမှုရှိခဲ့သည်။

နောက်ဖေးလမ်းကြားများအနက် အချို့ နေရာများတွင် ပြန်လည်သန့်ရှင်းရေးလုပ်ဆောင်မှု မြင်တွေ့ရသကဲ့သို့ လမ်းအချို့တွင်လည်း အိမ်ရှေ့ရေမြောင်းများကို သက်ဆိုင်ရာမှ ဆယ်ယူရှင်းလင်းပြီး ထွက်ရှိလာသော မြောင်းအတွင်းရှိ အမှိုက်များကိုပါ သယ်ဆောင်သွားသည်ကို ဘုန်းကြီးလမ်း(အလယ်) တစ်ဖက်တစ်ချက်စီတွင် မြင်တွေ့ရသည်။ ၂၀၁၆ ခုနှစ် အတွင်း မြို့လယ်ရှိမြို့နယ်အလိုက် ရေကြီးရေလျှံမှုလျော့ပါးရေး ကန်ထရိုက်စနစ်ဖြင့် လမ်းမကြီးများရှိရေမြောင်းများ ဆယ်ယူရှင်းလင်းခဲ့သည်။

စီမံချက်ဖြင့် ဆယ်ယူရှင်းလင်းခဲ့သော်လည်း စွန့်ပစ်မှုများရှိနေဆဲဖြစ်ရာ သက်ဆိုင်ရာမှ ပြန်လည်ဆယ်ယူရှင်းလင်းနေရခြင်းဖြစ်သည်။ အချို့နေရာများတွင် ကားလမ်းမကြီးဘေး ရေမြောင်းအချို့ ရေစီးရေလာမရှိဘဲ ရေငြိမ်နေသည်ကို မြင်တွေ့ရသည်ဟု ပြောသည်။ **ခင်ဆိုင်**



# ကွန်ပေါင်း ဓာတ်မြေဩဇာများကို အလွန်အကျွံမသုံးမိအောင် သတိပြုရန်လိုအပ်

**ရေး ဖေဖော်ဝါရီ ၈**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း စိုက်ပျိုးရေးခြံများတွင် ကွန်ပေါင်း ဓာတ်မြေဩဇာများကို အများဆုံးအသုံးပြုနေကြရာ သတ်မှတ်ထားသောအညွှန်းများထက် ပိုမိုအသုံးပြုမိလျှင် စားသုံးသူများအတွက် ကျန်းမာရေးဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သဖြင့် တောင်သူများအနေဖြင့် သတိပြုသုံးစွဲရန်လိုကြောင်း သိရသည်။

ရေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးအဆင့်(၁) ဦးမင်းတင်ဇော်ဦးက တောင်သူများအနေဖြင့် ဓာတ်မြေဩဇာများကို အသုံးပြုရာတွင် သတ်မှတ်အညွှန်းအတိုင်း သီးနှံပင်များအပေါ် အသုံးပြုမည်ဆိုပါက စားသုံးသူများကို ထိခိုက်မှု နည်းပါးနိုင်သော်လည်း ယနေ့အချိန်အခါတွင် သီးနှံပင်များစိုက်ပျိုးကြရာ၌ ဓာတ်မြေဩဇာကို အလွန်အကျွံသုံးလာနေကြသည်ကို တွေ့ရကြောင်း၊ ဓာတ်မြေဩဇာကို အလွန်အကျွံသုံးခြင်းကြောင့် လူတို့၏ ကျန်းမာရေးဆိုးကျိုးများဖြစ်သော အသည်း၊ နှလုံး၊ ကင်ဆာရောဂါများ ဖြစ်ပွားလာနိုင်၍ သတ်မှတ်အညွှန်းထက် ပိုမိုမသုံးသင့်ကြောင်း ပြောသည်။

ရေးမြို့နယ်မှ သီးနှံစိုက်တောင်သူတစ်ဦးဖြစ်သည့် ဦးအောင်မြင့်က ရာသီပေါ်သီးနှံပင်များကို စိုက်ပျိုးရာတွင် အချိုးမတူသည့် ကွန်ပေါင်းဓာတ်မြေဩဇာကို မိုးဦးကျနှင့် မိုးကုန်ခါနီးတွင် ထည့်သုံးနေကြကြောင်း၊ သဘာဝမြေဩဇာများ မပြုလုပ်နိုင်၍ ကွန်ပေါင်းဓာတ်မြေဩဇာကို ရေရှည်သုံးစွဲပါက မြေဆီလွှာ အချဉ်ဓာတ်ပေါက်ပြီး မြေဆီလွှာပျက်စီးစေနိုင်သည်ဟု မြေအရည်အသွေးစစ်ဆေးရေး သုတေသနအဖွဲ့က အသိပေးထားပြီး မြေဆီလွှာအချဉ်ဓာတ်များလာသည့်အခါတွင် မြေဆီလွှာကို ထုံးမှုန့်ပြန်လည်ထည့်ပေးရန် လမ်းညွှန်ထားကြောင်း ပြောကြားသည်။

လက်ရှိအချိန်တွင် ရေးမြို့နယ် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော ကွန်ပေါင်းဓာတ်မြေဩဇာများအနက် ဈေးနှုန်းအနိမ့်ဆုံးမှာ တစ်အိတ်လျှင် ငွေကျပ် ၆၅၀၀ ခန့်ရှိပြီး မြန်မာပြည်တွင်းထုတ် အမြင့်ဆုံးကွန်ပေါင်း ဓာတ်မြေဩဇာမှာ တစ်အိတ်လျှင် ငွေကျပ် လေးသောင်းခန့်အထိရှိကြောင်း၊ ထိုင်းနိုင်ငံမှ တင်သွင်းလာသော ပုလဲဓာတ်မြေဩဇာများကို စိုက်ပျိုးရေးဦးစီးဌာနက တားမြစ်ကန့်သတ်ထားကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# ဖြူးမြို့၌ ပရိယတ္တိမူလစာမေးပွဲကျင်းပ

**ဖြူး ဖေဖော်ဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်လုံးဆိုင်ရာ ဩဝါဒါစရိယဆရာတော်ကြီးများ ကြီးမှူးကျင်းပသော(၄၃)ကြိမ်မြောက် ပရိယတ္တိမူလစာမေးပွဲကို ဖေဖော်ဝါရီ ၄ ရက်မှ ၉ ရက်အထိ ဖြူးမြို့ သာသနဗိမာန်တော်ကြီး၌ ကျင်းပလျက်ရှိသည်။

အဆိုပါစာဖြေသံဃာတော်များနှင့် ရှင်သာမဏေများ၊ စာမေးပွဲကြီးကြပ်ဆရာတော်ကြီးများအား နေ့စဉ် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းတို့ကို မြို့နယ်အတွင်းရှိ စေတနာရှင်ပြည်သူများက ကပ်လှူကြပြီး ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက်ရက်အထိ ပရိယတ္တိမဟာဓမ္မသဘင်ကို ညစဉ် ၇နာရီမှစ၍ ဓမ္မကထိကဆရာတော်ကြီးများက ဟောကြားချီးမြှင့်လျက်ရှိပြီး ဖေဖော်ဝါရီ၉ ရက် မွန်းတည့် ၁၂ နာရီတွင် စာအောင်သံဃာတော်များနှင့် ရှင်သာမဏေ များအား ဆုနှင်းသဘင်အခမ်းအနားကျင်းပသွားမည်ဖြစ်ပြီး အဆိုပါစာမေးပွဲသို့ ပထမကြီးတန်း ငါးပါး၊ ပထမလတ်တန်း နှစ်ပါး ၊ ပထမငယ်တန်း ၁၁ ပါး ၊ အခြေပြု မူလတန်း ရှစ်ပါး ၊ တတိယဆင့် ၂၄ ပါး ၊ ဒုတိယဆင့် ၅၆ ပါး ၊ ပထမအဆင့် ၃၆ ပါး ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

# မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ HIV/AIDS ကာကွယ်ကုသခြင်းစီမံချက် အသိပညာပေးဆွေးနွေး

**ဘားအံ ဖေဖော်ဝါရီ ၈**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ HIV/AIDS ကာကွယ်ကုသခြင်းဆိုင်ရာစီမံချက် အသိပညာပေးဆွေးနွေးပွဲနှင့် စေတနာ့ဝန်ထမ်း သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က ကရင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဂျိုဂျိုစန်းက အမှာစကားပြောကြားပြီး MMCWA-IPPF အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာ ကိုကိုမော်က စီမံချက်လုပ်ငန်းစဉ်အကြောင်း ရှင်းလင်းပြောကြားကာ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဇာနီဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ အသိပညာပေးဆွေးနွေးပွဲနှင့် စေတနာ့ဝန်ထမ်း သင်တန်းသို့ ဘားအံ၊ မြဝတီ၊ ကြာအင်းဆိပ်ကြီးနှင့် သံတောင်မြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၂၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၇ ရက်မှ ၁၀ ရက်အထိ ၄ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါသင်တန်းတွင် HIV/AIDS နှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာအသိပေးဆွေးနွေးခြင်း၊ ကျား/မလူမှုဆိုင်ရာကဏ္ဍမှရှုထောင့်များ၊ ကျန်းမာရေးပညာပေးခြင်းနှင့် မြှင့်တင်ခြင်း၊ လူထုနှင့်ဆက်သွယ်စကားပြောခြင်း၊ မျိုးဆက်ပွားအင်္ဂါဆိုင်ရာများ၊ HIV အကြောင်းသိကောင်းစရာများ၊ ကိုယ်ဝန်ဆောင် ခြင်းနှင့် မွေးဖွားခြင်း အစရှိသည့် ဘာသာရပ်အလိုက်အကြောင်းအရာများကို ဆွေးနွေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# လူ့အခွင့်အရေးအကြောင်း သိကောင်းစရာ ဆွေးနွေး

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၈**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် မြန်မာနိုင်ငံအတွင်း၌ လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့်ကာကွယ်ခြင်းအားဖြင့် လူ့အခွင့်အရေးကိုလေးစားလိုက်နာကျင့်သုံးသည့် လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်လာစေရန်နှင့် လူ့အခွင့်အရေးကို လူတိုင်းရရှိခံစားနိုင်စေရန် ရည်ရွယ်၍ ဖေဖော်ဝါရီ ၇ ရက်က မြို့နယ်ထွေ/အုပ် အစည်းအဝေးခန်းမ၌ လူ့အခွင့်အရေးအကြောင်း သိကောင်းစရာရှင်းလင်းပွဲကို ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြကလူ့အခွင့်အရေးဆိုင်ရာအခြေခံအနှစ်သာရများနှင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်ဦးစိုးဘုန်းမြင့်က မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်း၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် တိုင်တန်းချက်လုပ်ထုံးလုပ်နည်းများအကြောင်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အခမဲ့ကွန်ပျူတာအခြေခံပညာဒါန သင်တန်းဖွင့်

**အင်းတော် ဖေဖဖော်ဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့တွင် ဖေဖော်ဝါရီလပထမပတ်မှစ၍ ကွန်ပျူတာအခြေခံအတတ် သင်တန်းဖွင့်လှစ်ထားကြောင်းသိရသည်။ အဆိုပါသင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်များ အလုပ်အကိုင်ရရှိရေးစီမံချက်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ညွှန်ကြားမှုဖြင့် ဖွင့်လှစ်ထားကြောင်း သိရသည်။

သင်တန်းကာလမှာ နှစ်လကြာမြင့်မှာဖြစ်ပြီး သင်တန်းသားများအနေဖြင့် စာရွက်စာတမ်းကြေးမျှသာ ပေးသွင်းရမည်ဖြစ်ပြီး အသက်အရွယ်၊ လူဦးရေ၊ ပညာအရည်အချင်း ကန့်သတ်ချက်မရှိ တက်ရောက်နိုင်ပြီး ဘွဲ့ရသူများမှာ သင်တန်းပြီးစီးသွားပါက ကွန်ပျူတာသင်တန်း ဆရာ ဆရာမလျှောက်ထားနိုင်ကြောင်း သိရသည်။

**လူအောင်(ကသာ)**

# နိုင်ငံတော်နှင့် စွမ်းအင်မူဝါဒ

ဦးကြည်သာ(ဂွ)

စွမ်းအင်သည် နိုင်ငံတိုင်းအတွက် အလွန်အရေးပါလှသဖြင့် နိုင်ငံတိုင်းသည် စွမ်းအင်မူဝါဒကို ဂရုတစိုက် ရေးဆွဲချမှတ်ကြပါသည်။ အမေရိကန်နိုင်ငံတွင် သမ္မတနစ်ဆင်(Nixon)လက်ထက်က ဓာတ်ဆီတစ်ဂါလန်တစ်ဒေါ်လာမကျော်စေရဟု စွမ်းအင်ပေါ်လစီ ရေးဆွဲခဲ့သလို သမ္မတကာတာ(Carter) လက်ထက်တွင်လည်း အမေရိကန်နိုင်ငံသည် နိုင်ငံခြားမှ ရေနံတင်သွင်းမှုကို ၁၉၇၇ ခုနှစ်တုန်းက တင်သွင်းခဲ့သည့်ပမာဏထက် ဘယ်တော့မှမကျော်လွန်စေရဆိုသော မူဝါဒ ချမှတ်ခဲ့ပါသည်။ ကမ္ဘာပေါ်တွင် စွမ်းအင်သုံးစွဲမှုအများဆုံးဖြစ်သော တရုတ်နိုင်ငံက ၂၀၁၀-၂၀၁၅ ကာလအတွက် စွမ်းအင်ပေါ်လစီတွင် စွမ်းအင်သုံးစွဲမှုကို(GDP)၏ ၁၈ ရာခိုင်နှုန်းသို့ လျှော့ချရန်နှင့် ကာဗွန် ဓာတ်ငွေ့ထုတ်လုပ်မှုကို(GDP)၏ ၂၀ ရာခိုင်နှုန်းသို့ လျှော့ချရန် စသည်ဖြင့် ချမှတ်ခဲ့ကြပါသည်။

ယခု ၄၅ ယောက်မြောက် အမေရိကန်သမ္မတကြီး ဒေါ်နယ်ထရန့်ကတော့ စီးပွားရေးသမားကြီးပီပီ စွမ်းအင်ပေါ်လစီကို စီးပွားရေးအမြင်ဖြင့် အိမ်ဖြူတော်ရောက်ရောက်ချင်း အမေရိကန်နိုင်ငံ၏ ပထမစွမ်းအင်စီမံချက်(American First Energy Plan)ဆိုပြီး ချမှတ်ခဲ့သည်။ သမ္မတကြီးထရန့်က ကျွန်တော်တို့သည် နှစ်ပေါင်းအတော်ကြာ ချမှတ်ခဲ့ကြသော စွမ်းအင်ပေါ်လစီများ၏ ဝန်ပိမှုဒဏ်ကို ခံစားခဲ့ရသည်။ စင်စစ် ရာသီဥတုပြောင်းလဲမှုအပေါ် အရေးယူဆောင်ရွက်မှုစီမံချက်နှင့် ရေမူဝါဒဥပဒေများ (Climate Action Plan and The Water of The US Rule)သည် နိုင်ငံအတွက် အန္တရာယ်ရှိသော၊ မလိုလားအပ်သော ပေါ်လစီများ(Harmful and Unnecessary Poilcy)သာဖြစ်သည်ဟု သတ်မှတ်ခဲ့သည်။ ထို့ကြောင့် ယခင် အိုဘားမားအစိုးရ လက်ထက်က ထိန်းသိမ်းထားခဲ့သော ယေးလုကျောက်အလွှာ(Shale)မှ ရေနံနှင့် သဘာဝ ဓာတ်ငွေ့များကို ထုတ်ယူသုံးစွဲမည်ဖြစ်ကြောင်း၊ ထိုအလွှာမှရရှိသည့် ရေနံနှင့် သဘာဝ ဓာတ်ငွေ့တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၀ ထရီလီယံခန့်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်လည်း ပထမအကြိမ်လွှတ်တော်ကာလ ယခင်အစိုးရလက်ထက်ကလည်း အမျိုးသားစွမ်းအင်မူဝါဒ(National Energy Policy)ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ စွမ်းအင်မူဝါဒနှင့် အခန်းကြီး (၆) ခန်းဖြင့် အသေးစိတ် ရေးဆွဲတင်ပြသွားခဲ့ပါသည်။ စွမ်းအင်မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန် မြန်မာ့စွမ်းအင် ပင်မစီမံချက်(Myanmar Energy Master Plan)ကိုလည်း ရေးဆွဲခဲ့ပါသည်။ အမျိုးသားစွမ်းအင်မူဝါဒတွင် မြန်မာနိုင်ငံ၏ စွမ်းအင်သုံးစွဲမှုအခြေအနေ (၂၀၁၁-၂၀၁၂)ကို ဖော်ပြရာ၌ မြန်မာနိုင်ငံ၏ လူဦးရေ ၅၂ သန်းအနက်မှ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး နိုင်ငံလူဦးရေ၏ ၃၀ ရာခိုင်နှုန်းသာ လျှပ်စစ်ဓာတ်အား ရရှိကြသည်။ သမာရိုးကျစွမ်းအင်ဖြစ်သော ထင်း၊ မီးသွေး သုံးစွဲမှုပမာဏသည် မူလစွမ်းအင်သုံးစွဲမှု စုစုပေါင်း၏ ၇၆ ရာခိုင်နှုန်းခန့်အထိ များပြားနေပြီး ရေနံထွက်ပစ္စည်း၊ သဘာဝဓာတ်ငွေ့၊ လျှပ်စစ်ဓာတ်အားအစရှိသည့် စီးပွားဖြစ် စွမ်းအင်သုံးစွဲမှုများမှာ ၂၃ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း ဖော်ပြထားပါသည်။

ထို့အတူ စွမ်းအင်သုံးစွဲမှုကိုလည်း ၂၀၁၂ ခုနှစ်က အခြေအနေကို ဆန်းစစ်ကြည့်ရာ ကျေးလက်ဒေသ အိမ်သုံးမှုက ၅၈ ရာခိုင်နှုန်း၊ မြို့ပြဒေသ အိမ်သုံးမှုက ၈ ရာခိုင်နှုန်း၊ စက်မှုသုံးက ၆ ရာခိုင်နှုန်း၊ ကုန်သွယ်ရေးလုပ်ငန်းက ၁၃ ရာခိုင်နှုန်းနှင့် စိုက်ပျိုးရေးက ၂ ရာခိုင်နှုန်း၊ သယ်ယူပို့ဆောင်ရေးက ၁၁ ရာခိုင်နှုန်း သုံးစွဲခဲ့ကြောင်း သိရသဖြင့် စက်မှုနှင့် စိုက်ပျိုးရေးကဏ္ဍသုံးစွဲမှု အလွန်နည်းပါးကြောင်း သိရှိရပါသည်။

စွမ်းအင်ကဏ္ဍတွင် လျှပ်စစ်စွမ်းအားသည်လည်း အရေးပါလှပါသည်။ ထို့ကြောင့် အမျိုးသားလျှပ်စစ်ပင်မစီမံချက် (The National Electricity Master Plan)ကိုလည်း ၂၀၁၄ ခုနှစ်ကပင် ရေးဆွဲခဲ့ပါသည်။ အဆိုပါစီမံချက်အရ သက္ကရာဇ် ၂၀၃၀ တွင် မြန်မာနိုင်ငံ၌ လျှပ်စစ်ဓာတ်အားတပ်ဆင်မှုစုစုပေါင်း ၂၈၇၈၄ မဂ္ဂါဝပ်ရှိမည်ဖြစ်ပြီး သဘာဝဓာတ်ငွေ့သုံး ၄၉၈၆ မဂ္ဂါဝပ်(၁၇ ဒသမ ၃၂ ရာခိုင်နှုန်း)၊ ကျောက်မီးသွေးသုံး ၂၇၆၀ မဂ္ဂါဝပ်(၉ ဒသမ ၅၈ ရာခိုင်နှုန်း)၊ အကြီးစားရေအားလျှပ်စစ် ၄၂ ဒသမ ၂၀ ရာခိုင်နှုန်း၊ အသေးစားနှင့် အလတ်စား ရေအား ၂၃ ဒသမ ၉၄ ရာခိုင်နှုန်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ၆ ဒသမ ၉၄ ရာခိုင်နှုန်း စသည်ဖြင့် ပါဝင်ပါသည်။

လက်ရှိ မြန်မာနိုင်ငံတွင် စုစုပေါင်း လျှပ်စစ် ၄၉၄၁ မဂ္ဂါဝပ် တပ်ဆင်ထားပါသည်။ ရေအားလျှပ်စစ် ၃၁၈၁ မဂ္ဂါဝပ်(၆၄ ဒသမ ၄ ရာခိုင်နှုန်း)၊ သဘာဝဓာတ်ငွေ့ ၁၆၄၀ မဂ္ဂါဝပ်(၃၃ ဒသမ ၂၀ ရာခိုင်နှုန်း)နှင့် ကျောက်မီးသွေးသုံး ၁၂၀ မဂ္ဂါဝပ်(၂ ဒသမ ၄၀ ရာခိုင်နှုန်း)တို့ ပါဝင်ပါသည်။ သို့ဖြစ်ရာ ၂၀၃၀ ရည်မှန်းချက် မဂ္ဂါဝပ် ၂၈၇၈၄ ရရှိရန် ၁၄ နှစ်တာ ကာလအတွင်း ၂၃၈၄၃ မဂ္ဂါဝပ် လိုအပ်မည်ဖြစ်၍ ပျှမ်းမျှ တစ်နှစ်လျှင် ၁၇၀၀ မဂ္ဂါဝပ်ခန့် တိုးချဲ့ရန် လိုအပ်နေပါသည်။ ဤမျှများပြားသည့်ပမာဏကို ရရှိရန် လက်တွေ့တွင် အလွန်ခက်ခဲလှပါမည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေနှင့် လက်တွေ့ကျသော၊ အကောင်အထည်ဖော်နိုင်စွမ်းရှိသော လျှပ်စစ်စွမ်းအင် အရင်းအမြစ်များကို အသုံးပြုပြီး စွမ်းအင်မူဝါဒချမှတ်ခြင်း၊ အကောင်အထည်ဖော်ရန် စီမံချက်ကို ချမှတ်ရေးဆွဲခြင်းများ မပြုလုပ်ပါက အရေးပေါ်ရေတိုစီမံကိန်းများဖြစ်သော သဘာဝဓာတ်ငွေ့သုံး အင်ဂျင်စက်များ၊ မီးထိုးဆီ (H.F.O)သုံး အင်ဂျင်စက်များကို မြေပေါ်နှင့် ရေပေါ် ဓာတ်အားပေးစက်ရုံများငှားရမ်းတည်ဆောက်ပြီး ဈေးကြီးကြီးပေး ဝယ်ယူသုံးစွဲခဲ့ရသည့် အခြေအနေမှ မလွတ်မြောက်နိုင်ပါကြောင်း တင်ပြအပ်ပါသည်။ ။

**၂၀၃၀ ရည်မှန်းချက် မဂ္ဂါဝပ် ၂၈၇၈၄ ရရှိရန် ၁၄ နှစ်တာ ကာလအတွင်း ၂၃၈၄၃ မဂ္ဂါဝပ် လိုအပ်မည်ဖြစ်၍ ပျှမ်းမျှ တစ်နှစ်လျှင် ၁၇၀၀ မဂ္ဂါဝပ်ခန့် တိုးချဲ့ရန် လိုအပ်နေပါသည်။ ဤမျှများပြားသည့်ပမာဏကို ရရှိရန် လက်တွေ့တွင် အလွန်ခက်ခဲလှပါမည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံအနေနှင့် လက်တွေ့ကျသော၊ အကောင်အထည်ဖော်နိုင်စွမ်းရှိသော လျှပ်စစ်စွမ်းအင် အရင်းအမြစ်များကို အသုံးပြုပြီး စွမ်းအင်မူဝါဒချမှတ်ခြင်း၊ အကောင်အထည်ဖော်ရန် စီမံချက်ကို ချမှတ်ရေးဆွဲခြင်းများ မပြုလုပ်ပါက**

## လူထုဗဟိုပြုစီမံကိန်း အဆင်ပြေချောမွေ့စေရန် ကျေးရွာအဆင့်သင်တန်းများ ဖွင့်လှစ်လျက်ရှိ

**မြင်းမူ ဖေဖော်ဝါရီ ၈**

စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းကို မြောင်မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးရွာအဆင့် စီမံကိန်းကော်မတီဝင်များအနေဖြင့် စီမံကိန်းလုပ်ငန်းခွဲများကို အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကျေးရွာအဆင့်သင်တန်းများကို လူထုဗဟိုပြုစီမံကိန်း တာဝန်ရှိဌာနများ ပူးပေါင်း၍ ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်နည်းပညာအကြံပေးအဖွဲ့(TTA)၊ မြို့နယ်အဆင့် DRD Counterpart၊ လူထုစည်းရုံးရေးမှူး (Community Facilitator)နှင့် လက်ထောက် နည်းပညာမှူး(Technical Facilitator)များ ပူးပေါင်းကာ မြောင်မြို့နယ်အတွင်း ကျေးရွာအဆင့် စီမံကိန်းအကောင်အထည်ဖော်မှု သင်တန်းများအဖြစ် စီမံခန့်ခွဲမှုသင်တန်း (Community Management Training)၊ ကျေးရွာအဆင့် ဝယ်ယူရေးသင်တန်း(Community Procurement Training)၊ ဘဏ္ဍာရေးသင်တန်း



(Community Finance Training)နှင့် စောင့်ကြည့်ကြီးကြပ်ရေးသင်တန်း (Monitoring & Evoluation Training)များကို ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။ (၀၇၇)

## မြို့နယ်လုံးဆိုင်ရာ ယဉ်ကျေးလိမ္မာစာမေးပွဲ ဆုရသူနှင့် အောင်မြင်သူများအား ဆုချီးမြှင့်

**မတ္တရာ ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓ ဓမ္မ ယဉ်ကျေးလိမ္မာ စာမေးပွဲတွင် ဆုရရှိသူများ၊ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် အောင်မြင်သူများအား ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က မတ္တရာမြို့ အမှတ်(၂) ရပ်ကွက်ရှိ သစ္စာရွှေပြည်မဟာစည်ရိပ်သာ၌ ကျင်းပခဲ့သည်။

ဆုချီးမြှင့်ပွဲတွင် ဗုဒ္ဓ ဓမ္မ ယဉ်ကျေးလိမ္မာ စာမေးပွဲ ဒုတိယအဆင့်၊ ပထမအဆင့်နှင့် အခြေပြုအဆင့်များ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရှိသော ကျောင်းသား ကျောင်းသူများအား ဘုရားဆင်းတုတော်တစ်ဆူ၊ ဂုဏ်ပြုဆုငွေ၊ ဂုဏ်ပြုဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များကိုလည်းကောင်း၊ ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများအား ဘုရားဆင်းတုတော်တစ်ဆူ၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရ လက်ဆောင်များကိုလည်းကောင်း၊ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များကိုလည်းကောင်း၊ သင်ကြားပေးသော ဆရာ ဆရာမများအား ဂုဏ်ပြုဆုနှင့် အမှတ်တရလက်ဆောင်များကိုလည်းကောင်း ပေးအပ်ခဲ့ကြသည်။

မတ္တရာမြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓ ဓမ္မ ယဉ်ကျေးလိမ္မာစာမေးပွဲသို့ မြို့နယ်အတွင်းရှိ ဓမ္မစကူးလ်ကျောင်းပေါင်း ၂၇ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၈၆၃ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး ၆၀၇ ဦး အောင်မြင်ခဲ့ကာ ၁၉၅ ဦးမှာ ဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**

## မှုခင်းသတင်းတိုများ

### မန်စီမြို့နယ်အတွင်း မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

ကချင်ပြည်နယ် မန်စီမြို့နယ် မလင်ကျေးရွာတွင် နေထိုင်သူတစ်ဦးထံမှ မူးယစ်ဆေးဝါးများ ဖေဖော်ဝါရီ ၄ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ မလင်ကျေးရွာနေ ကျော်တင့်ဝေ(ခ)အဝေ(ခ)သက်ဝေ (၄၅ နှစ်)၏ နေအိမ်သို့မူးယစ်ဆေးဝါးသတင်းအရ ဗန်းမော်ခရိုင် မန်စီမြို့မရဲစခန်းမှ ရဲအုပ်သိန်းဇော် ဦးစီးသောတပ်ဖွဲ့များနှင့် ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေရာ ကျော်တင့်ဝေမှာ အိတ်တစ်အိတ်ကိုလွှင့်ပစ်၍ နေအိမ်မှ ထွက်ပြေးသော်လည်း ဝိုင်းဝန်းဖမ်းဆီးရမိခဲ့ပြီး ၎င်းလွှင့်ပစ်သည့် အိတ်အတွင်းမှ ဆပ်ပြာခွက်အတွင်း ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသော ဘိန်းဖြူဟု ယူဆရသည့် ဖြူဝါကြားမှုန့်အလေးချိန် (၁၀)ဂရမ်ခန့်စီပါ ဆပ်ပြာခွက် သုံးခွက်၊ ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသော WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ ၁၄ ထုပ်နှင့် ပုလင်းတစ်လုံးအတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅ ပြား၊ ကော်ဘူးအတွင်းထည့်ထားသည့် ဘိန်းဖြူဟုယူဆရသည့် ဖြူဝါကြားမှုန့်အလေးချိန် ၀ ဒသမ ၅ ဂရမ်ခန့်နှင့် ကော်ဘူးအသေးတစ်ဘူးအတွင်းထည့်ထားသော ဘိန်းဖြူဟု ယူဆရသည့် ဖြူဝါကြားမှုန့် ၀ ဒသမ ၂ ဂရမ်၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် စိမ်းနုရောင်ပိုက် ၂၅ ချောင်းတို့ကို တွေ့ရှိခဲ့ပြီး နေအိမ်အတွင်းမှလည်း ပုလင်းတစ်လုံးဖြင့် ထည့်လျက် ဘိန်းဖြူဟုယူဆရသော ဖြူဝါကြားမှုန့် သုံးဂရမ်တို့ကို ထပ်မံဖမ်းဆီးရမိခဲ့ သဖြင့် ၎င်းအား မန်စီမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

### အင်းတော်မြို့နယ်တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နောင်မိုးကျေးရွာ၌ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများကို ဖေဖော်ဝါရီ ၅ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ အင်းတော်မြို့မရဲစခန်း မူးယစ်ဆေးဝါးမှုတစ်ခုမှ ကွင်းဆက်ပြစ်မှုကျူးလွန်သူ ဉာဏ်ထွန်းသည် အင်းတော်မြို့နယ် နောင်မိုးကျေးရွာနေ ယင်း၏နေအိမ်၌ ပြန်လည်ရောက်ရှိနေကြောင်း သတင်းအရ မဲဇာရဲကင်းစခန်းမှူး ရဲအုပ်စိုးလှိုင်နှင့်အဖွဲ့က အင်းတော်မြို့မရဲစခန်းမှ ရဲအုပ်သောင်းစိန်ထွန်းနှင့်အဖွဲ့နှင့် ပူးပေါင်း၍ ဉာဏ်ထွန်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဉာဏ်ထွန်းအား တွေ့ရှိရပြီး ၎င်းထံမှ ဘိန်းဖြူ ၆ ဒသမ ၉ ဂရမ်ခန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၄၂ ပြားကို ဖမ်းမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဉာဏ်ထွန်း (၄၂ နှစ်)အား အင်းတော်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။
**ဦးရဲ(ကသာ)**

### မူးယစ်ဆေးဝါးများနှင့် ပိတောက်တုံးများ သယ်လာသူများကို ဖမ်းမိ

သိန်းနီ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ ဖေဖော်ဝါရီ ၅ ရက်က စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်လာသည့် အမျိုးသမီးတစ်ဦးကို ဖမ်းမိခဲ့ကြောင်း သိရသည်။ သတင်းအရ ကွတ်ခိုင်မြို့မှ လားရှိုးမြို့သို့ မောင်းနှင်လာသည့် အငှားယာဉ်တစ်စီးအား တားဆီးရှာဖွေ စစ်ဆေးရာ ယာဉ်ပေါ်ပါခရီးသည် မတင်ဇာဝင်း (၂၁ နှစ်)ထံမှ ၈၈ နှင့် ၁ စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၉ ပြား၊ (ခန့်မှန်းတန်ဖိုး ကျပ် ၁၉၅၀၀၀၀ ခန့်)ကို တွေ့ရှိရသဖြင့် မူးယစ်အထူးရဲတပ်ဖွဲ့မှတစ်ဆင့် သိန်းနီမြို့မရဲစခန်းသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး သိန်းနီမြို့မရဲစခန်းက အမှုဖွင့်ကာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ မန္တလေးမှ မူဆယ်မြို့သို့ မောင်းနှင်လာသည့် ယာဉ်အမှတ် 2B-xxxx တောင်းအေ့စ်ယာဉ်ကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ရှာဖွေစစ်ဆေးခဲ့ရာတွင် ယာဉ်ပေါ်မှ ပိတောက် ခေးရွေတုံး(အလေးချိန် ၀ ဒသမ ၃၄၅ တန်)ကို တွေ့ရှိသဖြင့် ပြည်ကြီးတံခွန်မြို့နယ်နေ ယာဉ်မောင်းမင်းမင်းနှင့် သက်သေခံယာဉ်ကို သစ်တောဥပဒေအရ အမှုဖွင့်တရားစွဲဆိုနိုင်ရန် သိန်းနီမြို့မရဲစခန်းသို့ လွှဲပြောင်းအပ်နှံခဲ့ပြီး ဖမ်းမိသောသစ်များကို သိန်းနီမြို့နယ် သစ်တောဦးစီးဌာနမှူးရုံးသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### ကြက်ဝိုင်းလောင်းကစားသူများအား ဖမ်းဆီးရမိ

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကျောက်တိုင်တောင်ရွာ၌ ကြက်တိုက်လောင်းကစားသူများအား ဖေဖော်ဝါရီ ၄ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ယင်း ကျေးရွာနေ ဇော်ကြီး(၄၆ နှစ်)၏ လယ်တဲအတွင်း ကြက်တိုက်လောင်းကစားနေကြောင်း သတင်းအရ ဖြူး မြို့နယ်ရဲတပ်ဖွဲ့မှူး၏ စီစဉ်ညွှန်ကြားချက်ဖြင့် ညောင်ပင်သာစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ဖြူးမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် ဇေယျဝတီမြို့ရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးရာ ကြက်တိုက်လောင်းကစားပြုလုပ်နေကြသော သက်နောင်၊ ကြည်သိန်း၊ ဝင်းအောင်၊ ထွန်းဝင်း၊ စိုးဝင်း၊ ညွန့်မောင်၊ ညွန့်ဌေးနှင့် စိန်မြင့်တို့အား ဖမ်းဆီးရမိပြီး သက်သေခံပစ္စည်းများအဖြစ် ဆိုင်ကယ်အမျိုးအစားစုံအစီး ၃၀ နှင့် စက်ဘီး လေးစီးတို့ကိုလည်း ဖမ်းမိခဲ့ကြောင်း၊ ဖမ်းဆီးရမိသော လောင်းကစားသူများအား ညောင်ပင်သာရဲစခန်း အမှုဖွင့်အရေးယူထားကြောင်း သိရသည်။
**ဖြူးမြင့်ဦး**

### စိတ်ကြွရူးသွပ်ဆေးပြားများ ပင်လည်ဘူးမြို့နယ်၌ ဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် လေသာကျေးရွာ၌ စိတ်ကြွရူးသွပ်ဆေးပြားများကို ဖေဖော်ဝါရီ ၆ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါး သတင်းအရ လေသာကျေးရွာနေ ဒေါ်ခင်အေး၏နေအိမ်သို့ ပင်လည်ဘူးမြို့မရဲစခန်းမှ ဒုရဲအုပ် လှိုင်ပေါ်နှင့်အဖွဲ့က ဝင်ရောက်ရှာဖွေရာ နေအိမ်အရှေ့ဘက် စပါးကျီဘေးရှိ အင်ဂျင်ဝိုင်ဘူးအတွင်းမှ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၈၈၂ ပြားကို တွေ့ရှိခဲ့ပြီး ဒေါ်ခင်အေး၏ ထွက်ဆိုမှုအရ ဖမ်းဆီးရမိခဲ့သည့် စိတ်ကြွရူးသွပ်ဆေးပြားများမှာ သားဖြစ်သူ သိန်းဦး၏ ပစ္စည်းများဖြစ်ကြောင်း သိရသဖြင့် ဒေါ်ခင်အေးနှင့် သိန်းဦးတို့အား အမှုဖွင့်ထားပြီး သိန်းဦးအား ဖမ်းဆီးရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**ဦးရဲ(ကသာ)**

# ယနေ့လူငယ်နှင့် အနာဂတ်ကမ္ဘာ

**မင်းသိမ်း(နေပြည်တော်)**

လူငယ်တစ်ဦးဟာ ကိုယ့်ကိုယ်ကို တန်ဖိုးမရှိတော့ဘူးလို့ အသည်းစွဲငြိသွားပြီဆိုရင် သိမ်ငယ်ခံစားမှုနဲ့အတူ နိမ့်ကျခံစားမှုတွေ ဝင်လာတတ်တဲ့သဘောရှိပါတယ်။ အဲ့ဒီအချိန်မှာ ကလန်ကဆန်လုပ်မှုတွေ၊ မကျေနပ်မှုတွေ၊ ပေါက်ကွဲမှုတွေနဲ့ ရန်လိုမှုတွေဟာ ထိန်းချုပ်မရနိုင်တဲ့ သိမ်ငယ်ခံစားမှုနဲ့ မပြည့်စုံမှုအပေါ်အခြေခံကြောင်း လေ့လာသုံးသပ်မိပါတယ်။ တကယ်တော့ လူငယ်ကျောင်းသားလေးတွေဟာ အနာဂတ်လူ့အဖွဲ့အစည်းအသစ်ကို စီမံဖန်တီးကြမယ့် ဗိသုကာငယ်လေးတွေဖြစ်လို့ လမ်းမှန်ရောက်အောင်လုပ်ပေးဖို့လိုသလို မှန်ကန်စွာကြီးပြင်းလာဖို့နဲ့ ဘဝကို ကြံ့ကြံ့ခိုင်ရပ်တည်နိုင်မယ့် စိတ်အင်အားမျိုးလည်း ရှိဖို့လိုပါတယ်။

လူငယ်များနဲ့ တိုက်ရိုက်ဆက်စပ်နေတဲ့ ကျောင်းနဲ့အိမ်ကို ဒီလူငယ်တွေကိုယ်တိုင်က ယုံကြည်စိတ်၊ တန်ဖိုးထားလေးစားတဲ့စိတ်ဖြစ်လာအောင် စွမ်းဆောင်ပေးနိုင်တဲ့နေရာများအဖြစ် ယုံကြည်လာဖို့လိုပါတယ်။ အိမ်လည်း အိမ်အလျောက်၊ ကျောင်းလည်းကျောင်းအလျောက် လူငယ်များအားကိုးရာ၊ လေးစားရာ၊ မျှော်လင့်ရာနေရာမဖြစ်တော့ဘူးဆိုရင် ဒီလူငယ်တွေရဲ့အနာဂတ်ဟာ မတွေးဝံ့စရာဘဲဖြစ်ပါတယ်။

မနက်ဖြန်ဆိုတာဟာ ဒီနေ့နဲ့အနီးကပ်ဆုံးဖြစ်တဲ့ နောက်တစ်နေ့ပါပဲ။ အခုအခါမှာ လူငယ်အများစုဟာ ဒီနေ့နဲ့ အနီးကပ်ဆုံးဖြစ်တဲ့ နောက်တစ်နေ့အတွက် ပြင်ဆင်နိုင်ဖို့ အားနည်းနေတယ်။ ကနေ့ ပစ္စုပ္ပန်အခြေအနေမှာ တွေ့ကြုံနေရတဲ့ လူမှုဒုက္ခတွေကို ကြိုးစားရုန်းကန်နေရလို့ အိပ်မပျော်တဲ့ ညပေါင်းများစွာဟာ သူတို့အတွက် အဆန်းမဟုတ်သလိုပါပဲ။

သတ္တဝါတိုင်းဟာ စားကြပါတယ်၊ အိပ်ကြပါတယ်။ အဲ့ဒီသတ္တဝါတွေအနက်က အသိဉာဏ်အရှိဆုံးလူသားတွေလည်း စားကြရပါတယ်၊ အိပ်ကြရပါတယ်။ ဒါပေမယ့် ကနေ့ ပညာသင်လူငယ်အများစုဟာ မိသားစုစားဝတ်နေရေးအတွက် ပင်ပန်းကြီးစွာလုပ်ကိုင်နေရလို့ အိပ်ချိန်ရောက်တိုင်း အိပ်ပါသော်လည်း အိပ်မပျော်နိုင်ကြပါဘူး။ အချို့ဆိုရင် သတ္တဝါအများစု အိပ်ပျော်နေတဲ့အချိန်မှာတောင် မအိပ်နိုင်ဘဲ အလုပ်လုပ်နေကြရတာကို တွေ့မြင်ရပါတယ်။

ဘယ်ကလာမှန်းသိရင်တော့ ဘယ်ကိုပြန်ရမလဲဆိုတာသိပေမယ့် ဘယ်ကလာမှန်းတောင်မသိရင်တော့ ဘယ်ကိုပြန်ရမလဲမသိတာ အဆန်းမဟုတ်ပါ။ ဒါပေမယ့် ဘယ်ကလာမှန်း သိပေမယ့် ကနေ့ လူငယ်တွေဟာ ဘယ်ကို ပြန်ရမှန်းမသိတာ ဆန်းနေပါတယ်။

ဘာဖြစ်လို့လဲ၊ စိတ်ဓာတ်ကျဖူးကြပါမှာ။ ဘယ်အခါမျိုးတွေမှာ ဖြစ်တတ်ကြပါသလဲ။ ကိုယ်ဖြစ်ချင်တာမဖြစ်တဲ့အခါ၊ ကိုယ်မျှော်လင့်သလို မဖြစ်လာတဲ့အခါ၊ ဒါမှမဟုတ် ဆုံးရှုံးမှုတစ်ခုခုဖြစ်တဲ့အခါ၊ အကြီးအကျယ်မှန်းထားပြီး မှန်းသလောက်မဖြစ်တဲ့အခါ၊ တစ်ခါတစ်ရံဆုံးရှုံးမှုကြီးကြီး သုံးလေးမျိုးလောက်ဆက်တိုက်ကြုံတွေ့ရတဲ့အခါမျိုးမှာ ခံနိုင်ရည်အတိုင်းအတာကို လွန်သွားတဲ့အတွက်အားငယ်ဝမ်းနည်းပြီး ကိုယ့်ကိုယ်ကို ယုံကြည်မှု သိပ်နည်းသွားတတ်ပါတယ်။ အဲ့ဒီအခါမှာ မိမိပတ်ဝန်းကျင်မှာရှိတဲ့ လူတွေအပေါ်မှာလည်း ယုံကြည်မှုနည်းသွားတယ်။ ပြီးတော့ ကိုယ့်ဘဝကို အဓိပ္ပာယ်မရှိတော့ဘူးလို့ ခံစားလာကြတယ်။

စိတ်ဓာတ်ကျတယ်ဆိုတာဟာ ခံရအခက်ဆုံး စိတ်ဒုက္ခတစ်မျိုးပါပဲ။ လူဆိုတာဟာ မျှော်လင့်ချက်နဲ့အသက်ရှင်တာ၊ မျှော်လင့်ချက်မရှိတော့ရင် သူ့ဘဝဟာ တန်ဖိုးမဲ့သလိုမျိုး ဖြစ်တတ်တယ်။ ကိုယ့်ရဲ့အောင်မြင်မှုတစ်ခုဟာ အများဆုံးဖြတ်ပေးမှုဖြစ်မယ့် ကိစ္စမျိုးကို လုပ်နေတဲ့သူဟာ Depression ဖြစ်ဖို့များပါတယ်။ Service Men တွေပေါ့။ ဥပမာ နိုင်ငံရေးသမားတွေ၊ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ စာရေးဆရာတွေ၊ အဆိုတော်တွေ၊ သရုပ်ဆောင်တွေပေါ့။ ဒါ့ကြောင့် အကြံပြုချင်တာက ဘာပဲလုပ်လုပ် တတ်နိုင်သလောက် ကောင်းအောင်လုပ်ပါ။ ကြိုက်တာမကြိုက်တာ၊ လက်ခံတာ လက်မခံတာ သူတို့ကပဲ ဆုံးဖြတ်မှာပါ။ ကိုယ့်ဘက်ကတော့ လုပ်နိုင်တာကို အစွမ်းကုန်လုပ်ပါ။ ဆက်ထိန်းနိုင်မလားဆိုတဲ့သောကတော့ ရှိပါလိမ့်မယ်။ အထူးသဖြင့် ကိုယ့်အရည်အချင်းနဲ့မကိုက်ညီတဲ့တာဝန်ကို ယူထားရရင်တော့ ပိုဆိုးပါတယ်။

ရှေးခေတ်ကလူတွေဟာ ရုပ်ပိုင်းဆိုင်ရာအောင်မြင်မှုကို ဒီခေတ်လူတွေလောက် ဦးစားမပေးကြဘူး။ အခုခေတ်ကတော့ လူတစ်ဦးရဲ့တန်ဖိုးကို ပိုင်ဆိုင်မှုတွေနဲ့တိုင်းတာကြတယ်။ ရာထူးအဆင့် လုပ်ပိုင်ခွင့်တွေနဲ့ တိုင်းတာကြတယ်။ ယှဉ်ပြိုင်မှုတွေကလည်း တော်တော်များလာကြတယ်။ စိတ်ဆိုတာက အတက်အကျရှိတယ်။ ဒါသဘာဝပဲ။ မိဘတွေရဲ့ အားပေးမှုဆိုတာဟာ သိပ်အရေးကြီးပါတယ်၊ ကိုယ့်သားသမီး စိတ်ဓာတ်မကျအောင်၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိအောင်၊ ပြောရဲဆိုရဲလုပ်ရဲကိုင်ရဲရှိအောင် အားပေးနေရပါမယ်။ ကလေးတစ်ယောက်ကို သူ့ကိုယ်သူယုံကြည်မှုနည်းသွားစေမယ့်စကားမျိုး မပြောမိဖို့လိုပါတယ်။ မလုပ်ခင်ကတည်းက လုပ်မနေပါနဲ့ကွာ၊ ဖြစ်မှာမဟုတ်ဘူး။ ဒါဟာ ကလေးရဲ့အဖြူရောင်တက်ကြွမှုကို အရောင်ဆိုးပေးလိုက်သလိုမျိုး ဖြစ်နေတတ်တယ်။ ယုံကြည်မှုနည်းအောင် လုပ်လိုက်တာဟာ အညွန့်ချိုးလိုက်တာနဲ့တူတူပါပဲ၊ လမ်းမှန်ပေါ်ရောက်အောင်သာ တင်ပေးပါ။ မမှားဖူးတဲ့ လူဆိုတာမရှိဘူး၊ ဘာမှမလုပ်ရင်တော့ ဘာမှမှားမှာမဟုတ်ဘူး။ အမှားထဲက ပညာယူတတ်ဖို့ပဲလိုပါတယ်။ တွေးပုံတွေလွဲချော်နေရင်တော့ စိတ်ဓာတ်ကျရောဂါဖြစ်ဖို့ နီးစပ်လာပါတယ်။

အကြံပေးချင်တာက အတိတ်ကိုတွေးတဲ့နေရာမှာ သင်ခန်းစာယူတဲ့အနေနဲ့ တွေးပြီး၊ သင်ခန်းစာကိုကျေအောင်ပြန်နွှေးတဲ့ အနေနဲ့ပဲတွေးပါ။ ဒီအတွေ့အကြုံထဲက ငါဘာပညာရနိုင်မလဲဆိုတာမျိုး တွေးဖို့လိုပါတယ်။ အနာဂတ်အတွက် တွေးတဲ့အခါကျတော့ အနာဂတ်မှာ အဆင်ပြေအောင်၊ အခု ငါဘာတွေကြိုလုပ်ထားသင့်သလဲဆိုတာမျိုး တွေးဖို့လိုပါတယ်။ အဆင်မပြေတာတစ်ခုကို ကြုံတိုင်း ငါကံဆိုးတယ် ပြောနေကြတယ်၊ အဲ့ဒီကနေ အမြဲတမ်းကံဆိုးတယ်ဆိုတဲ့ အဓိပ္ပာယ်မျိုးဖြစ်သွားရင်၊ အဲ့ဒီလိုသိမ်းကျုံးပြီး ကောက်ချက်ချတတ်တဲ့သူဟာ စိတ်ဓာတ်ကျတတ်ပါတယ်။ အကောင်းကို အဆိုးဖြစ်အောင် မြင်တတ်တာဟာ အသိအမြင်မှားယွင်းမှုတွေထဲမှာ အဆိုးဆုံး၊ အထိခိုက်ဆုံး အမှားမြင်ပုံပဲလို့ ပြောချင်ပါတယ်။

> **ကိုယ့်သမိုင်းကိုယ် ရေးနေကြရလို့ ကိုယ့်ဟာကိုယ် တွေးပါ ကိုယ့်ဟာကိုယ် လေ့ကျင့်ပါ၊ ကိုယ့်ဟာကိုယ် ဆင်ခြင်ပါ။ လူတစ်ယောက်အတွက် မနက်ဖြန်ဟာ ကနေ့ထက် ပိုကောင်းနေဖို့ လိုပါတယ်။ ဖြောင့်မတ်မှုနဲ့ အမှန်တရားကို ချစ်တတ်မှုတို့ဟာ အရေးပါသလို လူတစ်ဦးရဲ့ စွမ်းရည်မှာ သိရုံတတ်ရုံသာမက မိမိဖြစ်စေချင်တဲ့ ဆန္ဒပါရှိနေဖို့ လိုပါတယ်။ ဒါ့ကြောင့် လုပ်သင့်တဲ့လုပ်ငန်းတွေကို မိမိရဲ့ ကိုယ်ပိုင်အသိစိတ်နဲ့ လုပ်ဆောင်ဖို့သာ**

အသိပညာဗဟုသုတဆိုတာဟာ ဘယ်အချိန်မှာပဲ သိသည်ဖြစ်စေ၊ နောက်ကျတယ်လို့မရှိပါဘူး။ နောင်မျိုးဆက်သစ်အတွက်၊ နိုင်ငံ့အနာဂတ်အတွက် ထည့်သွင်းစဉ်းစားမယ်ဆိုရင် ဘယ်အချိန် ထလုပ်ထလုပ် လုပ်သင့်တဲ့ကိစ္စဖြစ်ပါတယ်။ Professional အလုပ်တစ်ခုကို ရွေးချယ်တော့မယ်ဆိုရင် လိုအပ်ချက်လည်းရှိတယ်။ လူအများသိပ်မလုပ်သေးတဲ့ အလုပ်လည်းဖြစ်တယ်၊ ကိုယ်ကလည်း တကယ်ဝါသနာပါခဲ့မယ်ဆိုရင် ရဲရဲသာရွေးချယ်ဖို့လိုပါတယ်။ ဆုံးဖြတ်ချက်ချပြီး လုပ်ခဲ့တဲ့အလုပ်အတွက် ပေးဆပ်မှုနဲ့ ပြန်လည်ရခဲ့မှု အလဲအထပ်ဟာ တန်ရဲ့လားဆိုတာကိုတော့ တွေးတတ်ဖို့လိုပါလိမ့်မယ်။

လုပ်ငန်းခွင်ကို ဝင်ကြတဲ့အခါမှာ လူတွေနဲ့တွေ့ဆုံရမှာပါ။ အဲ့ဒီအခါမှာ အလိုက်သင့် ဆက်ဆံတတ်ဖို့လိုပါတယ်။ လူမှုဆက်ဆံရေးနယ်ပယ်မှာ ကိုယ်အမူအရာ၊ နှုတ်အမူအရာဟာ သူ့နေရာနဲ့သူ အရေးကြီးပါတယ်၊ အမူအရာအားလုံးရဲ့ အချုပ်ဟာ စိတ်ရင်းပဲဖြစ်ပါတယ်။ ဆိုလိုတာက စိတ်ရဲ့ဆန္ဒအတိုင်း နှုတ်ကထွက်တတ်လို့ နှုတ်က ဘယ်လိုစကားမျိုးထွက်ရင် စိတ်ထဲမှာလည်း ဘယ်လိုစိတ်ထားမျိုး ရှိမယ်ဆိုတာကို မှန်းဆလို့ရပါတယ်၊ ဒါ့ကြောင့် မူလစိတ်ရင်းမှန်ကို သန့်ရှင်းအောင်ထားတတ်ရပါမယ်။ မူလပင်ကိုစိတ်ကိုက ဖြူစင်ရင် နှုတ်ကလည်း အပြုသဘောအလိုလိုဆောင်ပြီးသား ဖြစ်နေပါတယ်။ မိမိမရှိတော့တဲ့အခါမှာ ဥစ္စာပစ္စည်းထက် မိမိနာမည်ကောင်း ကျန်ရစ်ခဲ့ဖို့လိုပါတယ်။ ကိုယ့်သမိုင်းကိုယ်ရေးနေကြရလို့ ကိုယ့်ဟာကိုယ်တွေးပါ ကိုယ့်ဟာကိုယ်လေ့ကျင့်ပါ၊ ကိုယ့်ဟာကိုယ်ဆင်ခြင်ပါ။ လူတစ်ယောက်အတွက် မနက်ဖြန်ဟာ ကနေ့ထက် ပိုကောင်းနေဖို့လိုပါတယ်။ ဖြောင့်မတ်မှုနဲ့ အမှန်တရားကိုချစ်တတ်မှုတို့ဟာ အရေးပါသလို လူတစ်ဦးရဲ့ စွမ်းရည်မှာ သိရုံတတ်ရုံသာမက မိမိဖြစ်စေချင်တဲ့ဆန္ဒပါရှိနေဖို့ လိုပါတယ်။ ဒါ့ကြောင့် လုပ်သင့်တဲ့လုပ်ငန်းတွေကို မိမိရဲ့ကိုယ်ပိုင်အသိစိတ်နဲ့ လုပ်ဆောင်ဖို့သာ လိုပါတယ်။

“အထူးသဖြင့် လက်သီးဆုပ်ထားတဲ့လက်နဲ့ လက်ဆွဲနှုတ်ဆက်လို့မရဘူး” ဆိုတာကိုသိနေမှတော့ ဘာလုပ်မှာလဲ၊ ဆုပ်ထားမြဲ ဆုပ်ထားမှာလား လက်ဆွဲနှုတ်ဆက်မှာလား ကွဲကွဲပြားပြား ဆုံးဖြတ်ရမယ့်အချိန်ကို ရောက်နေပါပြီ...။

စာဖတ်ခြင်းဟာ အသိပညာတိုးပွားစေတဲ့အပြင် အကောင်းအဆိုးအကျိုးအပြစ် အမှားအမှန်ကို ခွဲခြားသိစေနိုင်တဲ့ ပင်ကိုစွမ်းရည်မျိုးရှိစေလို့ လူ့လောကရဲ့ပရိယာယ်မာယာ ကြွယ်ဝပုံတွေကိုသိနိုင်တယ်။ သိနိုင်တဲ့အတွက် အမှားကိုရှောင်ပြီး အမှန်ကို မြင်စေနိုင်ပါတယ်..။

ကနေ့ လူငယ်အများစုကိုကြည့်ရင် အိပ်မက်ကြီးကြီး မမက်ရဲကြတာကို တွေ့နေရတယ်။ မက်လည်း မမက်တတ်တော့တဲ့ သဘောမျိုးဖြစ်နေတယ်။မက်ရဲလောက်တဲ့ အနေအထားမျိုးမရှိတော့တာ ဘာဖြစ်လို့လဲ၊ ဝင်ငွေရဖို့သက်သက်အတွက် သူစိတ်မဝင်စားတဲ့အလုပ်ကို လုပ်နေရတယ်ဆိုရင် အလုပ်အပေါ်တန်ဖိုးထား မြတ်နိုးမှုမရှိတဲ့အတွက် သူ့ရဲ့စွမ်းဆောင်ရည်ဟာ သာမန်ထက်မပိုနိုင်ပါဘူး။ ဒီတော့ သူပါဝင်တဲ့အဖွဲ့အစည်းအတွက် သူ့လိုလူမျိုးတွေများလာရင် ဘယ်လိုလုပ်မလဲ၊ ဒါကြောင့် အလုပ်တစ်ခုကို ဝင်လုပ်တော့မယ်ဆိုရင် Organization Behaviour လို့ခေါ်တဲ့ အဖွဲ့အစည်းရဲ့ Work Style ကို အရင်ဆုံးလေ့လာပါ။ သဘောကျမှ၊ လက်ခံနိုင်မှ လုပ်ဖို့ကောင်းတယ်။ ကနေ့အခြေအနေမှာ အများစုဟာ မလေ့လာဘဲ ဝင်လုပ်နေကြတာကို တွေ့နေရတယ်။

အင်္ဂလိပ်စကားတစ်ခုရှိတယ်" A LEADER'S HARDEST TASK IS NOT TO DO WHAT IS RIGHT, BUT TO KNOW WHAT IS RIGHT"တဲ့။ “ခေါင်းဆောင်တစ်ဦးရဲ့ အခက်ခဲဆုံးတာဝန်ဟာ မှန်တာကိုလုပ်ဖို့ထက် မှန်တာကိုသိဖို့ပဲ”ဖြစ်ပါတယ်။ ဒီလို သိတဲ့သူတွေရဲ့ ခေါင်းဆောင်မှုအောက်မှာသာ လုပ်ကိုင်ခွင့်ရတယ်ဆိုရင် အနာဂတ်ကမ္ဘာဟာ လုပမှုတွေနဲ့ တန်ဆာဆင်ထားသလိုဖြစ်နေမှာပါ။ ဒါကြောင့် ယနေ့လူငယ် နောင်ဝယ်လူကြီးဖြစ်လာကြမယ့် လူငယ်တွေအနေနဲ့ အမြင်မမှားဖို့ အသိမမှားဖို့လိုသလို “ရာဇပလ္လင်ဆိုတာဟာ ကတ္တီပါစနဲ့ဖုံးအုပ်ထားတဲ့ ခုံတစ်ခုပဲဖြစ်တယ်” ဆိုတာကိုသိထားပါမှ ဘာလုပ်ချင်တယ်၊ ဘာလုပ်နိုင်တယ်၊ ဘာလုပ်ပေးမယ်ဆိုတဲ့ အသိမျိုးနဲ့ လုပြီးသားလောကကြီးကို လုသထက်လုအောင် ကြိုးစားရင်း ဖြစ်ထွန်းနေပြီဖြစ်တဲ့ ငြိမ်းချမ်းသာယာမှု၊ စည်းလုံးညီညွတ်မှု၊ ရိုးသားဖြူစင်မှု၊ အပြန်အလှန် လေးစားနားလည်မှု၊ အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုစတဲ့ အခြေခံကောင်းများနဲ့အတူ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်အောင် ကြံ့ခိုင်သော ပြည်ထောင်စုစိတ်ဓာတ်နဲ့ အရှိန်အဟုန်မပျက် ကြိုးပမ်းဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းတင်ပြလိုက်ရပါတယ်။ ။

## လွိုင်လင်မြို့၌ Geek Girls Workshop Tour သင်တန်းဖွင့်

**လွိုင်လင် ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့၌ အမျိုးသမီးများ သိသင့်သိထိုက်သော နည်းပညာဆိုင်ရာများအကြောင်းကို သင်ကြားပေးသည့် Geek Girls Workshop Tour သင်တန်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်လင်ခရိုင်ရုံး သင်တန်းခန်းမ၌ ဖေဖော်ဝါရီ ၆ ရက်က ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

သင်တန်းတွင် အမျိုးသမီးများအနေဖြင့် အခြေခံသိသင့်သိထိုက်သော နည်းပညာနှင့်ပတ်သက်သည့် အကြောင်းအရာများဖြစ်သည့် နေ့စဉ်ဘဝနှင့် စီးပွားရေးသုံး အင်တာနက်၊ ဆိုရှယ်မီဒီယာကို အကျိုးရှိစွာသုံးခြင်းများ၊ အမျိုးသမီးများအတွက် Digital Rights များ စသည့်အကြောင်းအရာများအပြင် Personal Development အပိုင်းများကိုပါ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ရန်ကုန်မြို့မှ နည်းပြဆရာမများဖြစ်သော ဒေါ်စန္ဒီစိန်သိဏ်း၊ ဒေါ်အိမြတ်နိုးခင်နှင့် ဒေါ်ခင်မြတ်နိုးဝေတို့က သင်ကြားပို့ချပေးပြီး သင်တန်းသို့ နည်းပညာတက္ကသိုလ်(ပင်လုံ)မှ ကျောင်းသူများ၊ အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင် အမျိုးသမီးများနှင့် စိတ်ဝင်စားသူ အမျိုးသမီး စုစုပေါင်း ၅၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**မိုးလွင်ဦး (လွိုင်လင်)**

## ကျေးရွာသုံးရွာဆက်သွယ်သည့် ကျောက်ချောလမ်းခင်း

**ကျောက်ဖြူ ဖေဖော်ဝါရီ ၈**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ကျောက်ဖြူမြို့နယ် အူချေ-ကုလားဘာကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်း စုစုပေါင်း (၃/၀) မိုင်ကို ကုမ္ပဏီနှစ်ခုမှဆောင်ရွက်လျက်ရှိရာ မြို့နယ်ကျေးလက်ဦးစီးမှူးနှင့် အင်ဂျင်နီယာတို့မှ ဇန်နဝါရီလ နောက်ဆုံးပတ်က သတ်မှတ်စံချိန်စံညွှန်းအတိုင်း ပြည့်မီအောင် ဆောင်ရွက်မှုရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးကြသည်။ အဆိုပါလမ်းသည် ကျေးရွာ သုံးရွာရှိ ပြည်သူများအား အကျိုးပြုနိုင်မည်ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တန်ဖိုးငွေကျပ် ၂၈၇ ဒသမ ၇ သန်းဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မူးယစ်ဆေးဝါးသယ်ဆောင်မှု လျော့ကျရန် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့ဖြင့် စတင်ဆောင်ရွက်

**မိုးညှင်း ဖေဖော်ဝါရီ ၈**
စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ကြား ဆက်သွယ်ထားသည့် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်တွင် တရားမဝင်ကုန်စည်နှင့် မူးယစ်ဆေးဝါးသယ်ဆောင်မှုများ လျော့ကျစေရန်၊ ယာဉ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရန်နှင့် တရားမဝင် စက်ယန္တရားများ မောင်းနှင်သွားလာခြင်းမရှိစေရန်အတွက် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့ကို စတင်ဖွင့်လှစ်ပြီး ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု နန့်စီးအောင်ကျေးရွာရှိ နန့်စီးအောင်တံတားတွင် အခြေပြုကာ စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပူးပေါင်းစစ်ဆင်ရေးအဖွဲ့ကို ဖေဖော်ဝါရီ ၆ ရက်က စတင်ဖွင့်လှစ်ခြင်းဖြစ်ပြီး အဆိုပါ ပူးပေါင်းစစ်ဆင်ရေးအဖွဲ့ကို ကချင်ပြည်နယ်အစိုးရ၏ လမ်းညွှန်မှုဖြင့် မိုးညှင်းခရိုင် ရဲတပ်ဖွဲ့မှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် စတင်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် အဆိုပါပူးပေါင်းစစ်ဆင်ရေးအဖွဲ့ကို ထားရှိခြင်းအားဖြင့် နေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိသော မော်တော်ယာဉ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာကာ စနစ်တကျ သွားလာခြင်းကြောင့် မလိုလားအပ်သော ပြဿနာများ လျော့နည်းစေရန်၊ တရားမဝင် စက်ယန္တရားဖြတ်သန်းသွားလာမှုနှင့် တရားမဝင် ကုန်စည်စီးဆင်းမှုများ လျော့နည်းပပျောက်စေရန်နှင့် မူးယစ်ဆေးဝါးများ သယ်ယူရာလမ်းကြောင်း လျော့နည်းပပျောက်၍ မှုခင်းများ ကျဆင်းလာရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

ပူးပေါင်းစစ်ဆင်ရေး အဖွဲ့တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လဝက၊ သစ်တောဦးစီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရပ်ကျေးအုပ်ချုပ်ရေး၊ ပြည်သူ့စစ်အဖွဲ့၊ ဒေသ အရန်မီးသတ်တပ်ဖွဲ့ စသည့် နေ့စဉ် ၂၄ နာရီ အချိန်ပြည့်တာဝန်ကျ အဖွဲ့ ၁၁ ဖွဲ့ပါဝင်၍ စနစ်တကျဖွဲ့စည်းထားပြီး တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးတို့ကို အဓိက ရည်ရွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။
**နီတိုး**



# တွံတေးမြို့နယ်၌ ဝက်သက်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံပေး

**တွံတေး ဖေဖော်ဝါရီ ၈**
ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် ဝက်သက်ရောဂါကာကွယ်ဆေး အစု လိုက်ထိုးနှံခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနက ကြီးမှူး၍ ဖေဖော်ဝါရီ ၆ ရက်က ဆောင်ရွက်ခဲ့ရာ နံနက် ၇ နာရီမှစတင်၍ တစ်မြို့နယ်လုံးရှိ စုရပ်များ၌ ကာကွယ်ဆေးများ တစ်ပြိုင်တည်းထိုးနှံပေးခဲ့ကြောင်း သိရသည်။

ဝက်သက်ရောဂါသည် ဝက်သက်ပိုးရပ်ပိုးကြောင့်ဖြစ်ပြီး အလွန်ကူးစက်မြန်သော ရောဂါဖြစ်သည့်အပြင် ဖျားခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ မျက်လုံးနီလျက် မျက်ဝတ်ထွက်ခြင်းနှင့် ခန္ဓာကိုယ်အနှံ့တွင် အနီရောင်အပိန့်များထွက်ခြင်း စသည့် လက္ခဏာများဖြစ်ပွားတတ်ပြီး နောက်ဆက်တွဲရောဂါများ အနေဖြင့် မျက်စိကွယ်ခြင်း၊ ဦးနှောက်ရောင်ရမ်းခြင်း၊ ဝမ်းလျှောပြီး ပြင်းထန်စွာအရည်ခန်းခြောက်ခြင်း၊ နားပြည်ယိုခြင်းနှင့် ပြင်းထန်အဆုတ်ရောင်ခြင်း(နမိုးနီးယား) တို့ကို ဖြစ်စေတတ်သော ရောဂါဖြစ်သည့်အတွက် ဝက်သက်ရောဂါ ကာကွယ်ဆေးကို အစုလိုက် တစ်ပြိုင်တည်း ထိုးပေးခြင်းဖြစ်ကြောင်း သိရသည်။

ဝက်သက်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်း လှိုင်သာယာ၊ တွံတေး၊ သာကေတ၊ အင်းစိန်နှင့် ကြည့်မြင်တိုင်မြို့နယ်များတွင် ဖေဖော်ဝါရီ ၆ ရက်မှစ၍ တစ်ပြိုင်တည်းဆောင်ရွက်ပြီး ဖေဖော်ဝါရီ ၂၀ ရက်အထိ ထိုးပေးသွားမည်ဖြစ်ကာ အသက် ၉ လမှ အသက် ၁၅ နှစ်အတွင်း ကလေးငယ်အားလုံး ယခင်က ဆေးထိုးဖူးသည်ဖြစ်စေ၊ မထိုးဖူးသည်ဖြစ်စေ ကာကွယ်ဆေးထိုးရန် လိုအပ်ကြောင်း ရေကျော် ကျေးလက်ပြည်သူ့ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးစိုးဝင်းထွန်း၏ ပြောကြားချက်အရ သိရသည်။
**မျိုးလှိုင် (တွံတေး)**



# ကျေးရွာစာကြည့်တိုက်သို့ စာအုပ်စာစောင်နှင့် ထိုင်ခုံများ လှူဒါန်း

**ပခုက္ကူ ဖေဖော်ဝါရီ ၈**
ပခုက္ကူမြို့နယ် ကြီးရွာကျေးရွာရှိ သုတအလင်း စာကြည့်တိုက်တွင် ထားရှိအသုံးပြုရန်အတွက် စာအုပ်စာစောင်နှင့် ထိုင်ခုံများကို ဖေဖော်ဝါရီ ၆ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

စာအုပ်လှူဒါန်းပွဲတွင် စာကြည့်တိုက်တွင် ထားရှိရန်အတွက် သုတ/ရသ စာအုပ်စာစောင်မျိုးစုံ ၆၃၉ အုပ်နှင့် ပလတ်စတစ်ထိုင်ခုံ ၁၀လုံးကို မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးညွှန့်နိုင်နှင့် ခရိုင်ဦးစီးအရာရှိ ဦးဇော်ဌေးအောင်တို့ကလည်းကောင်း၊ မကွေးမြို့ ဗုဒ္ဓဂုဏ်ရည်စာကြည့်တိုက်က သုတ/ရသ စာအုပ် ၁၁၉ အုပ်ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။ ထို့နောက် ဒုတိယညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ကျေးရွာအုပ်ချုပ်ရေးမှူး၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ စာကြည့်တိုက် ရေရှည်ရှင်သန် ဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

စာကြည့်တိုက်ကို ဆရာတော် ဦးဓမ္မပီယ၊ နိုင်ငံခြားရောက် ကျေးရွာလူငယ်များနှင့် ကျေးရွာနေပြည်သူများ စုပေါင်းကာ ငွေကျပ် ၆၄ သိန်း အကုန်ကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **ကိုဇော်(ခာတု)**





# မြို့ဦး အောင်စေတီ ဗုဒ္ဓပူဇနီယပွဲ စည်ကားစွာကျင်းပမည်

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၈**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၏ ကျက်သရေဆောင် မြို့ဦးအောင်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ယခုနှစ်တွင် အဌမအကြိမ်မြောက်အဖြစ် ဖေဖော်ဝါရီ ၁၁ ရက်(တပို့တွဲလပြည့်နေ့)မှစ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနီယပွဲတော် အကြိုအဖြစ် ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲများကို ဖေဖော်ဝါရီ ၃ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့ပြီး အကြိုတရားပွဲများကို ဖေဖော်ဝါရီ ၈ ရက်မှစ၍ ကျင်းပမည်ဖြစ်ကာ ဖေဖော်ဝါရီ ၁၁ ရက်တွင် ပင့်သံဃာတော် အပါး ၂၀၀ ကျော်တို့အား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြမည်ဖြစ်ကြောင်း၊ ထို့နောက် ပင့်သံဃာတော်များက မြို့ဦးအောင်စေတီတော်မြတ်ကြီး၏ အတွင်းလိုဏ်၊ အပြင်လိုဏ်များမှ စေတီတော်မြတ်အား အနေကဇာတင် ပူဇော်ကြမည်ဖြစ်ကြောင်း၊ ထို့နောက် မြို့ပေါ်ရပ်ကွက်အသီးသီးနှင့် အနီးဝန်းကျင်ကျေးရွာများမှ အလှူရှင်ပြည်သူများက သံဃာတော်များအား ဆွမ်းသပိတ်လုံးများ လောင်းလှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။
**နေအောင် (ပြန်/ဆက်)**

# Strand Restaurant ပြန်လည်ဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၈**
မြန်မာနိုင်ငံ၏ အထင်ကရဟိုတယ်တစ်ခုဖြစ်သည့် The Strand Yangon တွင် ၁၁၆ နှစ်တိုင် ဖွင့်လှစ်ခဲ့သော Fine Dining Restaurant ကို ခြောက်လကြာ ပြင်ဆင်မှုများ ပြုလုပ်ပြီးနောက် The Strand Restaurant ဟူသော အမည်သစ်ဖြင့် ဖေဖော်ဝါရီ ၃ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ထားပြီဖြစ်ကြောင်း သိရသည်။

The Strand Restaurant တွင် The Strand Hotel ၏ အဖွဲ့ဝင်ဖြစ်သည့် အမှုဆောင် စားဖိုမှူးသစ် Christian Martena က ဦးစီးကာ မြန်မာနိုင်ငံမှ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများဖြင့် ဖန်တီးချက်ပြုတ်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အကောင်းဆုံး သဘာဝထွက် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ရရှိနိုင်ရန် နေရာအနှံ့အပြားမှ ဟင်းချက်ပစ္စည်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းအဖွဲ့အစည်းများသို့ သွားရောက်လေ့လာပြီးဖြစ်ကြောင်း၊ The Strand Restaurant တွင် မြည်းစမ်းနိုင်သော အထူးဟင်းလျာအဖြစ် မြေထဲပင်လယ်ဟင်းလျာမီနူးနှင့်အတူ အထင်ကရဟင်းလျာများ ရရှိမည်ဖြစ်ကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့မှ စနေနေ့အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။
**သွန်းဝသန်**

# သွားဘက်ဆိုင်ရာဆရာဝန်များ ဂွမြို့၌ အခမဲ့ဆေးကုသ

**ဂွ ဖေဖော်ဝါရီ ၈**
မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်များအသင်းမှ ပါမောက္ခဒေါက်တာစောထွန်းအောင် ဦးဆောင်သည့် ဆရာဝန် ၂၀ ပါအဖွဲ့သည် ဂွမြို့နယ်မှ သွားနှင့် ခံတွင်းဝေဒနာရှင်များအား အခမဲ့ဆေးဝါးကုသမှုများကို ဂွမြို့အထကကျောင်း၌ အခြေပြု၍ ဖေဖော်ဝါရီ ၄ ရက်နှင့် ၅ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အခမဲ့ဆေးဝါးကုသပေးရာတွင် ဂွမြို့ပေါ်နှင့် မြို့နယ်အတွင်း ကျေးရွာများမှ သွားနှင့်ခံတွင်းဝေဒနာရှင် ၄၀၀ ကျော်ကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ ထို့အပြင် သွားနှင့်ခံတွင်းဝေဒနာရှင်များအား ပါမောက္ခဒေါက်တာစောထွန်းအောင်နှင့် ဆရာဝန်များက သွားနှင့်ခံတွင်းရောဂါများ ကင်းဝေးအောင် ဆောင်ရန်/ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောခဲ့ကြပြီး Signal သွားတိုက်ဆေးမှလည်း သွားတိုက်ဆေးဘူးများကို ကုသိုလ်ပြုပေးဝေခဲ့ကာ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်များအသင်းက ဂွမြို့နယ် ထာဝရမေတ္တာ နာရေးကူညီမှုအသင်းသို့ အလှူငွေ ကျပ်နှစ်သိန်းကိုလည်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

# အရည်အသွေးမြင့်သီးနှံများ စိုက်ပျိုးနိုင်ရေးဆောင်ရွက်

**ဂန့်ဂေါ ဖေဖော်ဝါရီ ၈**
ဘေးအန္တရာယ်ကင်းသော လယ်ယာထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ဂန့်ဂေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများအား ပညာပေးဆောင်ရွက်ခြင်း၊ ဈေးကွက်တွင်ယှဉ်ပြိုင်နိုင်သည့် မျိုးကောင်းမျိုးသန့်သီးနှံများ မျိုးပွားဖြန့်ဖြူးခြင်း၊ စမ်းသပ်ကွက်၊ စံပြကွက်များ စိုက်ပျိုးခြင်းတို့ကို ၂၀၁၆-၂၀၁၇ ခုနှစ် စိုက်ပျိုးရာသီအတွင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ "မျိုးကောင်းမျိုးသန့် အထွက်နှုန်းကောင်းတဲ့ သီးနှံများကို စိုက်ပျိုးတာ တောင်သူများအတွက် အကျိုးများပါတယ်၊ ဌာနအနေနဲ့တော့ နည်းပညာများ ပံ့ပိုးပေးလျက်ရှိပါတယ်၊ ယခု သီးနှံများအပါအဝင် အထွက်တိုး ဈေးကွက်ဝင်စပါးမျိုးများ၊ ဆီထွက်သီးနှံများကိုလည်း လာမည့်နှစ် မျိုးကောင်းမျိုးပွားခြံတွေမှာ တိုးချဲ့စိုက်ပျိုးသွားဖို့ စီစဉ်ဆောင်ရွက်နေပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ဂန့်ဂေါမြို့နယ် အတွင်းမှ တောင်သူများအနေဖြင့် သီးနှံစိုက်ပျိုးရာတွင် အဓိကအားဖြင့် ဘိုမပဲ၊ ဘိုစားပဲ၊ မကွေး(၁၆)နှင့် ဆင်းပဒေသာ(၁၁)မြေပဲမျိုးများ၊ ရေဆင်းစပ်မျိုး(၁)နေကြာများကို အများဆုံး စိုက်ပျိုးကြရာ အရည်အသွေးမီသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(၁၀၁)**

# ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာမာဂရက်ဝေါင်း ၊ ပါမောက္ခ၊ ဌာနမှူး ၊ သမိုင်းဌာန ၊ ရန်ကုန်တက္ကသိုလ်

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအတွက် သမိုင်းဘာသာရပ်သိကောင်းစရာများကို တင်ပြသွားပါမယ်။ ပထမဦးစွာ မြန်မာ့သမိုင်း သင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းမှာ နှစ်ပိုင်းပါဝင်တယ်။ ကိုလိုနီခေတ်နဲ့ လွတ်လပ်ပြီး ခေတ်တို့ဖြစ်တယ်။

ကိုလိုနီခေတ်ကို လေ့လာမယ်ဆိုရင် ပထမဦးစွာ သူ့ကျွန်ဘဝကိုကျရောက်ခဲ့ရတာကို မခံမရပ်နိုင်ဖြစ်ရတဲ့ တိုင်းရင်းသားတို့ တောင်ပေါ်မြေပြန့်မကျန် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့ကြပုံကိုလေ့လာဖို့ လိုပါတယ်။

ကိုလိုနီခေတ်ဦး လက်နက်ကိုင်တော်လှန်မှုများ ကျဆုံးပြီးနောက် ငုပ်လျှိုးသွားခဲ့တဲ့ မြန်မာတို့ရဲ့ အမျိုးသား စိတ်ဓာတ် မကြာမီပြန်လည်နိုးကြားလာတဲ့အပိုင်းကိုလေ့လာတဲ့အခါ ဝိုင်အမ်ဘီအေ ဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှု၊ ဂျီစီဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုဟူ၍ လေ့လာသင့်တယ်။

ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းကို ခုနှစ်အပိုင်းအခြားဖြင့်လည်း လေ့လာသင့်တယ်။ ၁၉၀၆ မှ ၁၉၂၀ ကာလအတွင်း အမျိုးသားစိတ်ဓာတ်နိုးကြားလာခြင်းဆိုပြီး မေးရင်လည်း ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ကြောင်း သိဖို့လိုအပ်တယ်။ သမိုင်းဘာသာရပ်မှာ ခုနှစ်သက္ကရာဇ်တိုင်း သိရှိဖို့ မလိုအပ်ပေမယ့် အရေးပါတဲ့ ခုနှစ်၊ သက္ကရာဇ်တွေကို သိရမှာဖြစ်တယ်။ ၁၉၂၀ ပြည်မြို့မှာကျင်းပတဲ့ ဝိုင်အမ်ဘီအေ ညီလာခံအပြီးမှာ ဝိုင်အမ်ဘီအေဟာ နိုင်ငံရေးကို ဆောင်ရွက်ခြင်းမပြုတော့တာတွေ့ရတယ်။ ဝိုင်အမ်ဘီအေရဲ့နေရာမှာ နိုင်ငံရေးဆောင်ရွက်မည့် အသင်းကြီး တစ်သင်းထွက်ပေါ်လာတယ်။ အဲဒါက ဂျီစီဘီအေဖြစ်တယ်။

၁၉၂၀ မှ ၁၉၃၀ ကာလအတွင်း မြန်မာနိုင်ငံ အမျိုးသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့တဲ့ အဖွဲ့အစည်းမှာ ဂျီစီဘီအေခေါ် မြန်မာ့အသင်းချုပ်ကြီးဖြစ်တယ်။ ဂျီစီဘီအေအသင်းကြီးဟာ ၁၉၃၀မှာ အစိပ်စိပ် အမြွှာမြွှာပြိုကွဲသွားတယ်။ အဲဒီကာလ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ မြန်မာအမျိုးသမီးများ၏ ကုမ္မာရီအသင်းသည်လည်း တစ်တပ်တစ်အား ပါဝင်ခဲ့ကြတယ်။

ဂျီစီဘီအေ အစိပ်အစိပ်အမြွှာမြွှာပြိုကွဲသွားလို့ နယ်ချဲ့ဆန့်ကျင်ရေးအတွက် ခိုင်မာတောင့်တင်းတဲ့ အသင်းကြီး တစ်သင်းပေါ်ပေါက်ဖို့ ပြည်သူတို့မျှော်လင့်နေချိန်မှာ ပေါ်ပေါက်လာတဲ့အသင်းဟာ တို့ဗမာအစည်းအရုံးဖြစ်တယ်။ တို့ဗမာအစည်းအရုံးကို ၁၉၃၀ မေ ၃၀ မှာ စတင်ဖွဲ့စည်းတာဖြစ်တယ်။ မြန်မာနိုင်ငံရဲ့အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုသမိုင်းမှာ "တို့ဗမာအစည်းအရုံး"ရဲ့ အခန်းကဏ္ဍမှာလည်းအရေးပါတယ်။ တို့ဗမာအစည်းအရုံးရဲ့ကာလအပိုင်းအခြားဟာ ၁၉၃၀ မှ ၁၉၄၁ အထိ ဖြစ်တယ်ဆိုတာလည်းသိထားသင့်တယ်။

၁၉၃၀ ပြည့်နှစ်မှာတော့ မြန်မာနိုင်ငံတွင် ဆရာစံဦးဆောင်တဲ့ တောင်သူလယ်သမားအရေးတော်ပုံ ပေါ်ပေါက်ခဲ့တယ်။ နယ်ချဲ့ကိုလက်နက်စွဲကိုင်တော်လှန်ခဲ့ခြင်းဖြစ်တယ်။ တောင်သူလယ်သမားအရေးတော်ပုံမှာ အရေးတော်ပုံ မတိုင်မီ လယ်သမားတို့အခြေအနေ၊ လယ်သမားအရေးတော်ပုံ ပေါ်ပေါက်လာရခြင်းတို့ကို သီးခြားလေ့လာလို့ရတယ်။ တို့ဗမာအစည်းအရုံးကာလအတွင်းမှာပဲ ခွဲရေး တွဲရေးပြဿနာ ပေါ်ပေါက်လာပြန်တယ်။ ခွဲရေး တွဲရေးပြဿနာဟာ အင်္ဂလိပ်တို့ရဲ့သွေးခွဲရေးစီမံချက်တစ်ခုဖြစ်တယ်။

မြန်မာ့သမိုင်းတွင် မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့် ခရစ်နှစ် ၁၉၃၈ ဟာ ထူးခြားတဲ့နှစ်ဖြစ်တယ်။ ဒီနှစ်အတွင်း ပေါ်ပေါက်လာတဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ၁၃၀၀ ပြည့်အရေးတော်ပုံလို့ မော်ကွန်းတင်ခဲ့တယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံဝယက်ကြောင့် မြန်မာတိုင်းရင်းသားတွေရဲ့နယ်ချဲ့ဆန့်ကျင်မှုနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုဟာ ပိုမိုပြင်းထန်လာခဲ့တယ်။ ၁၃၀၀ ပြည့်အရေးတော်ပုံ ဖြစ်ပွားတဲ့ကာလဟာ ခရစ်သက္ကရာဇ်အားဖြင့် ၁၉၃၈-၁၉၃၉ ကာလ ဖြစ်တယ်ဆိုတာကိုလည်းသိထားရမှာဖြစ်တယ်။

ဒီကာလမှာ ဥရောပမှာ ဒုတိယကမ္ဘာစစ်ကြီးစတင်ရန် နီးကပ်လာတဲ့အချိန်ဖြစ်တယ်။ အာရှမှာလည်း ဖက်ဆစ်ဂျပန်တို့ရဲ့ခြိမ်းခြောက်မှုဟာ ပိုမိုများပြားနေတဲ့အချိန်ဖြစ်လို့ မြန်မာတို့က အင်္ဂလိပ်အခက်-ဗမာ့အချက်မူဖြင့် လွတ်လပ်ရေးရရန်ပိုမိုဆောင်ရွက်လာရာမှ ဗမာ့ထွက်ရပ်ဂိုဏ်းဆိုတာ ပေါ်ပေါက်လာတယ်ဆိုတာ သိထားရမှာဖြစ်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၄၀-၁၉၄၅ အထိ ကာလအပိုင်းအခြားဟာ အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ အပိုင်းဖြစ်တယ်။ ဒီအပိုင်းကို အဆင့်နှစ်ဆင့်ခွဲခြားပြီး လေ့လာသင့်တယ်။ ပထမအဆင့်မှာ ၁၉၄၀-၁၉၄၂ ကာလ အတွင်း အင်္ဂလိပ်တို့ကိုတော်လှန်တိုက်ခိုက်ခြင်းဖြစ်တယ်။ အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ခြင်းကိုလည်း ထပ်မံ ပိုင်းခြားလေ့လာလို့ရတယ်။ ဥပမာ-ရဲဘော်သုံးကျိပ်၊ ဘီအိုင်အေ၊ ဘီဒီအေဆိုပြီး ခွဲခြားလေ့လာနိုင်ပါတယ်။

အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ ဒုတိယအဆင့်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေး (၁၉၄၂-၁၉၄၅) ဖြစ်တယ်။ ဒီအပိုင်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးဆင်နွှဲရန် ဖန်တီးပေးတဲ့ အခြေအနေများ၊ အခြေခံသဘောထားနှင့်အစီအမံများ၊ အောင်မြင်မှုများဟူ၍ အပိုင်းပိုင်းပြီး လေ့လာဖို့ လိုပါ တယ်။

လွတ်လပ်ရေးရယူခြင်းအပိုင်းကို လေ့လာရာတွင် ဖဆပလအဖွဲ့အနေဖြင့် ဘုရင်ခံအမှုဆောင်ကောင်စီတွင် မပါဝင်မီနဲ့ ပါဝင်ပြီးနောက်ပိုင်း အခြေအနေတို့ကို လေ့လာဖို့လိုတယ်။ လွတ်လပ်ရေးအရယူခြင်း ခေါင်းစဉ်ရဲ့အောက်မှာ စက္ကူဖြူစာတမ်း၊ နေသူရိန်လူထုအစည်းအဝေး၊ ကန္ဒီကွန်ဖရင့်၊ အလယ်ပစ္စယံအစည်းအဝေး၊ အောင်ဆန်းအက်တလီစာချုပ်၊ ပင်လုံညီလာခံ၊ နု-အက်တလီစာချုပ် ဆိုပြီးရှိတယ်။

အင်္ဂလိပ်ခေတ်၊ တစ်နည်းအားဖြင့် ကိုလိုနီခေတ်ကို လေ့လာရာမှာ ကိုလိုနီခေတ်အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုပြီး သီးခြားခွဲလေ့လာရမှာဖြစ်တယ်။ အုပ်ချုပ်ရေးမှာ ဒိုင်အာခီမတိုင်မီ အုပ်ချုပ်ရေး၊ ဒိုင်အာခီအုပ်ချုပ်ရေး၊ ၉၁ ဌာနအုပ်ချုပ်ရေးဆိုပြီးရှိတယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ မှ ၁၉၃၇ အတွင်း အုပ်ချုပ်ခဲ့တဲ့ အင်္ဂလိပ်တို့ရဲ့အုပ်ချုပ်ရေးဖြစ်တယ်ဆိုတာကို သိထားရမယ်။ ဒီအုပ်ချုပ်ရေးဟာ သွေးခွဲအုပ်ချုပ်ရေး ဖြစ်လို့ ပြည်သူတို့က မကျေနပ်တဲ့အတွက် အုပ်ချုပ်ရေးအသစ် ဖန်တီးပေးဖို့ အင်္ဂလိပ်တို့က စီစဉ်လာပြန်တယ်။ အဲဒါကြောင့် ၉၁ ဌာနအုပ်ချုပ်ရေး ပေါ်လာတယ်။ ဒီ ၉၁ ဌာန အုပ်ချုပ်ရေးကို ၁၉၃၇ မှ ၁၉၄၁ အတွင်းအုပ်ချုပ်ခဲ့တယ်။ ၉၁ ဌာနအုပ်ချုပ်ရေးအတွင်းမှာပဲ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့တယ်။ စစ်အပြီးမှာ အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေးပြန်စလာတဲ့အခါ စစ်အုပ်ချုပ်ရေး၊ မြို့ပြအုပ်ချုပ်ရေးနဲ့ အမျိုးသားယာယီအစိုးရဆိုပြီးတွေ့ရမယ်။ အဲဒါတွေဟာ ဒုတိယကမ္ဘာစစ်ပြီးခေတ် အင်္ဂလိပ်တို့ရဲ့အုပ်ချုပ်ရေးဖြစ်တယ်။ ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ်ကို လေ့လာပြီးတဲ့နောက်မှာ ကိုလိုနီခေတ်စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကို ဆက်လက်လေ့လာရမှာဖြစ်တယ်။

ဂျပန်ခေတ်ကိုလေ့လာရာမှာ ဂျပန်ခေတ်အုပ်ချုပ်ရေး၊ ဂျပန်ခေတ်စီးပွားရေးဆိုပြီး လေ့လာသင့်သလို လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံအခြေအနေကိုလေ့လာရာမှာ ၁၉၄၈-၁၉၅၈ ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလ အစိုးရအုပ်ချုပ်တဲ့ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်တွင်းရောင်စုံ သောင်းကျန်းသူများပေါ်ပေါက်လာပုံ၊ ဖဆပလပြိုကွဲပုံတွေကို လေ့လာရမှာဖြစ်တယ်။ ပြည်တွင်း ဆူပူသောင်းကျန်းမှုများအပြင် ပြည်ပအန္တရာယ်ဖြစ်တဲ့ တရုတ်ဖြူ ကိုမင်တန်ကျူးကျော်မှုကိုလည်း တွေ့ရမှာဖြစ်တယ်။ ဖဆပလပြိုကွဲခြင်းကြောင့် အိမ်စောင့်အစိုးရ ပေါ်ပေါက်လာခြင်းဖြစ်တယ်ဆိုတာ သိရပါမယ်။

မြန်မာ့သမိုင်းတွင် ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရ တာဝန်ယူတဲ့ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့လုပ်ငန်းစဉ်ကြီးလေးရပ်၊ အိမ်စောင့်အစိုးရရဲ့အောင်မြင်မှုဒါမှမဟုတ် ဆောင်ရွက်ချက်များကို လေ့လာသင့်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၆၀-၁၉၆၂ အထိကာလဟာ ပြည်ထောင်စု(ပထစ)အစိုးရ တာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်ထောင်စုကြီး ပြိုကွဲရမယ့်အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရပုံတွေကို လေ့လာသင့်တယ်။ ဒီအခြေအနေဟာ တော်လှန်ရေးကောင်စီကို ပေါ်ပေါက်လာစေတယ် ဆိုတာလည်း သိထားရမယ်။

မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများလက်ထက် ယေဘုယျအခြေအနေတွေကို ထည့်သွင်းထားတယ်။ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခြေအနေတွေကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာ့သမိုင်းမှာ ၁၉၆၂-၁၉၇၄ အထိကာလကို တော်လှန်ရေးကောင်စီအစိုးရက တာဝန်ယူအုပ်ချုပ်ခဲ့ပြီး ၁၉၇၄-၁၉၈၈ အထိကာလဟာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဖြစ်တယ်။ တော်လှန်ရေးကောင်စီခေတ်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ကာလရဲ့ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုများကိုလည်း လေ့လာသိရှိဖို့ လိုအပ်တယ်။

ဒါ့အပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရများလက်ထက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေနေတွေကို လေ့လာရမှာ ဖြစ်တယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါမယ်။

ပထမဦးစွာ ပထမကမ္ဘာစစ်အကြောင်းကို လေ့လာမယ်ဆိုရင် စစ်ဖြစ်ပွားရတဲ့အကြောင်းရင်းတွေကို သိရှိဖို့ လိုပါတယ်။ စစ်ဖြစ်ပွားရတဲ့အကြောင်းရင်းမှာလည်း အခြေခံအကြောင်းရင်းနဲ့ လတ်တလောအကြောင်းရင်းဟူ၍ နှစ်ပိုင်းရှိတယ်။ အခြေခံအကြောင်းရင်းတွေဟာ လေးချက်ရှိတယ်။ အဲဒါတွေက

- ကိုလိုနီအပြိုင်အဆိုင်ရှာဖွေခြင်း
- အမျိုးသားစိတ်ဓာတ်ပြင်းထန်လာခြင်း
- မဟာမိတ်စစ်အုပ်စုအပြိုင်အဆိုင်ဖွဲ့စည်းခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း

တို့ဖြစ်တယ်။ စစ်ဖြစ်ပွားရတဲ့အခြေခံအကြောင်းရင်းအပြင် လတ်တလောအကြောင်းရင်းကိုလည်း လေ့လာရမှာဖြစ်တယ်။ ဒီအခြေအနေမှတစ်ဆင့် ပထမကမ္ဘာစစ်ကြီးဖြစ်ပွားလာရတယ်။

ပထမကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုများအနေနဲ့ ပါရီငြိမ်းချမ်းရေးညီလာခံ၊ ဗာဆိုင်းစာချုပ်တွေကို လေ့လာဖို့ လိုပါမယ်။ ဗာဆိုင်းစာချုပ်မှာပါတဲ့ နယ်မြေပိုင်းခြားသတ်မှတ်ရေး၊ ဂျာမနီလက်နက် လျှော့ပေါ့ရေး၊ စစ်လျော်ကြေးနဲ့ အထွေထွေစီမံချက်များဟာ မဟာမိတ်တို့အလိုကျ တစ်ဖက်သတ်ချုပ်ဆိုထားတဲ့စာချုပ်ဖြစ်တယ်။ ဒါကြောင့် ဂျာမနီ အင်အား ပြန်ကောင်းလာတဲ့အခါ ဗာဆိုင်းစာချုပ်ပါအချက်များကို ချိုးဖောက်လာရာက ဥရောပနိုင်ငံရေးမှာ ပြဿနာများပေါ်ပေါက်လာပြီး ဒုတိယကမ္ဘာစစ်ဖြစ်ရသည့် အခြေအနေသို့ ရောက်ရှိခဲ့ရကြောင်းကို လေ့လာသိရှိဖို့ လိုအပ်တယ်။

နိုင်ငံပေါင်းချုပ်အသင်းကြီးကို လေ့လာမယ်ဆိုရင် ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနဲ့ နိုင်ငံပေါင်းချုပ်အသင်းကြီးရဲ့ လူမှုရေးလုပ်ငန်းများနဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းရေးလုပ်ငန်းများကို လေ့လာရမှာ ဖြစ်တယ်။

ကမ္ဘာ့သမိုင်းမှာ ပထမကမ္ဘာစစ်အပြီး ထူးခြားတဲ့ဖြစ်စဉ်ကတော့ ဆိုရှယ်လစ်ရုရှားနိုင်ငံ ပေါ်ပေါက်လာခြင်းဖြစ်တယ်။ ဆိုရှယ်လစ်ရုရှားနိုင်ငံနဲ့ပတ်သက်ပြီး လေ့လာရာမှာ ၂၀ ရာစုဦး ရုရှားနိုင်ငံအခြေအနေ၊ ၁၉၀၅ တော်လှန်ရေး၊ ၁၉၁၇ ဖေဖော်ဝါရီတော်လှန်ရေး၊ ၁၉၁၇ အောက်တိုဘာတော်လှန်ရေးဆိုပြီး သီးခြားလေ့လာရမှာဖြစ်တယ်။ ဒါ့အပြင် ဖေဖော်ဝါရီတော်လှန်ရေးဟာ ဘူဇွာတော်လှန်ရေး ဖြစ်တယ်ဆိုတာ၊ အောက်တိုဘာတော်လှန်ရေးဟာ ဆိုရှယ်လစ်တော်လှန်ရေး ဖြစ်တယ်ဆိုတာကိုလည်း သိထားသင့်တယ်။

ပထမကမ္ဘာစစ်အပြီးမှာ အမျိုးသားလှုပ်ရှားမှုများ ပိုမိုအားကောင်းလာတယ်။ အမျိုးသားလှုပ်ရှားမှုအပိုင်းကို လေ့လာမယ်ဆိုရင် အိန္ဒိယ၊ အရှေ့တောင်အာရှ၊ တရုတ်ဟူ၍ ဒေသအလိုက် လေ့လာသင့်တယ်။

အိန္ဒိယမှာလည်းစစ်ပါရီအရေးတော်ပုံ၊ အိန္ဒိယအမျိုးသားကွန်ဂရက်၊ တိလက်၏ ဆွာရဂ်ျခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးလှုပ်ရှားမှုနဲ့ ဂန္ဒီရဲ့အမျိုးသားလှုပ်ရှားမှုကို အပိုင်းလိုက်လေ့လာရမှာဖြစ်တယ်။ ဂန္ဒီရဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းမှာလည်း ဂန္ဒီနဲ့ကွန်ဂရက်ပါတီလှုပ်ရှားမှုနဲ့ ၁၉၂၁ နောက်ပိုင်း ဂန္ဒီ၏ဦးဆောင်မှုဟူ၍ ပိုင်းခြားပြီးလေ့လာနိုင်တယ်။

အရှေ့တောင်အာရှအမျိုးသားလှုပ်ရှားမှုလည်း နိုင်ငံအလိုက်သီးခြားခွဲပြီး လေ့လာကျက်မှတ်ရမယ်။ အရှေ့တောင်အာရှနိုင်ငံတွေရဲ့အမျိုးသားလှုပ်ရှားမှုမှာ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အင်ဒိုချိုင်းနား၊ ဖိလစ်ပိုင်တို့ပါရှိတယ်။

တရုတ်အမျိုးသားလှုပ်ရှားမှုတွေမှာလည်း ရှေးဦးအမျိုးသားလှုပ်ရှားမှု၊ ၁၉၁၁ ဘူဇွာတော်လှန်ရေး၊ မေ ၄ အရေးတော်ပုံဆိုပြီး ပါရှိတယ်။

ပထမကမ္ဘာစစ်အပြီး ဥရောပနိုင်ငံတွေမှာ ကြီးမားတဲ့ နိုင်ငံရေး၊ စီးပွားရေးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကိုချမှတ်ပြီး ပြဿနာများကိုဖြေရှင်းပေမယ့် မအောင်မြင်ခဲ့တဲ့ အခြေအနေကိုတွေ့ရတယ်။ ဒါကြောင့်နိုင်ငံအချို့မှာ အမျိုးသားဝါဒနဲ့ စစ်ဝါဒကိုအခြေခံတဲ့ အရင်းရှင်စနစ်ရဲ့အကြမ်းတမ်းဆုံးနဲ့ အဆိုးရွားဆုံးဖြစ်တဲ့ ဖက်ဆစ်အာဏာရှင်စနစ်ပေါ်ပေါက်လာခဲ့တယ်။ ဖက်ဆစ်စနစ်ဟာ အီတလီမှာ ရှေးဦးစွာပေါ်ပေါက်လာပြီး ဂျာမနီ၊ ဂျပန်နိုင်ငံတွေမှာ ဆက်လက်ပေါ်ပေါက်ခဲ့တယ်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတဲ့အကြောင်းရင်းတွေကိုလေ့လာရင် အခြေခံအကြောင်းရင်းများနဲ့ လတ်တလော အကြောင်းဟူ၍ နှစ်ပိုင်းလေ့လာဖို့လိုတယ်။

စစ်ဖြစ်ရသည့် အခြေခံအကြောင်းရင်းများကို သီးခြားခေါင်းစဉ်ခွဲများဖြင့် ဖော်ပြထားတယ်။ အဲဒီအခြေခံအကြောင်းရင်းများမှာ

- အရင်းရှင်နိုင်ငံအချင်းချင်းပဋိပက္ခဖြစ်ခြင်း
- နိုင်ငံပေါင်းချုပ်အသင်းကြီးအားနည်းလာခြင်း
- မဟာမိတ်စစ်အုပ်စုများ အပြိုင်အဆိုင်ဖွဲ့စည်းလာခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း
- ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးပျက်ပြားလာခြင်း

တို့ဖြစ်တယ်။ ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုများမှာ မန်ချူးရီးယားအရေး၊ အီသီယိုးပီးယားအရေး၊ စပိန်ပြည်တွင်းစစ်၊ ဩစတြီးယားကိုသိမ်းပိုက်ခြင်းနဲ့ ချက်ကိုစလိုဗားကီးယားကိုသိမ်းပိုက်ခြင်းစသည်တို့ ဖြစ်တယ်။ ဒါတွေကို တစ်ခုချင်းလေ့လာရမှာဖြစ်တယ်။ အဆိုပါ ကျူးကျော်မှုတွေဟာ စစ်ဖြစ်ဖို့ ဦးတည်လာခြင်းဖြစ်တယ်။ အဲဒီအခြေအနေမှာ ပိုလန်ကို ဂျာမန်တို့ ကျူးကျော်လိုက်ရာမှတစ်ဆင့် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတယ်။

ဒုတိယကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုတွေကတော့ အမေရိကန်ပြည်ထောင်စုထိပ်သီးအင်အားကြီး နိုင်ငံဖြစ်လာခြင်း၊ ဆိုဗီယက်နိုင်ငံ ထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်းနဲ့ ကိုလိုနီလက်အောက်ခံနိုင်ငံများ လွတ်လပ်ရေး ရရှိလာခြင်းတို့ ဖြစ်တယ်။

စာမျက်နှာ (၂၂) သို့

စာမျက်နှာ (၂၁) မှ

ဒုတိယကမ္ဘာစစ်ပြီးကာလ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းနိုင်ခဲ့ခြင်းဟာလည်း ကမ္ဘာ့သမိုင်းမှာ ထူးခြားတဲ့ဖြစ်ရပ်တစ်ခုဖြစ်တယ်။ အသင်းကြီးပေါ်ပေါက်လာပုံ၊ ဖွဲ့စည်းပုံနဲ့ ဆောင်ရွက်ချက်များကို သီးခြားလေ့လာသိရှိဖို့ လိုအပ်တယ်။ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဥရောပ၌ ဆိုရှယ်လစ်စနစ်ကျယ်ပြန့်လာတယ်။

ဂျာမန်လက်အောက်ခံ အရှေ့ဥရောပနိုင်ငံများတွင် နာဇီဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေး စစ်ပွဲများဆင်နွှဲရာမှာ ဆိုဗီယက်နိုင်ငံမှ အကူအညီများပေးခဲ့တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အရှေ့ဥရောပနိုင်ငံတွေဟာ ဆိုဗီယက်အကူအညီနဲ့ ဆိုရှယ်လစ်အစိုးရများကို ထူထောင်ခဲ့ကြတယ်။

ဒုတိယကမ္ဘာစစ်အပြီးတွင် လွတ်မြောက်သော အရှေ့ဥရောပနိုင်ငံများအား စုစည်းကာ ဆိုဗီယက်ဦးဆောင်တဲ့ ဆိုရှယ်လစ်အုပ်စုအဖြစ် ပေါ်ပေါက်လာခြင်းဟာ ထူးခြားတဲ့ သမိုင်းဖြစ်ရပ်တစ်ခု ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလမှာ ပေါ်ပေါက်လာခဲ့တဲ့စစ်အေးဟာလည်း ထူးခြားတဲ့ သမိုင်းဖြစ်စဉ် တစ်ခုဖြစ်တယ်။ စစ်အေးအကြောင်းလေ့လာတဲ့အခါ စစ်အေးရဲ့သဘောနဲ့ ပေါ်ပေါက်လာပုံတို့ကို လေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးတဲ့အခါ အမေရိကန်နိုင်ငံဟာ စစ်ဒဏ်မှကင်းလွတ်ပြီး ထိပ်သီး အင်အားကြီးနိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့တယ်။ စစ်ဒဏ်ကြောင့် အင်အားကျဆင်းခဲ့ရတဲ့ ဥရောပ အင်အားကြီးနိုင်ငံများဖြစ်ကြတဲ့ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီနိုင်ငံတို့ကို စစ်ရေး၊ စီးပွားရေး အကူအညီများပေး၍ ခေါင်းဆောင်နေရာကို ရယူခဲ့တယ်။ ဒါကြောင့် အမေရိကန်ဦးဆောင်တဲ့ အုပ်စုကို အနောက်အုပ်စု (သို့) အရင်းရှင်အုပ်စု (သို့) လက်ယာအုပ်စုလို့ခေါ်တယ်။ ဆိုဗီယက်နိုင်ငံဟာ စစ်ဒဏ်ခံခဲ့ရတဲ့ ပိုလန်၊ ချက်ကိုစလိုဗားကီးယား၊ ရူမေးနီးယား၊ ဘူလ်ဂေးရီးယား၊ ဟန်ဂေရီစတဲ့ အရှေ့ဥရောပနိုင်ငံများကို ဦးဆောင်လာပြီး ဆိုဗီယက်ဦးဆောင်တဲ့အုပ်စုကို အရှေ့အုပ်စု (သို့) ကွန်မြူနစ် အုပ်စု (သို့) လက်ဝဲအုပ်စုလို့ခေါ်တယ်။ ဒီအုပ်စုနှစ်စုဟာ နိုင်ငံရေး၊ စီးပွားရေး ခံယူချက် တူညီမှုမရှိသကဲ့သို့ အမြင်ချင်းတူညီမှုလည်း မရှိတာကိုတွေ့ရတယ်။

အနောက်ဥရောပနိုင်ငံများအနေနဲ့လည်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။

အမေရိကန်နဲ့ ဥရောပနိုင်ငံတွေဟာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအပြင် စစ်ရေးအရလည်း ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလာကြတယ်။ ထင်ရှားတဲ့သာဓကတွေကတော့ -

၁. မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO)
၂. အန်ဇတ် (ANZUS)
၃. အရှေ့တောင်အာရှစာချုပ်အဖွဲ့ (SEATO)
၄. ဗဟိုစာချုပ်အဖွဲ့ (CENTO)

များဖွဲ့စည်းခြင်းဖြစ်တယ်။

ဆိုဗီယက်နိုင်ငံကလည်း အရှေ့ဥရောပနိုင်ငံများမှာ ဆိုဗီယက်နိုင်ငံကဲ့သို့သော ကွန်မြူနစ်စနစ် အခြေခံသော စီးပွားရေးစီမံကိန်းများချမှတ်၍ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဝါဆော (Warsaw) စစ်စာချုပ်အဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ဒီလိုနဲ့ ဆိုဗီယက်ဦးဆောင်တဲ့ အရှေ့အုပ်စုနဲ့ အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုတို့ဟာ စစ်အုပ်စုများအပြိုင်အဆိုင် ဖွဲ့စည်းပြီးနောက် မဟာဗျူဟာလက်နက်များ အပြိုင်အဆိုင်တပ်ဆင်လာကြတယ်။

စစ်အေးကာလမှာ နိုင်ငံတကာအရေးအခင်းများလည်း ပေါ်ပေါက်လာတယ်။ ထင်ရှားတဲ့ နိုင်ငံတကာအရေးအခင်းတွေကတော့

၁. ဂျာမန်ပြဿနာ၊ ဘာလင်ပိတ်ဆို့မှု
၂. ကိုရီးယားစစ်
၃. စူးအက်အရေးအခင်း
၄. ကျူးဘားဒုံးပျံအရေးအခင်း

တို့ဖြစ်တယ်၊ နိုင်ငံတကာအရေးအခင်းတွေ ဘယ်လိုပေါ်ပေါက်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို မည်ကဲ့သို့ ခြိမ်းခြောက်ခဲ့ပုံကို လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းတွင် ဆိုရှယ်လစ်ရုရှားနိုင်ငံအပြောင်းအလဲဖြစ်ခြင်း၊ ဆိုရှယ်လစ်အုပ်စုပြိုကွဲခြင်းနှင့် စစ်အေးကာလပြီးဆုံးခြင်း ခေါင်းစဉ်တွေကလည်း နိုင်ငံတကာရေးရာမှာ ထူးခြားတဲ့ ခေါင်းစဉ်များ ဖြစ်တဲ့အတွက် လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းသင်ရိုးတွင် အာရှနိုင်ငံတစ်ခုဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကြောင်းကိုလည်း လေ့လာရမှာဖြစ်တယ်။

အလားတူ အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံကိုလည်း လေ့လာသင့်တယ်။ ၁၉၄၅ မှ ၁၉၅၂ အထိ အသိမ်းပိုက်ခံကာလအနေအထားနဲ့ ခေတ်ပြိုင်ဂျပန်နိုင်ငံ အနေအထားတွေကို သိရှိရမှာဖြစ်တယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာမှာ အရှေ့တောင်အာရှဒေသကိုလည်း လေ့လာသင့်တယ်။ အရှေ့တောင် အာရှဒေသမှာ နိုင်ငံတစ်နိုင်ငံချင်းရဲ့ နိုင်ငံသစ်များပေါ်ပေါက်လာခြင်းနှင့် နိုင်ငံတော် တည်ဆောက်ရေး ကြိုးပမ်းမှုများကို လေ့လာသိရှိရမှာဖြစ်တယ်။

အရှေ့တောင်အာရှသမိုင်းကို လေ့လာရာမှာ အာဆီယံ(အရှေ့တောင်အာရှနိုင်ငံများအသင်း) ဟာ အရေးပါတဲ့အတွက် လေ့လာသင့်တယ်။

ဆက်လက်ပြီး မြန်မာနိုင်ငံ၏ ဘက်မလိုက်လှုပ်ရှားမှု၊ မြန်မာနိုင်ငံနှင့် ဘင်းမ်စတက်အဖွဲ့၊ မြန်မာနိုင်ငံနှင့် မဟာမဲခေါင်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း လေ့လာသိရှိဖို့လိုအပ်တယ်။

တက္ကသိုလ်ဝင်စာမေးပွဲ၊ သမိုင်းဘာသာရပ်ရဲ့ မေးခွန်းဟာ အပိုင်း (က)၊ အပိုင်း (ခ)၊ အပိုင်း (ဂ)၊ အပိုင်း (ဃ) ဟူ၍ အပိုင်းလေးပိုင်း ပါဝင်မှာဖြစ်တယ်။ မေးခွန်းအပိုင်း လေးပိုင်းလုံးကို ဖြေဆိုရမှာဖြစ်တယ်။

မေးခွန်း အပိုင်း (က) မှာ နံပါတ် ၁။ (က)၊ ၁။ (ခ)၊ ၁။ (ဂ) ဆိုပြီး ပါရှိမှာဖြစ်တယ်။ နံပါတ် ၁။ (က) မေးခွန်းက 'အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့် အဖြေများကို အဖြေစာအုပ်တွင် ရေးပါ။' ဟူ၍ဖြစ်တယ်။ မြန်မာ့သမိုင်းမှ (၅) ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၅) ပုဒ်၊ စုစုပေါင်း (၁၀) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်ဟာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၁၀) မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း (က) နံပါတ် ၁။ (ခ) မေးခွန်းမှာ "အောက်ဖော်ပြချက်များကို 'မှား' သို့မဟုတ် 'မှန်' ဖြေဆိုပါ။ ဖြေဆိုချက်များကို အဖြေစာအုပ်တွင် ရေးပါ" ဟူ၍ဖြစ်ပြီး 'မှား' သို့မဟုတ် 'မှန်' ကိုရေးဖြေရန်ဖြစ်တယ်။ နံပါတ် ၁။ (ခ) မေးခွန်းမှာ မြန်မာ့သမိုင်းမှ (၃) ပုဒ်နဲ့ ကမ္ဘာ့သမိုင်းမှ (၂) ပုဒ်၊ စုစုပေါင်း (၅) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၅) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (က) ၏ နံပါတ် ၁။ (ဂ) မေးခွန်းမှာ 'အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသော အဖြေ (က)၊ (ခ)၊ (ဂ) တို့အနက်မှ အဖြေမှန်တစ်ခုကို အဖြေစာအုပ်တွင် ရေးပါ' ဟူ၍ဖြစ်တယ်။ မှန်တဲ့အဖြေကို အဖြေစာအုပ်မှာ ရေးရမှာဖြစ်တယ်။ နံပါတ် ၁။ (ဂ) မေးခွန်းမှာ မြန်မာ့သမိုင်း (၂) ပုဒ်နဲ့ ကမ္ဘာ့သမိုင်း (၃) ပုဒ်၊ စုစုပေါင်း (၅) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၅) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (ခ) မှာ မှတ်စုတိုမေးခွန်းဖြစ်ပြီး မြန်မာ့သမိုင်းမှတ်စုတို (၄) ပုဒ်နဲ့ ကမ္ဘာ့သမိုင်း မှတ်စုတို (၄) ပုဒ်တို့ ပါရှိမှာဖြစ်တယ်။ ယင်းတို့အနက်မှ ကြိုက်နှစ်သက်ရာ မှတ်စုတို (၄) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ မှတ်စုတို တစ်ပုဒ် ရမှတ်မှာ (၅) မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၂၀) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (ဂ) မှာ မြန်မာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်း (၅) ပုဒ် ပါရှိမှာ ဖြစ်တယ်။ ယင်း (၅) ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁၅) မှတ်ဖြစ်ပြီး (၂) ပုဒ်အတွက် စုစုပေါင်း ရမှတ်မှာ (၃၀) မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း (ဃ) မှာ ကမ္ဘာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်း (၅) ပုဒ် ပါရှိမှာ ဖြစ်တယ်။ ယင်း (၅) ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁၅) မှတ်ဖြစ်ပြီး (၂) ပုဒ်အတွက် စုစုပေါင်း ရမှတ်မှာ (၃၀) မှတ် ဖြစ်တယ်။

ကျောင်းသား ကျောင်းသူများကို မှာချင်တာကတော့

၁။ သမိုင်းဘာသာရပ်ကိုလေ့လာရာတွင် သမိုင်းစဉ် ဆက်စပ်မှုကို သတိထားရန်
၂။ ခေါင်းစဉ်ကိုရွေး၍ မလေ့လာရန်
၃။ ပြဋ္ဌာန်းစာအုပ်ကိုအလေးပေးလေ့လာရန်
၄။ မေးခွန်းကိုသေသေချာချာဖတ်ရန်
၅။ မေးသည်ကိုသာဖြေဆိုရန်

ဖြစ်ကြောင်းတင်ပြရင်း ပို့ချချက်ကို ရပ်နားလိုက်ပါတယ်။

# ဂျုံနှင့်ကုလားပဲ မျိုးသန့်ထုတ်လုပ်မှုနှင့် အောင်မြင်ဖြစ်ထွန်းမှုကွင်းသရုပ်ပြ

**ချောင်းဦး ဖေဖော်ဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ပေါက်အင်းစိုက်ကွင်း၏ ၂၀၁၆-၂၀၁၇ စိုက်ပျိုးရာသီတွင် ဂျုံ၊ ကုလားပဲသီးနှံများဖြစ်ထွန်းအောင်မြင်နေမှုနှင့် မျိုးသန့်ပွားများ ထုတ်လုပ်ခြင်း၊ သုတေသနစိုက်ခင်းများ၊ စံပြကွက်များပြသသည့် ဒုတိယအကြိမ် တောင်သူပညာပေးကွင်းသရုပ်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က ပေါက်အင်းစိုက်ကွင်း၏



ပေါက်တောစခန်းကွင်း ဧရိယာတွင်ပြုလုပ်ရာ အခမ်းအနားသို့ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးကမ်ဇာမုံ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် စိုက်ပျိုးရေးပညာရှင်များအဖွဲ့၊ တိုင်းဒေကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း၊ ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ၊ တောင်သူများ တက်ရောက်ကြသည်။

အဆိုပါကွင်းသရုပ်ပြပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးက အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူးချုပ်က စိုက်ပျိုးရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စိုက်ကွင်းမှူး ဦးဇော်ဝင်းက လက်ရှိစိုက်ပျိုးနေသော ရေဆင်း-၁၁ ကုလားပဲမျိုးနှင့် 12th SAWYT - 44 ဂျုံမျိုးစေ့များ၏ မှိုရောဂါဒဏ်၊ အပူဒဏ်ခံနိုင်မှုများအကြောင်းကို ရှင်းလင်းတင်ပြပြီး စိုက်ကွင်း၏ ဂျုံစိုက်ဧက ၇၀၀၊ ကုလားပဲစိုက်ဧက ၁၄၀၀ စိုက်ပျိုးနေမှုနှင့် အဆိုပါ ကုလားပဲ၊ဂျုံမျိုးစေ့များနှင့် နေကြာစပ်မျိုးများကို တောင်သူများသို့ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပေါက်အင်းစိုက်ကွင်းမှ သုတေသနနှင့် မျိုးစေ့တာဝန်ခံများကလည်း ဂျုံနှင့် ကုလားပဲမျိုးများ၏ သုတေသနလုပ်ငန်းများအကြောင်း ရှင်းလင်းကာ တောင်သူများ သိလိုသည်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# လယ်ယာမြေရှုခင်းအလှ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများ စာရင်းထုတ်ပြန်

**ဖေဖော်ဝါရီ ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးလက်ဒေသ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၏ အလှရှုခင်းများကို ဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ ရောင်စုံဓာတ်ပုံပြိုင်ပွဲအား "လယ်ယာမြေရှုခင်းအလှ" ရောင်စုံဓာတ်ပုံပြိုင်ပွဲဟူသော ခေါင်းစဉ်ဖြင့် စီစဉ်ကျင်းပခဲ့သည်။

အဆိုပါရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မြန်မာနိုင်ငံအနှံ့အပြားမှ ဓာတ်ပုံပညာရှင် ၂၀၉ ဦးက ပြိုင်ပွဲဝင် ဓာတ်ပုံ ၈၉၆ ပုံကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆုရဲလင်းထွန်း(လှသရဖူ)၊ ဒုတိယဆုကို ကိုဆန်း၊ တတိယဆု မင်းမင်းထွန်းတို့က ရရှိခဲ့ကြသည်။ အထူးဆုများအဖြစ် ရန်မျိုးအောင်(T.G.I)၊ ခန့်ဇော်၊ ကိုကိုဇော်၊ ဌေးဝင်း(ရမ္မာဝတီ)၊ ပြည့်စုံ (နန်းတော်ရှေ့)တို့က ရရှိခဲ့ကြသည်။ အဆိုပါဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ကြက်သွန်နီဈေးကောင်းရ၍ တောင်သူများအဆင်ပြေ



**ရေစကြို ဖေဖော်ဝါရီ ၈**

ယခုနှစ် ရေစကြိုမြို့နယ်အတွင်း၌ ကြက်သွန်နီဈေး အတက်အကျဖြစ်နေသည့်ကြားမှ ဖေဖော်ဝါရီလပထမပတ်အတွင်း ကြက်သွန်နီတစ်ပိဿာ ငွေကျပ် ၇၀၀ မှ ၁၅၀၀၊ ၁၅၅၀ ဈေးအထိ ဈေးကောင်းလျက်ရှိကြောင်း သိရသည်။

ရေစကြိုမြို့နယ်တွင်း မိုးစိုက်ကြက်သွန်များမှာ စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ရွာသွန်းသောမိုးကြောင့် တစ်နယ်လုံးနီးပါးပျက်စီးခဲ့ရပြီး ရသမျှကြက်သွန်မှာလည်း ပွဲရုံအဖွင့် ဈေးတစ်ပိဿာ ငွေကျပ်၃၀၀ နှင့် ၄၀၀ သာရသဖြင့် အရှုံးပေါ်ခဲ့သည်။ အချို့သောတောင်သူများက ပျက်စီးသွားသော ကြက်သွန်ခင်းများတွင် ပြန်လည်စိုက်ခဲ့ရာ ကြက်သွန်ဖော်ချိန်တွင် တစ်ပိဿာ ငွေကျပ် ၁၂၀၀ ရသဖြင့် အကျိုးအမြတ်ရရှိကြောင်း သိရသည်။

ယခုအခါ ကြက်သွန်နီဈေးနှုန်း မြင့်တက်လာမှုကြောင့် ကြက်သွန်ဖော်ရမည့်အချိန်မတိုင်မီ အနုများကိုဖော်၍ ရောင်းချလျက်ရှိပြီး အဆိုပါ ကြက်သွန်များမှာ အထားမခံသဖြင့် ပွဲရုံများကလည်း ဈေးကွက်သို့ ချက်ချင်းပို့ဆောင်ရောင်းချနေရကြောင်း သိရသည်။

**ဖေထွဏ်းဇော် (ရေစကြို)**


မြကန်သာ
Condominium
၇၀% ဆောက်ပြီး၊ ၁၂-၂၀၁၇၊ Keyအပ်
သော့ရပြီး
အခန်းပြန်ငှားလျှင်
10 သိန်း
ခန့်ရနိုင်သည်
KEY 50%
AFTER KEY
လစဉ်
9 သိန်း
ခန့်
အတိုးမယူ
လ 50
ငွေချေစနစ်
i GREEN
ISM ကျောင်းနှင့်
သီရိမင်္ဂလာဈေးအနီး
11,12-Feb-2017 (၂) ရက်ထဲသာအောက်ဖော်ပြပါလိပ်စာတွင်ရောင်းချမည်
မြို့ထဲဆင်မလိုက်မှဘုရင့်နောင်လမ်းအတိုင်းလာ သီရိမင်္ဂလာဈေးသစ်ကျော် ISM ကျောင်းတွေ့လျှင်ညာချိုး
မြကန်သာလမ်းအတိုင်းသွား (၄) လမ်းမြောက်ရောက်လျှင် ဘယ်ချိုး၊ ၇၃-စီ၊ မြကန်သာ(၄)လမ်း။

AUNG NAING SCHOOL OF ACCOUNTANCY

ဦးအောင်နိုင်

(ရွှေတံဆိပ်ဆုရှင် – CPA)

B.Com(Q), CPA, FLCCI (London-UK), DA(LCCI-UK), FFA(IFA-UK)

U Aung Naing-LCCI (Official page)

LCCI & ACCA

စာရင်းကိုင်သင်တန်းများ

Level I, II, III

for 2017, September Exam

ခုံနံပါတ်ကြိုတင်ယူ၍ ကျောင်းအပ်နိုင်ပါပြီ။

အမှတ် – ၂၄၄ (တတိယထပ်)၊ မီးပွိုင့်နှင့်ခုံးတံတားကြား၊ ပန်းဆိုးတန်းလမ်း (ထက်)။ Tel: 01-377610, 01-384175, 09-730 66231, 09-730 99752, 09-320 60060

LCCI International Qualifications Approved Centre

ရွှေကြေးစည် မှ ကျိုက်ထီးရိုး/မော်တင်စွန်း

▲ အလောင်းတော်ကဿပ၊ မုံရွာအနုံ၊ စစ်ကိုင်း(သီးသန့်) ဆက်၍ – မန္တလေး၊ ပြင်ဦးလွင်အနုံ

▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ရွှေတော်ကတ္တူ၊ ထမ်ပိုစမ်းလိုက်ဂူ ဆက်၍ – (လွိုင်ကော်၊ ထီးဆဲခါး)(မန္တလေး၊ ပြင်ဦးလွင်)(ပုဂံ၊ ပုပ္ပါး) အပတ်စဉ် သောကြာ

▲ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ခွယ်တော်လေးဆူ၊ ပခုက္ကူ – သီဟိုဠ်ရှင်

▲ ပုဂံ၊ ညောင်ဦး၊ ခွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းဘုရား

▲ ကျိုက္ကမီ၊ မော်လမြိုင်၊ စက်ခဲ၊ ဖွားလပို့တောင် – (ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်)

▲ (မြဝတီ + မဲဆောက်၊ ဘားအံ)(ဘားအံအနုံ၊ တောင်ဝိုင်း၊ ချစ်သူမြိုင်)(ဇလွန်)

01-240860/01-372290 ဖုန်း 09-49282825, 09-43202968, 09-262784651

နှစ်အတန်ကြာပျောက်ကွယ်နေရာမှပြန်လည်ထွက်ပေါ်လာပါပြီ

ဓမ္မာစရိယဦးမောင်မောင်လေး

ပိဋကတ်အနှစ်ချုပ် ဒီဃနိကာယ်

ရောင်းဈေး ၇၅၀၀ ကျပ်

ပါရမီ စာပေ

၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်

၂/၄၊ ကမ္ဘာအေးစေတီတော်မှဦးစောင်းတန်း၊ ရန်ကုန်

၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

ဂယာရွှေပြည် ဗုဒ္ဓဂယာ – သီရိလင်္ကာ ဘုရားဖူးအဖွဲ့

ဒေါ်ဝင်းဝင်း ကိုယ်တိုင်ဦးဆောင်သော ဂယာရွှေပြည် ဘုရားဖူးအဖွဲ့ဖြင့် လိုက်ပါကုသိုလ်ယူကြမည့် ဓမ္မမိတ်သစ်/ဟောင်း အပေါင်းတို့အား နွေးထွေးလိုက်လှဲစွာ ကြိုဆိုပါသည်။

၁၅ ရက်ခရီးစဉ် Feb 27, Mar - 5, 28 ၊ ၇ ရက်ခရီးစဉ် APR - 8 (သင်္ကြန်ပိတ်ရက်)

သီရိလင်္ကာ - ကန္ဒီ (ဗုဒ္ဓမြတ်စွယ်တော်) ၂-လ ကြိုတင် စာရင်းပေးသွင်းနိုင်ပါသည်။

၇ ရက်ခရီးစဉ် APR - 12 (သင်္ကြန်ပိတ်ရက်), May - 10 (ကဆုန်လပြည့်နေ့)

အမှတ်(၁၈/ခ)၊ ၁၀–လမ်း(လယ်)၊ လမ်းမတော်မြို့နယ်။ ဖုန်း–၀၁ ၂၂၁၅၈၆၊ ၀၉ ၇၇၃၀၄၇၂၅၇၊ ၀၉ ၇၉၅၄၁၂၈၂၅ မန္တလေးရုံးခွဲ – ၀၉ ၄၀၂၅၈၂၀၄၈၊ ၀၉ ၃၃၂၇၄၇၄၇

ချာချီးယား ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

09-450026077

09-510 1862

ထွန်းခန့်မောင် ညီအစ်ကို

ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။

09 -250009921

09 -425033582

ခေါရအိုင် မြစ်ဆုံရယ်

မသက်ဇင်

ထွက်ပြီ ၃၀၀၀ ကျပ်

ရန်ကုန်မြို့နှင့်အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်တိုင်းတွင်ဝယ်ယူရရှိနိုင်ပါပြီ။

ဖြန့်ချိရေး-ဝဏ္ဏဝင်ပညာအိမ်စာအုပ်တိုက်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၄၂၈၀၈၅၃၃၉၊ ၀၉ ၇၉၅၅၈၂၅၇၂၊ ၀၉ ၂၅၄၁၈၂၄၈၆။

စွန့်ပစ်စက္ကူ (Recycle Paper)အမျိုးမျိုးဝယ်ယူလိုပါသည်

စွန့်ပစ်စက္ကူ (Recycle Paper) အမျိုးမျိုးအားဈေးကောင်းပေး ဝယ်ယူလိုပါသည်။

ဆက်သွယ်စုံစမ်းရန်ဖုန်း 09972545565 / 097627230665 09252605430 / 09762723066 / 09762723067

ပင်လယ်ကမ်းခြေရှိ (KTV,Restaurant,Salon)တွင်

၁။ အဆိုရှင် မ(၉)ဦး

၂။ အလုပ်သင် မ(၉)ဦး

အမြန်အလိုရှိသည်။

09 252541155

09 30735773

" ဝါရွှေစင် " ပိုးထည်

(Big Sales Promotion Up to 30% to 70% Off)

"ဝါရွှေစင် ပိုးထည်"၏ Big Sales အရောင်းမြှင့်တင်ရေး အထူးဈေးရောင်းပွဲတော်ကြီးကိုဖေဖော်ဝါရီ (၁၀)ရက်နေ့မှ(၁၂)ရက်နေ့အထိ (၃) ရက်တိုင်တိုင် (30% to 70%) အထိအထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း "ဝါရွှေစင်" ချစ် မိတ်ဟောင်းမိတ်သစ် Customer များကို သတင်းကောင်း ပါးအပ်ပါသည်။ အထူးကံစမ်းမဲ အစီအစဉ်များလည်း ပါရှိပါသည်။ အားပေးမှုကို ကျေးဇူးအထူး တင်ရှိပါသည်။

နေရာ။ ။အမှတ်(၁၇၁)၊ သစ္စာလမ်းမကြီး၊ မိုးကောင်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်။

ဖုန်း - ၀၉ ၅၁၁၂၅၀၆၊ ၀၉ ၄၀၀၀၂၈၈၇၇၊ ၀၉ ၄၂၀၀၀၆၅၂၅၊ ၀၉ ၄၉၃၄၄၅၅၃

တက္ကသိုလ်ဝင် စာမေးပွဲမှာ ... အမှတ်များလိုသူများ အတွက်

ဂုဏ်ထူးဦးအောင်နိုင်

2017 English Question 5 Sets

၂၀၁၇ အင်္ဂလိပ်စာ မေးခွန်း ၅ စုံ

၂၇၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ 01 252 919, 09 964 252 919

အားကစားခန်းမ

MY GYM FITNESS

Mon to Sat
6 am to 8 pm





Gymဖွင့်ရန်ရွေးချယ်မှုအကောင်းဆုံးများနှင့်စီစဉ်ဆောင်ရွက်ပေးပါသည်

အားကစားပစ္စည်း အရောင်းဆိုင်





- Gymခန်းမသုံးအားကစားစက်ပစ္စည်းများ
- အိမ်သုံးအားကစားပစ္စည်းများ
- အားကစားဝတ်စုံများ

လိပ်စာ - အမှတ်(၄ -ဘီ)၊ စွန်းလွန်းဂူကျောင်းလမ်း၊ ဘောက်ထော်၊ ရန်ကင်း၊ ရန်ကုန်။

ဖုန်း – 09456808880 / 09456808889 / 09456722228

Email - mygmyygn@gmail.com

Facebook - My Gym Fitness - Yangon

PUN HLAING SILOAM HOSPITALS

"လူကြီးနှင့် ကလေးများ၏ နှလုံးရောဂါအမျိုးမျိုးအား အဆင့်မြင့်ဆေးပညာရပ်များဖြင့် ခွဲစိတ်ကုသမှု ပေးနိုင်သော နိုင်ငံခြားမှ နှလုံးခွဲစိတ်ပါရဂူကြီးသည် ပန်းလှိုင်စီလုံဆေးရုံသို့ လာရောက်ပါမည်"





Dr. Balram

MBBS, M.Ch, M.S
Fellowship In Paediatric Cardiac Surgery Children's Hospital at Westmead, Sydney, NSW, Australia. Fellowship In Paediatric cardiac Surgery, Lady Cilento Children's Hospital, Brisbane, Australia

■ နှလုံးမရပ်ဘဲ ခွဲစိတ်ကုသခြင်း

■ နှလုံးသွေးကြော ခွဲစိတ်ခြင်း

■ နှလုံးအဆို့ရှင်နှင့် နှလုံးသွေးကြော အစားထိုးလဲလှယ်ခြင်း

■ အကြီးစားရင်ဘတ်ဖွင့် နှလုံးခွဲစိတ်မှုအစား အပေါက်ငယ်လေးသာ ဖောက်ပြီး မှန်ပြောင်းဖြင့် နှလုံးခွဲစိတ်ခြင်း

စသည့် ခက်ခဲနက်နဲသည့် နှလုံးခွဲစိတ်မှု အမျိုးမျိုးကို ကျွမ်းကျင်ပိုင်နိုင်စွာ ခွဲစိတ်ပေးနေသည့် ဆရာဝန်ကြီး ဖြစ်ပါသည်။

၂၀၁၇ ဖေဖော်ဝါရီလ (၁၈ – ၁၉) ရက် တွင် ပြသနိုင်ပါပြီ

Pun Hlaing Siloam Hospitals

Pun Hlaing Golf Estate Avenue, Hlaing Tharyar Township, Yangon, Myanmar.

ဆက်သွယ်စာရင်းပေးသွင်းရန်– ၀၁-၆၈ ၄၄ ၃၃

နံနက် (၈:၀၀) နာရီမှ ညနေ (၅:၀၀) နာရီအတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်

## ဦးလှထွန်း
**သတင်းထောက်ကြီး(ငြိမ်း)**
**လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ**
**မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်**
**အသက်(၈၃)နှစ်**

ပြည်ခရိုင်၊ ပန်းတောင်းမြို့၊ ကြခတ်ရပ်နေ(ဦးမောင်ကျော်-ဒေါ်မြရီ)တို့၏သား၊ ဦးတင်ညွှန့်၏အစ်ကို၊ ဒေါ်သန်းအေး၏ခင်ပွန်း၊ ဦးဝင်းနိုင်ဦး(MAB)-ဒေါ်ချိုချိုဦး၊ ဦးသောင်းဝင်း-ဒေါ်မျိုးသူဇာ၊ ဦးအောင်မြင့်(တောင်ကြီးသဘော်)၊ ဦးမြတ်စံ၊ ဦးဇော်ထွန်း၊ ဦးကြည်ဆန်း-ဒေါ်သန်းသန်းထွန်းတို့၏ချစ်လှစွာသောဖခင်၊ မမေဇင်ငြိမ်း(MAB)၊မဇင်မာဝင်း(MAB)၊မောင်ဥက္ကာ(ပထမနှစ်၊ Law)၊ မောင်ဝဏ္ဏအောင်(ဒုတိယနှစ်၊ Chem)၊ မောင်ဉာဏ်လင်းအောင်(အထက-၁၊ လသာ)၊ မယဉ်မြတ်နိုးဦး(အထက-၂၊ လသာ)၊ မောင်လပြည့်အောင်(အထက-၁၊ လသာ)တို့၏အဘိုးသည် ၈-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁၂း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

## စန္ဒရားဦးကွန်းဇော်
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ အမှတ် ၅၊ အခန်း ၂၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းအိမ်ရာနေ (ဦးကွန်းလုံ-ဒေါ်ညွန့်ရီ)တို့၏သား၊ ဒေါ်လဲ့လဲ့ဝင်း(တေးသံရှင်တက္ကသိုလ်လဲ့လဲ့) [လက်ထောက်ညွှန်ကြားရေးမှူး၊ ဂီတ(ငြိမ်း)၊ ကျွမ်းကျင်ပညာရှင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား]၏ခင်ပွန်း၊ ဦးဇော်သူလင်း-ဒေါ်နော်ဟယ်လင်၊ ဦးတင်ကိုဝင်း-ဒေါ်နန်းချယ်ရီအေး၊ ဒေါ်ခိုင်သဥ္ဇာ(Sky Net. Up to Date Channel)တို့၏ဖခင်၊ ဖီဘီကွန်းဇော်၊ ရှယ်ရွန်ကွန်းဇော်၊ ဒင်ပါယ်ကွန်းဇော်တို့၏အဘိုးသည် ၈-၂-၂၀၁၇ရက် နံနက် ၁၁ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၇ရက်(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၂-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ကမာရွတ်မြို့နယ်၊ပြည်လမ်း၊အမှတ် ၅၊ အခန်း ၂၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းအိမ်ရာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
## စန္ဒရားဦးကွန်းဇော် (ရန်ကုန်မြို့)
**အသက်(၇၂)နှစ်**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ကျွမ်းကျင်သူ ဒေါ်လဲ့လဲ့ဝင်း(တက္ကသိုလ်လဲ့လဲ့)၏ခင်ပွန်းဖြစ်သူ စန္ဒရားကွန်းဇော် အသက်(၇၂)နှစ်သည် ၈-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အမှတ်(၂)တပ်မတော်ဆေးရုံ ရန်ကုန်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး-ဇနီး ဒေါ်မိုးစန္ဒာမြင့်နှင့်**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**ဝန်ထမ်းမိသားစုများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်တင်ကြွေ(ခ)ရွှေမကြီး
**အရှေ့မရမ်းကုန်းအထည်စက်ရုံ(ငြိမ်း)**
**အသက်(၇၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အုံ့ကြီးအရှေ့ရပ်ကွက်နေ(ဦးတိုး)-ဒေါ်သန်းခင်တို့၏သမီး၊ (ဦးညွှန့်-ဒေါ်တင်မေ)တို့၏သမီးချွေးမ၊ ဦးဝင်းမောင်(စစ်မှုထမ်း၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးကိုကိုလတ်-ဒေါ်ရီရီသွယ်(ဆုထူးပန်ကျောက်မျက်ကုမ္ပဏီ)၊ ဦးဝင်းကျော်(Inno Co.,Ltd.)-ဒေါ်ရီရီခိုင်(Inno Co.,Ltd.)တို့၏မိခင်၊ မမေသဲချယ်(Grade-6, B, အထက-၂၊ စမ်းချောင်း)တို့၏အဘွားသည် ၈-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇း၄၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၇ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၂-၂၀၁၇ရက်(အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
## ဦးစိုးမင်းဦး
**(ကြို့ပင်ကောက် ရွှေသမင်ဆေးတိုက်)**
**အသက်(၆၃)နှစ်**

Grand Golfers Group ၏ အဖွဲ့ဝင် ဦးစိုးမင်းဦးသည် ၇-၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Grand Golfers Group, Yangon Golf Club**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မူမူလေးမောင်(မန္တလေး) အသက်(၅၉)နှစ်

မန္တလေးမြို့၊ ၂၂လမ်း၊ ၆၄×၆၅ လမ်း၊ အမှတ် ၅နေ[ဦးလေးမောင်(မော်ကွန်းဝင်ဒုတိယဆင့်၊ မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)-ဒေါ်ခင်ပိုင်]တို့၏သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်လမ်း၊ အမှတ် ၃၃(လေးလွှာ)နေ ဒေါက်တာမောင်မောင်[Technical Consultant (RVK-MediTech Co.,Ltd. MPF-Pyin Oo Lwin)၊ စက်ရုံမှူး၊ငြိမ်း၊မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၊ပြင်ဦးလွင်]၏ဇနီး၊ ဝဏ္ဏကျော်ထင် ဦးဟန်ရှိန်(တရားရုံးချုပ် တရားသူကြီး၊ ငြိမ်း)-အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ ဒေါ်မြမြလေး၊ (ဦးသောင်းညွှန့်လေး)-ဒေါ်စုစုမြင့်၊ ဦးစိုးဝင်းအောင်(ညွှန်ကြားရေးမှူး၊ လယ်စိုက်ရှင်း၊ ငြိမ်း)-(ဒေါ်ချိုချိုလေး)တို့၏ညီမ၊ ဦးသန်းလွင်-ဒေါ်သန်းသန်းဝင်းလေး၊ ဦးဝင်းကိုကို-ဒေါ်စန်းစန်းရွှေ၊ ဦးတင်ထွေး(လယ်စိုက်ရှင်း)-ဒေါ်ငွေငွေနိုင်လေး၊ဒေါ်သစ်သစ်လေး(အထက်တန်းရှေ့နေ)တို့၏အစ်မ၊ ကိုချမ်းမြေ့မောင်မောင်(Thu Htet Gabar Computer Sales & Service)-မစုမြတ်ထွေး(လ/ထမန်နေဂျာ၊ မြန်မာ့ဆေးဝါးလုပ်ငန်း)၊ ဒေါက်တာသာယာမောင်မောင်(သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး)-ဒေါက်တာနေနွယ်အောင်(သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ရန်ကုန်)၊ကိုစိုပြေမောင်မောင်(Associate Layout Engineer Marvel Asia Pte Ltd Singapore)-မသင်းသင်းအောင်(Assistant Sale Manager, Nichias Singapore Pte Ltd.)တို့၏ ချစ်လှစွာသောမိခင်၊ မောင်သုထက်မောင်မောင်၊ မောင်တော်ကောင်းမောင်မောင်တို့၏အဘွားသည် ၆-၂-၂၀၁၇ရက် ဂျပန်စံတော်ချိန် မွန်းလွဲ ၂နာရီတွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၇ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (၁၅-၂-၂၀၁၇ရက်တွင် မန္တလေးမြို့၊ ကြာနီကန်သုသာန်၌ အရိုးအိုးဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၇ရက်တွင် အထက်ပါရန်ကုန်မြို့နေအိမ်နှင့် မန္တလေးမြို့ နေအိမ်တို့သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကျော်ငြိမ်း
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(ငြိမ်း)**
**အသက်(၉၁)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ပိုးတန်းရပ်၊ နယ်မြေ(၂)နေ (ဦးလူဘ-ဒေါ်စောရှင်)တို့၏သား၊ (ဒေါ်ချစ်စိန်)၊ (ဗိုလ်မှူးကျော်စိမ့်-ငြိမ်း)တို့၏မောင်/ညီ၊ (ဦးအောင်စန်းကျော်)၊ ဗိုလ်မှူးသက်ထွန်းကျော်-ဒေါ်အေးမှုသွယ်၊ ဦးပြည့်ဖြိုးကျော်တို့၏ဖခင်၊ ဒေါ်ကြင်စန်း၏ခင်ပွန်းသည် ၈-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ရီရီချစ်
**အထက(၁)ရန်ကင်း၊ အလက(၅)ရန်ကင်း (ငြိမ်း)**
**အသက်(၈၀)**

ရန်ကုန်မြို့နေ (ဦးချစ်စံ-ဒေါ်လှတင်)တို့၏သမီး၊ မုံရွာမြို့နေ (ဦးရှိန်-ဒေါ်ခင်လှ)တို့၏ ချွေးမ၊ ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက် ၂၈၀၊ အခန်း ၁၅နေ ဦးဝင်းရှိန်(လူမှုဝန်ထမ်းဦးစီးဌာန၊ ငြိမ်း)၏ဇနီး၊ ဦးနေမျိုးရှိန်၏မိခင်၊ ဦးစိုးမြင့်-ဒေါ်ကြည်ကြည်ချစ်၊ (ဦးတင်မောင်)-ဒေါ်စန်းစန်းချစ်၊ ဦးစိုးမြင့်-ဒေါ်သန်းသန်းချစ်တို့၏အစ်မ၊ တူ၊တူမ ရှစ်ယောက်တို့၏အဒေါ်သည် ၇-၂-၂၀၁၇ရက် နံနက် ၈နာရီတွင်ကွယ်လွန်သွားပါ၍ ၉-၂-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အရှေ့ရန်ကင်း၊ (၂)ရပ်ကွက်ဓမ္မာရုံသို့ ရက်လည်ဆွမ်းကျွေးကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်တင်ရွှေ (ငွေစင်သွန်း စတိုး)
**အသက်(၈၀)**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၅)ရပ်ကွက်၊ အမှတ် ၈၅နေ (ဦးဘိုးအောင်)ဇနီး၊ ဦးစောရွှေအောင်-ဒေါ်နုနုရီ၊ ဦးအောင်ကျော်ငွေ-ဒေါ်ဇာဇာဝင်း၊ ဒေါ်ခိုင်မာလာမြင့်(ဒဂုံတက္ကသိုလ်)၊ ဦးမြင့်ကျော်-ဒေါ်သန္တာဝင်းတို့၏မိခင်၊ မောင်အောင်ပြည့်ဖြိုး-မစုစန္ဒီဝင်း၊ မောင်နောင်ရဲအောင်-မဝင့်ရည်ဦး၊ မောင်ထူးမြတ်ရွှေအောင်၊ မောင်ကျော်ပြည့်၊ မောင်ဝင်းထွဋ်အောင်၊ မောင်ကောင်းဆက်ဟိန်းတို့၏အဘွား၊ သက်ထားစန္ဒီအောင်၏ဘွားဘွားကြီးသည် ၈-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၇ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင် (သမိုင်း)
**အသက်(၈၀)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးအောင်ဘွင့်လမ်း၊ အမှတ် ၁၃နေ (ဦးဘရှင်-ဒေါ်ငွေ)တို့၏သမီး၊ ထန်းတပင်မြို့နယ်နေ (ဦးမောင်ကြီး)-ဒေါ်ငွေလှိုင်တို့၏သမီးချွေးမ၊ ဦးအောင်တင်-(ဒေါ်ခင်အေး)တို့၏ညီမ၊ ဦးကျော်သန်း(ဦးကိတ္တိ)-ဒေါ်မြင့်မြင့်တို့၏အစ်မ၊ ဦးလှဦး-ဒေါ်ခင်ငွေးလွင်၊ ဦးစိန်ခိုင်-ဒေါ်စန်းစန်းငွေး(မချိုကြီး)တို့၏မိခင်၊ မောင်တင်ထွဋ်အောင်-မအေးအေးမြင့်၊ မသဉ္ဇာခင်၊ မောင်ရဲထွဋ်အောင်၊ မောင်ဟိန်းထက်ဇော်တို့၏အဘွား၊ မောင်ခန့်စည်သူဟိန်း၊ မသော်တာကြယ်စင်(ဖူးဖူး)တို့၏ဘွားဘွားကြီး၊ ဦးကြည်စိန်၏ချစ်လှစွာသောဇနီးသည် ၇-၂-၂၀၁၇ရက် ည ၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ရဟန်းဒါယကာ**
## ဦးတင်လှ (ရန်ကုန်မြို့)
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ စိန်ပန်းလမ်း၊ အမှတ်(၇၇၄/ခ)နေ ဒေါ်ကြည်ကြည်အေး၏ခင်ပွန်း၊ ဦးအောင်သော်လှ(Performance Aera Co .,Ltd)-ဒေါ်စန္ဒာအောင်၊ ဦးထွန်းမင်းအောင်- ဒေါ်ချိုသော်လှ(Original Group Co.,Ltd)၊ ဒေါ်ယဉ်မင်းလှ၊ ဦးသော်ဇင်လှ (IBTC Co.,Ltd) (တောင်ကြီးရုံးခွဲ)-ဒေါ်ယဉ်မျိုးဦး၊ မောင်ဟိန်းအာကာသော်လှတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၈-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## Pr. ဦးညွှန့်ကြည်
**အသက်(၇၄)နှစ်**

(ဦးဘိုးငြိမ်း-ဒေါ်ချစ်တင်)တို့၏သား၊ဒေါ်ခင်မာကြည်၏ခင်ပွန်း၊ (ဦးထွန်းရီ-ဒေါ်ခင်ကြည်)၊ (ဒေါ်ပန်းရင်-ဦးဘလှိုင်)၊ ဒေါ်ခင်သိန်း-ဦးကျော်ငြိမ်း၊ (ဒေါ်ချစ်အေး-ဦးပန်းအေး)တို့၏ညီ/မောင်၊ ဒေါ်ခင်အေးမေ-ဦးအိုင်းဇက်တို့၏အစ်ကို၊ ဦးခင်မောင်ကြည်-ဒေါ်Graceကြည်၊ ဒေါ်အိအိချော - ဦး Honest Rodger၊ ဦးမောင်မောင်ညွှန့်-ဒေါ်မီးမီးထွန်း၊ ဒေါ်သီရိညွှန့်၊ ဒေါ်မိုးစန္ဒာညွှန့်-ဦးဇော်လင်းဦး၊ ဒေါ်ရွှေစင်ညွှန့်၊ ဦးနွေနိုင်ဝင်း-ဒေါ်စန်းမေလွင်တို့၏ဖခင်သည် ၆-၂-၂၀၁၇ရက် (တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၀-၂-၂၀၁၇ရက်(သောကြာနေ့)မွန်းတည့် ၁၂နာရီတွင်မြောင်းမြမြို့ သတ္တမနေ့အသင်းတော်ကျောင်းဝင်း၌ မြေမြှုပ်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား လိုက်ပါပို့ဆောင်ပါရန်နှင့် ၁၁-၂-၂၀၁၇ရက် နံနက် ၈နာရီတွင် ကျန်ရစ်သူမိသားစုများနှင့်အတူ အောက်မေ့ဖွယ် ဝတ်ပြုဆုတောင်းခြင်း အခမ်းအနားသို့ ကြွရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်
**ဒုမန်နေဂျာ(ငြိမ်း)**
**လယ်ယာစိုက်ပျိုးရေးဦးစီးဌာန**
**အသက်(၆၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ရုံးဟောင်းလမ်း၊ ရိပ်သာရပ်ကွက်၊ ဆန်စက်ပိုင်းနေ (ဦးအောင်သိန်း-ဒေါ်တင်အေး)တို့၏သား၊ ဒေါ်ရီနွယ်အောင်(မြပန်ဝါကုမ္ပဏီလီမိတက်)၊ ဦးခင်ဇော်ဦး-ဒေါ်ခိုင်သဇင်ဦး(နီလာရီးမဆီဆိုင်)တို့၏ဖခင်၊ မစုစန္ဒီသော်၏အဘိုး၊ ဒေါ်ဝင်းမာ(ပြည်သူ့ကျန်းမာရေးကွင်းဆင်းဌာန)၏ချစ်လှစွာသောခင်ပွန်းသည် ၈-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် လှည်းကူးမြို့နယ်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးညွှန့်ရှိန် (မော်ဘီမြို့)
**မော်ကွန်းဝင်(ဒုတိယဆင့်)**
**အသက်(၉၂)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ကျုံတနီးနေ (ဦးချက်ကြီး-ဒေါ်စိန်ဥ)တို့၏သား၊ မော်ဘီမြို့၊ (၃)ရပ်ကွက်၊ သရက်တောလမ်း၊ အမှတ် ၄၄၈ နေ (ဒေါ်သန်းကျင်)၏ခင်ပွန်း၊ ဦးအေးကျော်-ဒေါ်ခင်စန်းဝင်း၊ ဦးဇော်ကြီး၊ ဦးမော်လေး-ဒေါ်ငွေငွေလွင်တို့၏ဖခင်၊ ကိုရဲဝင့်မော်၊ ကိုပြည့်စုံသန်းဆွေ-မဆုမြတ်အောင်၊ မသူသူအောင်၊ (ကိုစည်သူမော်)၊ ကိုဇာနည်ကျော်၊ ဗိုလ်ကြီးဝေယံမော်၊ မဝင်းသက်သက်ဟန်၊ ကိုမင်းသီဟလွင်တို့၏အဘိုးသည်၈-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် မော်ဘီသုသာန်၌သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၂-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်သန်းစိန် အသက်(၇၇)နှစ်
**(ကျောင်းဆရာမ၊ ငြိမ်း)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ နီလာလမ်း၊ အမှတ် ၁၃နေ (ဦးဘညွှန့်-ဒေါ်ကျင်ရွှေ)တို့၏သမီး၊ဦးမြင့်ကြည်၊ ဦးအောင်ဆင့်-(ဒေါ်မြတည်)တို့၏ညီမ၊ ဦးသိန်းဝင်း-ဒေါ်မြမြဝင်း၊ ဦးသန်းရွှေ - ဒေါ်အေးအေးတို့၏အစ်မ၊ တူ ငါးယောက်၊ တူမ ခုနစ်ယောက်တို့၏အဒေါ်သည် ၇-၂-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၂-၂၀၁၇ရက်(တနင်္လာနေ့)တွင်အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)**
## ဦးမောင်မောင်ကြီး
**ရာသက်ပန်အသင်းသားအမှတ်-၈၁**
**အသက်(၇၅)နှစ်**

တာမွေမြို့နယ်၊ ကျိုက္ကဆံအိမ်ရာ၊ တိုက် ၁/၃၀၃နေ(ဒေါ်တင်ရီ)၏ခင်ပွန်း၊ နတ်တလင်းအသင်း၏ ဘဏ္ဍာရေးမှူး ဦးစိန်ဝင်း-ဒေါ်ခင်စန္ဒာမြင့်တို့၏အစ်ကို မြို့နယ်အမှုဆောင် ဦးမောင်မောင်ကြီးသည် ၇-၂-၂၀၁၇ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသင်းသားများ လိုက်ပါပို့ဆောင်နိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဂန့်ဂေါမြို့နယ်ကောင်စီဥက္ကဋ္ဌဟောင်း**
**ဟိဏ်းဟံသာဆောက်လုပ်ရေး**
**ကုမ္ပဏီလီမိတက်၊မန်နေဂျင်းဒါရိုက်တာ**
## ဦးဇော်မင်း (ဂန့်ဂေါ)
**အသက်(၇၀)**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့၊ စည်ပင်သာယာရပ်ကွက်နေ (ဦးစိုးလှ-ဒေါ်မြသိုက်)တို့၏သား၊ (ဦးမျှင်-ဒေါ်မေ)တို့၏သားသမက်၊(ဆရာမဒေါ်စောစော)၏ခင်ပွန်း၊ ကိုဇော်မျိုးထက်-မနန်းယုယုသန်း၊ (ကိုကျော်မျိုးသက်)၊ (ကိုရဲမင်းလတ်)-မတင်တင်နွယ်၊ မမီမီကို၊ ကိုဇော်ဇော်ကိုတို့၏ဖခင်၊ မောင်စိုင်းတေဇအောင်၊ မယုမီစုလတ်တို့၏အဘိုးသည် ၇-၂-၂၀၁၇ရက်(အင်္ဂါနေ့) ညနေ ၃း၃၇နာရီတွင် ဂန့်ဂေါမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၇ရက် (သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် ဂန့်ဂေါမြို့စည်ပင်သာယာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးထွန်းဝင်း (စစ်တွေ)
**အသက်(၄၁)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ အမှတ် ၁၅ (ငါးလွှာ-A)နေ (ဦးကျော်ဇော) - ဒေါ်အေးလှစိန်တို့၏သားကြီး၊ ဒေါ်ကျော့ကျော့-ဦးမောင်တင်ညွှန့်တို့၏မောင်၊ (ကိုထွန်းနိုင်)၊ မခင်ခင်သန်းတို့၏အစ်ကို၊ တူ၊ တူမ သုံးယောက်တို့၏ဦးလေးသည် ၈-၂-၂၀၁၇ရက် ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၇ရက်ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တပညာသိရီဘိဝံသ
**သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါ**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ရွှေကျင်နိကာယရတ္တညူ မဟာနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မင်္ဂလာဗိမာန်ကျောင်းဆရာတော် ဘဒ္ဒန္တပညာသိရီဘိဝံသသည် (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၁၂ရက်) ၈-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် တစ်ဘဝခန္ဓာလွန်တော်မူသည်ဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၇၈ခုနှစ် တပို့တွဲလပြည့်ကျော် ၁ရက်) ၁၂-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမဈာပန သာစုကီဠနသဘင် ဆင်ယင်ကျင်းပပြီး အေးရိပ်ငြိမ်သုသာန်၌ အဂ္ဂိဈာပနပူဇော်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ တပည့်ဒါယကာ၊ ဒါယိကာမများ

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဆရာတော် ဘဒ္ဒန္တထေရဝံသ(မဟာထေရ်) (ငါးသိုင်းချောင်း)
**(ရွှေဟင်္သာဝံသ)**
**သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၈)ဝါ**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရရပ်ကွက်၊ ကျောင်းတော်ရာရွှေကျင်တိုက်၊ ရွှေဘိုကျောင်း၌ သီတင်းသုံးတော်မူသော ဆရာတော် ဘဒ္ဒန္တထေရဝံသ မဟာထေရ်မြတ်သည် (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၁၁ရက်) ၇-၂-၂၀၁၇ရက် (အင်္ဂါနေ့) ည ၁၁း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏ဆန္ဒအတိုင်း (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၁၂ရက်) ၈-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)၌ ရေဝေးသုသာန်သို့ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနပူဇော်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ သံဃာတော်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။ ရွှေဟင်္သာဝံသသံဃာတော်များ ရန်ကုန်တိုင်းဒေသကြီး

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဆရာတော် ဘဒ္ဒန္တထေရဝံသ(မဟာထေရ်) (ငါးသိုင်းချောင်း)
**ဗဟန်းမြို့နယ်၊ ကျောင်းတော်ရာရွှေကျင်တိုက်၊ နာယက**
**သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၈)ဝါ**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရရပ်ကွက်၊ ကျောင်းတော်ရာရွှေကျင်တိုက်၊ ရွှေဘိုကျောင်း၌ သီတင်းသုံးတော်မူသော ဆရာတော် ဘဒ္ဒန္တထေရဝံသ မဟာထေရ်မြတ်သည် (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၁၁ရက်) ၇-၂-၂၀၁၇ရက် (အင်္ဂါနေ့) ည ၁၁း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏ဆန္ဒအတိုင်း (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၁၂ရက်) ၈-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)၌ ရေဝေးသုသာန်သို့ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနပူဇော်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ သံဃာတော်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။ နာယကဆရာတော်များ ကျောင်းတော်ရာ ရွှေကျင်တိုက်

## ဦးသန်းညွှန့်
**အသက်(၇၇)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူမြို့၊ (၁)ရပ်ကွက်နေ(ဦးဘသစ်-ဒေါ်ချစ်မေ)တို့၏သား၊ ဒေါ်ကြင်သန်း၏ခင်ပွန်း၊ ဦးဘို၊ ဒေါ်လဲ့လဲ့သန်း၊ ရဲအုပ်ကိုကိုသန်း-ဒေါ်ချိုချိုမာ၊ ဒုရဲမှူးညီညီသန်း-ဒုရဲမှူးမီမီလှိုင်တို့၏ဖခင်သည် ၇-၂-၂၀၁၇ရက် နံနက် ၇နာရီတွင်ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၂-၂၀၁၇ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## Rev. Dr. ပီတာမိုင်းနပ်စ်
**(ကူရှင်ကျောင်းသားဟောင်း)**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဟိုက်ပတ် ၁လမ်း၊ အမှတ် ၃၀Aနေ (Mr.A.S မိုင်းနပ်စ်-နော်အယ်လာမေဝိုင်)တို့၏သား၊ Rev. ဒေါ်ကက်သရင်း၏ချစ်လှစွာသောခင်ပွန်း၊ နော်ခင်ငွေး-ဦးမြင့်သိန်းဦး၊ မောင်သက်ဦးမောင်-မသဇင်သောင်း၊ (ကိုချစ်ဦးမောင်)၊ ကိုချစ်သက်ထွေး၊ ဦးတူးဗိုလ်-ဆရာမခင်မာဦးတို့၏ချစ်လှစွာသောဖခင်၊ ဦးဆိုင်မွန်မိုင်းနပ်စ်၊ ဒေါ်ငွေးငွေးလွင်၊ ဦးအဲလ်ဘတ်မိုင်းနပ်စ်(ခ)ဦးမြင့်ဦး(ဘုရင့်နောင်ဈေး)-ဒေါ်မြမြသိန်းတို့၏အစ်ကို၊ ဂျေဘယ်ဦး၊ အေဘယ်ဦး၊ မိုးဇော်ဦးနှင့် Peacefully မိုင်းနပ်စ်တို့၏ဘိုးဘိုး၊ ကိုမင်းဇော်ဦး၊ (မမွေးပပအောင်)၊ မအိအိလွင်၊ မောင်မျိုးမင်းဦးတို့၏ဦးလေးသည် ၆-၂-၂၀၁၇ရက် နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၀-၂-၂၀၁၇ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် အင်းစိန် မွန်နှစ်ခြင်းအသင်းတော်၊ ဟိုက်ပတ် ၁လမ်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။[အောက်မေ့ဖွယ်ဝတ်ပြုအစည်းအဝေးကို ၁၁-၂-၂၀၁၇ရက် (စနေနေ့)ညနေ၃နာရီတွင်အထက်ပါနေအိမ်၌ပြုလုပ်မည်ဖြစ်ကြောင်းအကြောင်းကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးနေဒွန်း အသက်(၄၅)နှစ်

ရန်ကုန်မြို့နေ (ဗိုလ်မှူးမောင်မောင်မြင့်)-ဒေါ်ဖြူဖြူရွှေတို့၏သား၊ ဦးအေးကိုလေး-ဒေါ်ချိုချိုအောင်တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ Block (၆၃)၊ အမှတ် ၁၉နေ ဒေါ်စိုးမိုးကို၏ခင်ပွန်း၊ မမေသုခသွန်း၏ဖခင်၊ ဦးညီညီဇော်-ဒေါ်နီနီမြင့်၊ Mr Jumpots. Srivaleesamhan-ဒေါ်ယဉ်ယဉ်မြင့်၊ ဦးဇော်ငွေး-ဒေါ်စန္ဒာမြင့်၊ ဦးဇော်ဖြိုးတင်ထွန်း-ဒေါ်ဥမ္မာမြင့်တို့၏မောင်၊ ဦးသက်စံဝင်း-ဒေါ်ဖြူပြာမြင့်တို့၏အစ်ကို၊ တူ/တူမ ရှစ်ယောက်တို့၏ဦးလေး၊ မြေးသုံးယောက်တို့၏ဘိုးလေးသည် ၇-၂-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၁၇ရက်(တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးနေဒွန်း အသက်(၄၅)နှစ်

ရန်ကုန်မြို့နေ (ဗိုလ်မှူးမောင်မောင်မြင့်)-ဒေါ်ဖြူဖြူရွှေတို့၏သား၊ ဦးအေးကိုလေး-ဒေါ်ချိုချိုအောင်တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ Block (၆၃)၊ အမှတ် ၁၉နေ ဒေါ်စိုးမိုးကို၏ခင်ပွန်း၊ မမေသုခသွန်း၏ဖခင်၊ ဦးနေလင်း-ဒေါ်ဝင်းမင်းကိုတို့၏မတ်၊ ဒေါ်ထက်မြတ်ကို၏ခဲအိုသည် ၇-၂-၂၀၁၇ရက်(အင်္ဂါနေ့)ညနေ ၅း၃၀နာရီတွင် ပန်းလှိုင်ဆေးရုံတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၂-၂၀၁၇ရက်(တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး အစီရင်ခံစာနှင့်စပ်လျဉ်း၍ များစွာစိုးရိမ်မကင်းဖြစ်မိ နိုင်ငံတော်အစိုးရသည် စုံစမ်းစစ်ဆေးရေးကော်မရှင်မှတစ်ဆင့် စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၈

**ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (Office of the High Commissioner for Human Rights -OHCHR) မှ ကိုယ်စားလှယ်အဖွဲ့အား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဇန်နဝါရီ ၈ ရက်မှ ၂၃ ရက်အထိ စေလွှတ်ခဲ့သည့် အစီရင်ခံစာအပေါ် အခြေခံ၍ OHCHR ဘက်မှ Interviews with Rohingyas Fleeing from Myanmar Since 9 October 2016 ခေါင်းစဉ်ဖြင့် ထုတ်ပြန်ခဲ့သည့်အစီရင်ခံစာနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**သတင်းထုတ်ပြန်ချက်**

၁။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (Office of the High Commissioner for Human Rights) သည် *"Interviews with Rohingyas Fleeing from Myanmar Since 9 October 2016"* ခေါင်းစဉ်ပါ အစီရင်ခံစာတစ်စောင်ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ အစီရင်ခံစာတွင်ပါရှိသည့် စွပ်စွဲချက်များသည် လွန်စွာစိုးရိမ်ဖွယ်ရာ သဘောသဘာဝရှိသည်ဟု မြန်မာနိုင်ငံအစိုးရက ထင်မြင်ယူဆပြီး၊ ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ များစွာစိုးရိမ်မကင်းဖြစ်မိသည်။ သို့ပါ၍ နိုင်ငံတော်အစိုးရသည် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်မှတစ်ဆင့် ယင်းစွပ်စွဲချက်များကို စုံစမ်းစစ်ဆေးလျက်ရှိပါသည်။ ယင်းသို့ ကျူးလွန်ခဲ့သည့် အထောက်အထားအခိုင်အမာရှိပါက အစိုးရအနေဖြင့် လိုအပ်သော အရေးယူမှုများ ပြုလုပ်သွားမည်ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး မစ္စတာဇိုင်ယာ့ဒ်အယ်လ်ဟူစိန်နှင့် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် တယ်လီဖုန်းပြောကြားစဉ် ရှင်းလင်းစွာပြောကြားခဲ့ပြီးဖြစ်ပါသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✻

# မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်အစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၈

**မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်အစည်းအဝေး(၄/၂၀၁၇)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။**

အစည်းအဝေးတွင် ဒုတိယသမ္မတက ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR)အဖွဲ့က ရခိုင်ပြည်နယ်မြောက်ပိုင်း၌ လူ့အခွင့်အရေး အခြေအနေများနှင့် စပ်လျဉ်း၍ အစီရင်ခံစာတစ်ရပ်ကို ၃-၂-၂၀၁၇ရက်၌ ထုတ်ပြန်ခဲ့ပါကြောင်း၊ ယင်းအစီရင်ခံစာပါအချက်အလက်များနှင့် စွပ်စွဲချက်များအနက် မိမိတို့အလေးထား စုံစမ်းစစ်ဆေးသွားရမည့် အချက်များပါရှိနိုင်ရာ မိမိတို့ ညှိနှိုင်းဆွေးနွေးရန်လိုပါကြောင်း စသည်ဖြင့် မှာကြားရှင်းလင်းသည်။

ထို့နောက် ကျင်းပပြီးစီးခဲ့သည့် ကော်မရှင်၏ (၃/၂၀၁၇)အစည်းအဝေးမှတ်တမ်းကို အတည်ပြုပြီး စုံစမ်းစစ်ဆေးရေးကော်မရှင် အတွင်းရေးမှူး ဦးဇော်မြင့်ဖေက မိမိတို့ရေးသားလျက်ရှိသည့် ကော်မရှင်အစီရင်ခံစာ၌ အချို့စွပ်စွဲချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြီးသားရှိနေပြီဖြစ်ကြောင်း၊ ဆက်လက်စုံစမ်းသင့်သည်များလည်း ရှိပါကြောင်း၊ ကော်မရှင်၏အစီရင်ခံစာ၌ အချက်အလက်ပြည့်စုံစွာပါရှိရန် စီစဉ်ထားပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ရဲချုပ်ဇော်ဝင်းက ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR)အဖွဲ့၏ အစီရင်ခံစာပါ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ကော်မရှင်အဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင်များ၏ အကြံပြုတင်ပြချက်များအပေါ် ကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

**(သတင်းစဉ်)**



မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အစည်းအဝေး(၄/၂၀၁၇) ကျင်းပစဉ် (သတင်းစဉ်)



# ညောင်ချောင်းသာအပန်းဖြေကမ်းခြေ ဖွင့်

**သတင်း-ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ-ထွန်းကျော်(ညောင်တုန်း)**

**ညောင်တုန်း ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့အနီးရှိ ညောင်ချောင်းသာကမ်းခြေဖွင့်ပွဲကို ယနေ့ ညနေ ၄ နာရီက အဆိုပါကမ်းခြေတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အတွင်းရေးမှူး ဦးသန်းဆွေဝင်းက အမှာစကားပြောကြားပြီး ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်မျိုးဝင်းက ကမ်းခြေနှင့်ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းတင်ပြခဲ့သည်။

*စာမျက်နှာ ၅ ကော်လံ ၅* ✻

**၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ**

စာမျက်နှာ(၂၁၊ ၂၂)တွင် ဖော်ပြပါရှိသည်

